The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။ ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၈၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၆ ရက်၊ တနင်္လာနေ့။ Monday 4 June 2018 ၉၃၀၇

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း စင်ကာပူတွင် ကျင်းပသည့် (၁၇)ကြိမ်မြောက် အာရှလုံခြုံရေးဆိုင်ရာ ထိပ်သီးအစည်းအဝေး တက်ရောက်

## နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စကို ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်ရန် အလွန်အရေးကြီးကြောင်း ပြောကြား




ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း စင်ကာပူတွင် ကျင်းပသည့် (၁၇)ကြိမ်မြောက် အာရှလုံခြုံရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။

**နေပြည်တော် ဇွန် ၃**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းသည် စင်ကာပူနိုင်ငံတွင် ဇွန် ၁ ရက်မှ ၃ ရက်အထိကျင်းပသည့် (၁၇) ကြိမ်မြောက် အာရှလုံခြုံရေးဆိုင်ရာ ထိပ်သီးအစည်းအဝေး/ The IISS Shangri-La Dialogue သို့ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးကာလအတွင်း "မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပြဿနာ" ခေါင်းစဉ်ဖြင့် ကျင်းပသောအထူးကဏ္ဍ ဆွေးနွေးပွဲတစ်ရပ်တွင် ရခိုင်ပြည်နယ်၌ လတ်တလောဖြစ်ပွားနေသည့် ပဋိပက္ခ၏ အဓိကအကြောင်းအရင်းမှာ အကြမ်းဖက်မှုဝါဒဖြစ်ကြောင်း၊ ARSA ဟု ခေါ်သော အကြမ်းဖက်အဖွဲ့က ကျေးရွာများရှိ အုပ်ချုပ်ရေးမှူးများ၊ အပြစ်မဲ့ပြည်သူများအား စနစ်တကျစီမံ၍ ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် လုပ်ရပ်များကြောင့် အစ္စလာမ်ဘာသာဝင်များနှင့် တိုင်းရင်းသား လူနည်းစုများက နေရပ်စွန့်ခွာသွားခဲ့ကြရကြောင်း၊ ထို့ပြင် ယင်းအကြမ်းဖက်အဖွဲ့က မမှန်မကန် ဝါဒဖြန့်မှုများကြောင့် အခြေအနေမှာ

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✱

# အွန်လိုင်းဈေးကွက်ကြောင့် မြန်မာမှုအသုံးအဆောင်ပစ္စည်းများ ပြည်တွင်း၌ စိတ်ဝင်စားမှု မြင့်တက်

**မန္တလေး ဇွန် ၃**

နိုင်ငံတကာခရီးသွားများကိုသာ အားထားရောင်းချနေရသည့် ရှေးခေတ်မြန်မာမှုအသုံးအဆောင်ပစ္စည်းများမှာ အွန်လိုင်းဈေးကွက်ပေါ်ပေါက်လာမှုကြောင့် ပြည်တွင်းစိတ်ဝင်စားမှုမြင့်တက်ကာ ဝယ်ယူမှုများပြားလာကြောင်း မန္တလေးမြို့မှ မြန်မာမှုအသုံးအဆောင်ပစ္စည်းများ အွန်လိုင်းဈေးကွက်သို့ ရောင်းချသူ ကိုထွန်းမင်းက ပြောသည်။

"ဒီအွန်လိုင်းဈေးကွက်က ပြီးခဲ့တဲ့ နှစ်လောက်ကစပြီး ပေါ်လာတာပါ၊ အရင်ကတော့ မြန်မာမှုပစ္စည်းတွေကို တန်ခိုးကြီးဘုရားတွေမှာပဲ အများဆုံးဆိုင်ဖွင့်ရောင်းချနေကြပေမယ့် နိုင်ငံခြားသားတွေပဲ အဝယ်များတယ်၊ ပြည်တွင်းအနေနဲ့က ဈေးနှုန်းကို မမေးရဲကြလို့ ရောင်းချမှု အားနည်းနေတယ်၊ အခု အွန်လိုင်းဈေးကွက်မှာ ပစ္စည်းနဲ့ဈေးနှုန်းကို တွဲပြီးတင်ပေးထားတဲ့အတွက် ပြည်တွင်းက ပြည်ပထက်တောင် စိတ်ဝင်စားမှု ပိုများပြီး အဝယ်များလာတယ်၊ ဒါက မြန်မာမှုပစ္စည်းအရောင်းဆိုင်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✿



ပန်းပုပညာရှင်တစ်ဦး မြန်မာမှုအသုံးအဆောင်ပစ္စည်းများ ထုဆစ်နေစဉ်။

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# အောင်မြင်မှုကို မလျှော့သော ဇွဲလုံ့လဖြင့် လှမ်းဆွတ်ယူ

၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို တစ်နိုင်ငံလုံးတွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ တစ်နိုင်ငံလုံးတွင် စာမေးပွဲဖြေဆိုသူ ၇၈၉၈၄၅ ဦးရှိသည့်အနက် ၂၅၉၁၉၁ ဦးအောင်မြင်ပြီး ၅၃၀၆၅၄ ဦးကျရှုံးသဖြင့် စာမေးပွဲဖြေဆိုသူ သုံးပုံ တစ်ပုံ အောင်မြင်ကာ သုံးပုံနှစ်ပုံ ကျရှုံးသည့်သဘောရှိပေသည်။ အောင်မြင်သူများအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ကြရသလို ကျရှုံးသူများအနေဖြင့်လည်း စိတ်မပျက်အားမလျှော့ဘဲ မလျှော့သောဇွဲလုံ့လဖြင့် အောင်မြင်မှုကို ရအောင်ယူဖို့ သာလိုအပ်သည်။

ယခုပညာသင်နှစ်တွင် စာမေးပွဲအောင်မြင်သူ ရာခိုင်နှုန်း ၃၃ ရာခိုင်နှုန်းနီးပါးရှိပြီး ၂၀၁၇ ခုနှစ်တွင် ၃၄ ရာခိုင်နှုန်းနီးပါး၊ ၂၀၁၆ ခုနှစ်တွင် ၃၀ ရာခိုင်နှုန်းနီးပါး၊ ၂၀၁၅ ခုနှစ်တွင် ၃၇ ရာခိုင်နှုန်းကျော်၊ ၂၀၁၄ ခုနှစ်တွင် ၃၁ ရာခိုင်နှုန်းကျော်၊ ၂၀၁၃ ခုနှစ်တွင် ၃၅ ရာခိုင်နှုန်းခန့်၊ ၂၀၁၂ ခုနှစ်တွင် ၃၄ ရာခိုင်နှုန်းကျော်ရှိခဲ့သည်။ ယခု အောင်မြင်မှုများသည် ကြိုးစားအားထုတ်သလောက် သင့်လျော်သည့်အနေအထားရှိသည်။ အမှန်တကယ်တွင် တက္ကသိုလ်ဝင်တန်း(ယခင်က ဒသမတန်း)စာမေးပွဲကို အောင်မြင်ရန် အလွန်ခက်ခဲသည်။ အခြေခံပညာအဆင့် ပြီးဆုံးခြင်း၊ လူငယ်လူရွယ်များ၏ ဘဝတစ်ဆစ်ချိုးပြောင်းလဲခြင်းအတွက် မှတ်ကျောက်တင်သည့် စစ်ဆေးမှုဖြစ်သည်။ လွန်ခဲ့သည့် ဆယ်စုနှစ်များစွာက ဒသမတန်းအဆင့် အောင်မြင်ရန်မှာ အလွန်ခက်ခဲလှပြီး လူတစ်ရာတွင် တစ်ယောက် ဆိုရလောက်အောင် အောင်ချက်ရာခိုင်နှုန်း ခုဂဏန်းမျှသာရှိသည်။ ၁၉၇၀ ပြည့်လွန်ကာလတွင် အောင်ချက်ရာခိုင်နှုန်း တစ်ဆယ်ကျော်လာခဲ့ပြီး ယခု ၃၀ ရာခိုင်နှုန်းကျော် ဖြစ်လာခဲ့သည်။

မည်သို့ပင်ဖြစ်စေ ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲသည် သင့်တင့်ကောင်းမွန်သည်ဟု ဆိုရမည်ဖြစ်သော်လည်း ယခင်နှစ်အောင်မြင်မှုများထက် လျော့ကျသည်ကို တွေ့ရသည်။ အောင်မြင်မှုရာခိုင်နှုန်း၊ ဘာသာစုံဂုဏ်ထူးရရှိမှုနှင့် အင်္ဂလိပ်ဘာသာရပ်ထူးချွန်မှုတို့တွင် လျော့နည်းခဲ့သည်။ ယခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အောင်မြင်မှုကို ကြည့်မည်ဆိုလျှင် မန္တလေးတိုင်းဒေသကြီးသည် အောင်ချက်ရာခိုင်နှုန်း အများဆုံးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးက ဒုတိယ၊ မွန်ပြည်နယ်က တတိယရသည်ကို တွေ့ရသည်။

ကျောင်းသား ကျောင်းသူအများစုအနေဖြင့် အစဉ်အဆက်အားနည်းခဲ့သော မြန်မာဘာသာနှင့် သမိုင်းဘာသာရပ်တို့တွင် တိုးတက်ထူးချွန်လာသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။ မိခင်ဘာသာကို အလေးထားလာခြင်းနှင့် တွေးခေါ်မြော်မြင်ဆင်ခြင်နိုင်မှုတို့ဘက်တွင် စိတ်ဝင်စားလာသည်ဟု ဆိုရမည်။

ယခုနှစ်အတွက် ထူးခြားချက်မှာ ခက်ခဲကြမ်းတမ်းသောဘဝကို အရှုံးမပေးဘဲ အောင်မြင်မှုကို ဆွတ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းမှာ အကျဉ်းကျခံနေရသည့် လူငယ်များတွင် အင်းစိန်အကျဉ်းထောင်မှ ၃၄ ဦးစာမေးပွဲဖြေဆိုခဲ့ရာ ၁၉ ဦး အောင်မြင်ခဲ့သည်။ မန္တလေးအကျဉ်းထောင်မှ ၅၅ ဦးဖြေဆိုခဲ့ရာ အောင်မြင်သူ ၂၇ ဦးရှိသည်။ ထိုအထဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သူ ကျောင်းသား ကျောင်းသူများလည်း ပါဝင်ခဲ့ရာ အမှောင်ခွင်း၍ အလင်းဆောင်နိုင်သူများဟု ဆိုရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဘဝတစ်ဆစ်ချိုး တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်သူများအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရသလို ကျရှုံးသူများအနေဖြင့်လည်း စိတ်ပျက်အားငယ်ခြင်းမရှိဘဲ အောင်မြင်မှုကို ဆက်လက်ဆွတ်ခူးရယူကြရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းရေးဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၃**

ရန်ကုန် မြောက်ပိုင်းခရိုင်အတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အား ကောင်းမွန်စွာ သုံးစွဲနိုင်ရေး၊ ဗို့အားစနစ်တည်ငြိမ်မှု ရှိစေရေး၊ ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရေးနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက အင်းစိန်မြို့နယ်အတွင်းရှိ မြောက်ပိုင်းခရိုင်ရုံးခွဲရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် တာဝန်ရှိသူများက မြောက်ပိုင်းခရိုင်အတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းရေးအတွက် ဆောင်ရွက်ထားရှိမှု၊ ဓာတ်အား ဖြန့်ဖြူးပေးထားမှု၊ ဓာတ်အားလိုင်းများ လိုင်းအပြစ်ဖြစ်ပွားမှု လျော့နည်းရေးနှင့် ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိရေးအတွက် ဆောင်ရွက်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာဖြင့် ဗို့အားပြည့်ဝစွာ အသုံးပြုနိုင်ရေး၊ တိုးတက်သုံးစွဲလာမည့် ဓာတ်အားလိုအပ်ချက် အခြေအနေများကို မျှော်မှန်း၍ ကြိုတင်စီမံဆောင်ရွက်ထားရေး၊ နိုင်ငံတော်အတွက် ဝင်ငွေတိုးတက်ရရှိရေးနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းရေးအတွက် ကြိုတင် ပြင်ဆင်ဆောင်ရွက်ထားရန် မှာကြား၍ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ၃၃ ကေဗွီမြောင်းတကာ ကြက်ဖြူကန်လိုင်းနှင့် ၃၃ ကေဗွီမြောင်းတကာ မှော်ဘီလိုင်းများ၏ ဓာတ်အား ဖြန့်ဖြူးပေးထားမှုအခြေအနေ၊ မြောင်းတကာပင်မဓာတ်အားခွဲရုံ ထိန်းချုပ်ခန်းအတွင်း ဓာတ်အားဖြန့်ဖြူးပေးထားမှု အခြေအနေနှင့် Switchyard အတွင်း ၁၅၅ အမ်ဗွီအေ ထရန်စဖော်မာ အသစ်တပ်ဆင်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လှိုင်သာယာမြို့နယ် ရွှေသံလွင်စက်မှုဇုန်ရှိ Asia General Electric Co.,Ltd. ၏ Medium Voltage and Low Voltage Switchgear Panel Factory တွင် ပြုလုပ်သည့် ABB Licensed Products Launching Ceremony သို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုအချိန်တွင် ABB (Switzerland) မှ Licensed Agreement အား ထိုက်ထိုက်တန်တန် ရရှိခဲ့ပြီးဖြစ်သည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ABB ၏ နည်းပညာလမ်းညွှန်မှုဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းမီ Medium Voltage and Low Voltage Switchgear Panel Product များကို ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်တော့မည်ဖြစ်သည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ မိမိတို့ဝန်ကြီးဌာန Training Center သို့ Asia General Electric Co.,Ltd. နှင့် ABB ပူးပေါင်း၍ ABB License ဖြင့် ထုတ်လုပ်ထားသော Medium Voltage Switchgear type Unit Safe အား ပေးအပ်လှူဒါန်းခြင်းအတွက်လည်း ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ထို့နောက် Asia General Electric Co.,Ltd. မှ တာဝန်ရှိသူများက Medium Voltage Switchgear type Uni Safe အား ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် မိုးရာသီရေလျှံမှုမရှိစေရေး ကွင်းဆင်းကြည့်ရှု



**ရေတာရှည် ဇွန် ၃**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများသည် ဇွန် ၂ ရက် ညနေပိုင်းက ရေတာရှည်မြို့ ပိတောက်ခင်ကျေးရွာအုပ်စုနှင့် ညောင်ပင်သာကျေးရွာအုပ်စုအတွင်းရှိ လယ်မြေများ မိုးရာသီကာလ ရေနစ်မြုပ်မှုမရှိစေရန် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ညောင်ပင်ကိုင်းကျေးရွာ မြောက်ဘက် ရန်ကုန်-မန္တလေးကားလမ်းဟောင်း အနောက်ဘက်ရှိ တံတားတည်ဆောက်ရေး လုပ်ငန်းခွင်နှင့် ဆန်စက်တည်ဆောက်ရန် ရေထွက်မြောင်းများ ပိတ်ဆို့ထားမှုအား အမြန်ဆုံး ရှင်းလင်းဖယ်ရှားရန် ပြောကြားခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က “ရေထွက်မြောင်းတွေ ပိတ်ဆို့ထားလို့ ရေနစ်မြုပ်မှုတွေ ဖြစ်နေရတာပါ။ အခုလို ရေတွေလျှံနေရင် တောင်သူတွေ စပါးစိုက်ဖို့ နှောင့်နှေးကုန်မယ်၊ စိုက်ပြီးရင်လည်း အကုန်မြုပ် ကုန်မှာ၊ ပိတ်ထားတာတွေကို အမြန်ဆုံး ဖယ်ရှား ဖို့လိုတယ်”ဟု တာဝန်ရှိသူများကို မှာကြားသည်။

နှစ်စဉ်ရေလျှံလေ့ရှိသော ညောင်ပင်ကိုင်းကျေးရွာ၊ ညောင်ပင်သာကျေးရွာတို့အပြင် အခြားသော လယ်မြေများ ရေဝင်နစ်မြုပ်မှုမရှိစေရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆည်မြောင်းဦးစီးဌာနတို့အနေဖြင့် ရန်ကုန်-မန္တလေးကားလမ်းနှင့် ရထားလမ်းတို့တွင် ရေထွက်ပေါက်များပြုလုပ်၍ ညောင်ပင်သာမြောင်းမှတစ်ဆင့် လိပ်ကျယ်ချောင်းဘက်သို့ ထုတ်နိုင်ရန် ဆောင်ရွက်နိုင်မည်ဆိုပါက များစွာ အဆင်ပြေသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

## မဏ္ဍိုင်ကြီးသုံးရပ် ပူးပေါင်းဆောင်ရွက်

ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားတဲ့ အခွင့်အာဏာကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးနေကြတဲ့ မဏ္ဍိုင်ကြီး သုံးရပ်အကြားမှာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန် နားလည်မှု၊ အပြန်အလှန် ယုံကြည်မှုတွေနဲ့ ပြည်သူတွေအကျိုးအတွက် ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်း ပြောကြားလိုပါတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့ နားတွေ၊ မျက်စိတွေဖြစ်တဲ့ သတင်းမီဒီယာတွေရဲ့ အခန်းကဏ္ဍကို အလေးအနက်ထားကြဖို့၊ ကျွန်တော်တို့ အလုပ်အကျွေးပြုရမယ့် နိုင်ငံသူ နိုင်ငံသားတွေရဲ့ ပြည်သူ့မဏ္ဍိုင်ကို အလေးအမြတ်ပြုကြဖို့ တစ်ဆက်တည်းမှာပဲ တိုက်တွန်းပြောကြားလိုပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

ကျွန်မတို့နိုင်ငံအတွက် အလိုအပ်ဆုံးဖြစ်တဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး တည်ဆောက်ရာမှာ **စုပေါင်းအင်အား**ဟာ အဓိကပါ။ တိုင်းရင်းသားများအကြား နှစ်ရှည်လများစွာ ဖြစ်ပွားလာခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခများ ငြိမ်းအေးစေဖို့ အပြန်အလှန် နားလည်မှု၊ အပြန်အလှန်လေးစားမှုက အခြေခံအုတ်မြစ်ပါ။ ဒီအုတ်မြစ်ကို **စုပေါင်းအင်အား**နဲ့ ခိုင်မာအောင် ဆောက်တည်နိုင်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

**✱ ရှေ့ဖုံးမှ**

အလွန်ဆိုးရွားသွားခဲ့ရကြောင်း၊ ရခိုင်ပြည်နယ်ရှိ အစ္စလာမ်အသိုက်အဝန်းသာမက ဗုဒ္ဓဘာသာဝင် ရခိုင်လူမျိုးများနှင့် အခြားတိုင်းရင်းသားလူမျိုးစုငယ်များ၊ ဟိန္ဒူဘာသာဝင်များလည်း ထိခိုက်ခံစားခဲ့ကြရကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ရခိုင်ပြည်နယ် အရေးကိစ္စကို ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်ရန် အလွန်အရေးကြီးကြောင်း၊ အမည်ဖျက်ခြင်း၊ အရှက်ရစေရန် ရည်ညွှန်းပြောဆိုခြင်းများသည် လက်ရှိတင်းမာမှုများကို ပိုမိုဆိုးရွားစေသည့်အပြင် ရခိုင်ပြည်နယ် အရေးကိစ္စနှင့်ပတ်သက်၍ ငြိမ်းချမ်းစွာနှင့် ရေရှည်တည်တံ့နိုင်မည့် အဖြေရှာနေမှုများအပေါ် ဆိုးကျိုးသက်ရောက်စေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် အကြမ်းဖက်သမားများက ၎င်းတို့၏ ရည်ရွယ်ချက် အောင်မြင်စေရေးအတွက် မဟုတ်မမှန် ဝါဒဖြန့်နေခြင်း၊ ဒုက္ခသည်များအား ခုတုံးလုပ်အသုံးချနေခြင်းက အခြေအနေကို သာ၍ဆိုးရွားစေလျက်ရှိကြောင်း ပြောကြားခဲ့သည်ဟု သတင်းရရှိသည်။

**သတင်းစဉ်**

**❁ မြန်မာမှုမှ**

အသေးလေးတွေကို ပြောတာပါ၊ ဆိုင်ကြီးတွေကတော့ သူ့ဖောက်သည်နဲ့သူ ရှိနေကြတယ်” ဟု ၎င်းကပြောသည်။

လက်ရှိတွင် ပြည်တွင်းစိတ်ဝင်စားမှု မြင့်တက်နေသည့် အွန်လိုင်းဈေးကွက်ကြောင့် ရှေးခေတ်အသုံးအဆောင်ပစ္စည်းများအား မြန်မာမှုပုံစံအဖြစ် ပိုမိုဆန်းသစ်တီထွင်ထုတ်လုပ်ကာ ဈေးကွက်ချဲ့ထွင်ရောင်းချလာကြောင်း သိရသည်။

“ပြည်တွင်းစိတ်ဝင်စားမှု မြင့်တက်လာတဲ့အတွက် တီထွင်ဆန်းသစ်မှုတွေနဲ့ မြန်မာမှုပစ္စည်းတွေကို ပိုပြီးထုတ်လုပ်လာကြတယ်၊ လောလောဆယ်မှာ အင်းဝက နီးနဲ့လုပ်ထားတဲ့ ယွန်းအုပ်၊ အိုး၊ ခွက် စတဲ့ ကုန်ကြမ်းပစ္စည်းတွေကို သစ်စေးသရိုးကိုင်ပြီး ရှေးခေတ်မြန်မာမှုပုံစံဖြစ်အောင် ဆန်းသစ်တီထွင်ပြီး အွန်လိုင်းပေါ်မှာ ရောင်းချမှုက တော်တော်လေး စိတ်ဝင်တစားနဲ့ ဝယ်ယူလာတာကို တွေ့ရတယ်”ဟု ကိုထွန်းမင်းက ဆက်လက်ပြောပြသည်။

ပြည်တွင်းရှိ တန်ခိုးကြီးဘုရားများတွင် ဖွင့်လှစ်ရောင်းချနေသည့် မြန်မာမှုပစ္စည်းအရောင်းဆိုင်များမှာ ခရီးသွားရာသီနှင့် ဘုရားဖူးရာသီကိုသာ အဓိကအားထားနေရသော်လည်း အွန်လိုင်းဈေးကွက်မှာ ရာသီမရွေး အရောင်းအဝယ်ဖြစ်နေကြောင်းနှင့် လက်ရှိ အွန်လိုင်းဈေးကွက်တွင် မြန်မာမှု အသုံးအဆောင်ပစ္စည်းများအား ကျပ် ၃၅၀၀ မှ ကျပ်သိန်း ၂၀ ဝန်းကျင်ဈေးနှုန်းအထိ အော်ဒါမှာယူမှုနှင့် ဝယ်ယူမှုများရှိနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## တနိုင်းမြို့ရှိ တိုက်ပွဲရှောင်ပြည်သူများအား ဆန်နှင့် ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးအပ်



**မြစ်ကြီးနား ဇွန် ၃**

ကချင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော နယ်မြေအခြေအနေများအရ တနိုင်းမြို့နယ်အတွင်းရှိ အောင်လော့ဒ်ဒေသမှ တိုက်ပွဲရှောင်ပြည်သူများသည် တနိုင်းမြို့ ကက်သလစ်ဘုရားကျောင်းများနှင့် နှစ်ခြင်းခရစ်ယာန်(KBC) ဘုရားကျောင်းတို့၌ ခေတ္တတိမ်းရှောင်နေထိုင်လျက်ရှိရာ ဇွန် ၂ ရက်တွင် ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ မိသားစုများနေထိုင်စားသောက်မှု အဆင်ပြေစေရေး ဆန်နှင့် ဆေးဝါးပစ္စည်းများကို သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ယင်းသို့ ဆန်နှင့် ဆေးဝါးများကို ထောက်ပံ့ပေးအပ်ရာတွင် ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဂျေကော့ဘူ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ၏ ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ရှေးဦးစွာ တနိုင်းမြို့ ကင်ဆားရာရပ်ကွက်ရှိ ကက်သလစ်ဘုရားကျောင်းဝင်းအတွင်းရှိ မိသားစုများနှင့် တွေ့ဆုံပြီး ဝန်ကြီးချုပ်၏ ဇနီးနှင့် ပြည်နယ်ဝန်ကြီးတို့က နှစ်သိမ့်အားပေးကြကာ မိသားစုဝင်များအတွက် ပြည်နယ်ဝန်ကြီးချုပ်မိသားစုက ကလေးဝတ်အနွေးထည်များ၊ ပြည်နယ်အစိုးရအဖွဲ့က ဆန်အိတ် ၁၁၂ အိတ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနက ဆန် ၁၂၇ အိတ် ၁၂ ပြည်နှင့် ဆီနှင့်ပဲ ၁၈၄ ပိဿာစီ၊ ဆား ၉၂ ပိဿာ၊ ပြည်နယ်ပညာရေးမှ မိသားစုဝင်များ၏ ကျောင်းသားကလေးငယ်များအတွက် ဗလာစာအုပ် ဒါဇင် ၆၀ နှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆေးဝါးပစ္စည်းများကို ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြပြီး မိသားစုဝင်များအား မုန့်များဝေငှကျွေးမွေးခဲ့ကြသည်။

ယင်းနောက် တိုက်ပွဲရှောင်ပြည်သူများ နေထိုင်လျက်ရှိသည့် ယာယီအဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ထမင်း၊ ဟင်းချက်ဆောင်အတွင်း ကျန်းမာရေးနှင့် ညီညွတ်စွာ ချက်ပြုတ်စားသောက်ရေး စစ်ဆေးဆောင်ရွက်သွားရန် ပြည်နယ်ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးကာ ဆောင်ရွက်ပေးခဲ့ကြသည်။

ဆက်လက်၍ တနိုင်းမြို့နှစ်ခြင်းခရစ်ယာန်(KBC) ကျောင်းဝင်းအတွင်းရှိ မိသားစုဝင်များအတွက် ပြည်နယ်အစိုးရအဖွဲ့က ဆန်အိတ် ၁၂၇ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့ကြပြီး စခန်းတာဝန်ခံနှင့် တွေ့ဆုံကာ မိသားစုဝင်များ ယာယီနေထိုင်မှု အဆင်ပြေစေရေး ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ တိုက်ပွဲရှောင်ပြည်သူများသည် မေ ၂၀ ရက်အထိ စာရင်းအရ တနိုင်းမြို့ပေါ်ရှိ ကက်သလစ်အသင်းတော်ဘုရားကျောင်းဝင်းအတွင်း၌ အိမ်ထောင်စု ၁၁၂ စု၊ လူဦးရေ ၅၀၀ နှင့် နှစ်ခြင်းခရစ်ယာန်ကျောင်းဝင်းအတွင်း၌ အိမ်ထောင်စု ၁၂၇ စု၊ လူဦးရေ ၄၅၀တို့ ယာယီနေထိုင်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ပုသိမ်-မုံရွာလမ်း ရေကျော်သဖြင့် သွားလာရေးအဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေး

**မြိုင် ဇွန် ၃**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်တွင် ဇွန် ၂ ရက် ည ၉ နာရီခန့်ကစ၍ မိုးများသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ပခုက္ကူ-မုံရွာသွားကားလမ်းပိုင်းရှိ မြိုင်မြို့နယ် လင်းကတောကျေးရွာအနီး ရေကျော်၍ ပြည်သူများနှင့် ယာဉ်များ သွားလာရေး အခက်အခဲဖြစ်ခဲ့သည်။

ထို့ကြောင့် မြိုင်မြို့နယ် မီးသတ်စခန်းမှ သန္နေတပ်ဖွဲ့ဝင် ၁၀ ဦး၊ လင်းကတောနယ်မြေမီးသတ်စခန်းမှ သန္နေတပ်ဖွဲ့ဝင် လေးဦး၊ အရန်တပ်ဖွဲ့ဝင် ခြောက်ဦးနှင့် လင်းကတောနယ်မြေရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူတို့သည် ဇွန် ၃ ရက် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁ နာရီခွဲထိ ခရီးသွားပြည်သူများအား ကြိုးတန်း၍ လက်တွဲခေါ်ဆောင်ပို့ပေးခြင်း၊ လက်ဆင့်ကမ်း၍ ပစ္စည်းများသယ်ယူပေးခြင်းဖြင့် ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

အလားတူ မြိုင်မြို့နယ်အတွင်းရှိ ပုသိမ်-မုံရွာသွားကားလမ်းပိုင်း ကြည့်ကန်ကျေးရွာနှင့် လင်းကတောကျေးရွာကြား မိုင်တိုင်အမှတ် ၄၁၂/၄ နှင့် ၄၁၂/၅ ကြားရှိ လမ်းပေါ်သို့ ရေကျော်မှုဖြစ်၍ ရေပြွန်အမှတ်-၄၁၇/၁ Box culvert အခြေမှ ရေတိုက်စားမှုကြောင့် လမ်းမှာ ပေ ၂၀ ခန့် ကျိုးပေါက်ပျက်စီးသွားရာ ယာဉ်ကြီးယာဉ်ငယ်များ၊ ဆိုင်ကယ်များနှင့် ခရီးသွားပြည်သူများ သွားလာရေး အခက်အခဲကြုံတွေ့ခဲ့ကြောင်း သိရသည်။

ယာဉ်များနှင့် ပြည်သူများ သွားလာနိုင်ရေးအတွက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အုံ့မောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ ခရိုင်/မြို့နယ် လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်မြင့်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ လမ်းဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာနှင့် မြတ်နိုးသူကုမ္ပဏီမှ တာဝန်ရှိသူများက ညှိနှိုင်းပေါင်းစပ်၍ ရေကျချိန်မြန်ဆန်ရေး ဆောင်ရွက်ခြင်း၊ ရေကျပြီးပါက လမ်းအမြန်ပြုပြင်ရန် စီမံဆောင်ရွက်ခြင်း၊ လမ်းပျက်စီးချိန်တွင် မြိုင်-မုံရွာသွားယာဉ်များကို မြိုင်-ပုသိမ်-မုံရွာ လမ်းပေါ်ရှိ ကြည့်ကန်ကျေးရွာမှ ထွန်းမြတ်ရတနာလမ်းအတိုင်း လက်ယက်မ-ထုံးမ-ဖျာသီးကျေးရွာလမ်းမသို့ မောင်းနှင်ရန်နှင့် ယာဉ်ကြီးများအတွက် လင်းကတော-ရေစကြို-ပခုက္ကူလမ်းမှ တစ်ဆင့် ပုသိမ်-မုံရွာလမ်းသို့ မောင်းနှင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ထို့နောက် မွန်းလွဲ ၂ နာရီခွဲမှစ၍ ညနေ ၃ နာရီခွဲအထိ မြတ်နိုးသူကုမ္ပဏီမှ ကျောက်တင် ယာဉ်ကြီး လေးစီး၊ ဘက်ဟိုးယာဉ်တစ်စီးဖြင့် ကျောက်ကြီး၊ ကျောက်သေးများကို ကျိုးပဲ့ပျက်စီးသည့် လမ်းနေရာသို့ အမြန်ဆုံးခင်းပေးကြရာ ယခုအခါ ယာဉ်ငယ်များ၊ ဆိုင်ကယ်များနှင့် ပြည်သူများ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **အောင်ကျော်မြင့်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ခေါင်းဆောင် ကင်ဂျုံအန်နှင့်တွေ့ဆုံရန် မြောက်ကိုရီးယားနိုင်ငံသို့ အလည်အပတ်လာရောက်ချင်ကြောင်း ဆီးရီးယားသမ္မတ အာဆတ် ဆို

**ပြုံယမ်း ဇွန် ၃**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့်တွေ့ဆုံရန် မြောက်ကိုရီးယားနိုင်ငံသို့ အလည်အပတ်ခရီး လာရောက်ရန် ဆန္ဒရှိသည်ဟု ဆီးရီးယားသမ္မတ ဘာရှာ အယ်လ်အာဆတ်က ၎င်း၏သဘောထားကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင်မီဒီယာက ယနေ့ သတင်းတစ်ရပ် ထုတ်ပြန်ကြေညာခဲ့သည်။

ဆီးရီးယားသမ္မတ အာဆတ်က အထက်ပါအကြောင်းကိစ္စနှင့်ပတ်သက်ပြီး ဆီးရီးယားနိုင်ငံဆိုင်ရာ မြောက်ကိုရီးယားသံအမတ်ကြီးအား ပြောကြားခဲ့သည်ဟု လက်ရှိအာဏာရအလုပ်သမားပါတီသတင်းစာ Rodong Sinmun က သတင်းဖော်ပြသည်။

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ခိုင်မာသောဆက်ဆံရေးကို အခွန့်ရှည်တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းရမည်ဖြစ်ကြောင်း သမ္မတအာဆတ်က ဆိုသည်။

ခေါင်းဆောင်ကင်ဂျုံအန်လက်ထက်တွင် ကိုရီးယားကျွန်းဆွယ်အရေးကိစ္စနှင့်ပတ်သက်ပြီး ကောင်းမွန်သောရလဒ်များ ထွက်ပေါ်လာမည်ဖြစ်ကြောင်း မကြာသေးမီက ခန့်အပ်ခဲ့သည့် ဆီးရီးယားနိုင်ငံဆိုင်ရာ မြောက်ကိုရီးယားသံအမတ်ကြီးအား သမ္မတအာဆတ်က ပြောကြားခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ဦးဆောင်သော အစိုးရအဖွဲ့၏ လုပ်ဆောင်ချက်များကို ဆီးရီးယားအစိုးရအဖွဲ့အနေဖြင့် အပြည့်အဝထောက်ခံကာ ကူညီထောက်ပံ့မှုများ ဆက်လက်ပေးမည်ဖြစ်ကြောင်း သမ္မတအာဆတ်က ဆိုသည်။

အမေရိကန်-မြောက်ကိုရီးယား နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးကျင်းပရန် နီးကပ်လာပြီဖြစ်သည့်အတွက် မြောက်ကိုရီးယားနိုင်ငံက မဟာမိတ်နိုင်ငံများနှင့် ဆက်ဆံရေးပိုမိုခိုင်မြဲရန် လုပ်ဆောင်လျက်ရှိသည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

မြောက်ကိုရီးယားနိုင်ငံသို့ တရုတ်သမ္မတရှီကျင့်ဖျင် အလည်အပတ်လာရောက်ရန် စီစဉ်မှုများ လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် ယခုနှစ်ကုန်ပိုင်းတွင် ရုရှား-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးပွဲ ကျင်းပနိုင်ဖွယ်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# အမေရိကန်၌ တောမီးလောင်မှုဖြစ်ပွား၍ ဒေသခံများ ဘေးလွတ်ရာသို့ ရွှေ့ပြောင်း

**လော့စ်အိန်ဂျလိစ် ဇွန် ၃**

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် အောရိန့်ဂျ်စီရင်စု၌ တောမီးလောင်မှုဖြစ်ပွားရာ လာဂူနာ ပင်လယ်ကမ်းခြေ အရပ်ဒေသများမှ ဒေသခံပြည်သူများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းထွက်ခွာစေခဲ့ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၃ ရက်တွင် သတင်းထုတ်ပြန်သည်။



လေပြင်းတိုက်ခတ်နေမှုကြောင့် တောမီးကူးစက်မှု မြန်ဆန်ပြီး မြေဧက ရာပေါင်းများစွာမှာ မီးလောင်ဆုံးရှုံးခဲ့ရကာ ရပ်ရွာဒေသများအထိ တောမီးကူးစက်ပျံ့နှံ့လာနိုင်သည့်အရေးအတွက် စိုးရိမ်ပူပန်ရကြောင်း အာဏာပိုင်များက ပြောကြားကြသည်။

မီးသတ်ဌာနက အယ်လီဆိုတောမီးဟု အမည်ပေးထားသော တောမီးလောင်ကျွမ်းမှုသည် ဇွန် ၂ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၇ မိနစ်တွင် စတင်ခဲ့သည်။ ကာလီဖိုးနီးယားပြည်နယ် အောရိန့်ဂျ်စီရင်စု ဝုဒ်ကင်ညွှံ့ သစ်တောဒေသ၌ တောမီးလောင်ခဲ့ရာတွင် လေပြင်းတိုက်ခတ်မှုကြောင့် တောမီးကူးစက်မှု လျင်မြန်ခဲ့ကြောင်း၊ ဝုဒ်ကင်ညွှံ့နှင့် ပစိဖိတ်ပါ့ခ်ဒေသတို့ရှိ နေအိမ်အလုံးပေါင်း ၂၀၀၀ ခန့်တွင် နေထိုင်သူများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းရန် အာဏာပိုင်များက ညွှန်ကြားခဲ့ရကြောင်း အောရိန့်ဂျ်စီရင်စု မီးသတ်ဌာနအကြီးအကဲ တိုနီ ဘွမ်ဟာရီတိုက ပြောကြားသည်။

မီးသတ်တပ်ဖွဲ့ဝင်များက နေ့ရောညပါ မီးငြိမ်းသတ်မှု ပြုလုပ်နေပြီး လေပြင်းတိုက်ခတ်မှု ရပ်ဆိုင်းမှသာ မီးကိုထိန်းချုပ်နိုင်မည်ဟု မျှော်လင့်ရသည်ဆို၏။

လော့စ်အိန်ဂျလိစ်မြို့ အရှေ့တောင်ဘက် ၉၈ ကီလိုမီတာအကွာရှိ လာဂူနာမြို့အနီးတွင် တောမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင် ၂၇၅ ဦးထက်မနည်းက ကြိုးပမ်းနေပြီး ရဟတ်ယာဉ်လေးစင်းနှင့် မီးသတ်လေယာဉ်နှစ်စင်းတို့ကို အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း မီးသတ်ဌာနက ပြောကြားသည်။

**ဆင်ဟွာ**

# အမေရိကန်က သံမဏိနှင့် အလူမီနီယံ သွင်းကုန်ခွန်မြှင့်တင်မှု ဂျီ-၇ အစည်းအဝေးတွင် ဝေဖန်ကန့်ကွက်

**ဝစ်တလာ(ကနေဒါ) ဇွန် ၃**

စက်မှုဖွံ့ဖြိုးပြီး ခုနစ်နိုင်ငံအုပ်စု (ဂျီ-၇)အဖွဲ့ဝင်နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများ၏ သုံးရက်ကြာအစည်းအဝေးကို ကနေဒါနိုင်ငံ ဝစ်တလာမြို့၌ ပြုလုပ်ခဲ့ရာတွင် အမေရိကန်၏ သံမဏိနှင့် အလူမီနီယံ သွင်းကုန်ခွန် မြှင့်တင်သည့်ကိစ္စနှင့်ပတ်သက်၍ ယင်းနိုင်ငံ၏ မဟာမိတ်နိုင်ငံများက ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၃ ရက်တွင် သတင်း ထုတ်ပြန်သည်။

အမေရိကန်ပြည်ထောင်စုက သံမဏိနှင့် အလူမီနီယံ သွင်းကုန်ခွန် တိုးမြှင့်ခြင်းနှင့်ပတ်သက်၍ အလွန်အမင်း စိုးရိမ်ပူပန်မှု ဖြစ်ကြရပြီး စိတ်ပျက်မှုဖြစ်ကြရကြောင်း ဂျီ-၇ ဘဏ္ဍာရေးဝန်ကြီးများက အမေရိကန် ဘဏ္ဍာရေးဝန်ကြီး စတီဗင်အမ်နူချင် အား ပြောကြားခဲ့သည်။

ကနေဒါ၊ ဥရောပသမဂ္ဂနှင့် ဂျပန်နိုင်ငံတို့အပါအဝင် အဓိကကုန်သွယ်ဖက် နိုင်ငံများအပေါ် သံမဏိသွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်း၊ အလူမီနီယံ သွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဆုံးဖြတ်ခဲ့ခြင်းနှင့်ပတ်သက်၍ ဂျီ-၇ ဘဏ္ဍာရေးဝန်ကြီးများက အလေးအနက် ဆွေးနွေးခဲ့ကြသည်။

ကုန်သွယ်ရေး စည်းမျဉ်းများအပေါ် အခြေပြုသည့် လွတ်လပ်သော ကုန်သွယ်ရေးစနစ်၏ အကျိုးကျေးဇူးများနှင့်ပတ်သက်၍ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးများ ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း အစည်းအဝေးအပြီးထုတ်ပြန်သော တိုတောင်းသည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ကနေဒါနိုင်ငံရှိ နှင်းလျှောစီး အပန်းဖြေစခန်းတည်ရာ ဝစ်တလာမြို့၌ အဆိုပါ အစည်းအဝေးကို ကျင်းပခဲ့သည်။

ဂျီ-၇ အဖွဲ့အတွင်း ကုန်သွယ်ရေးညီမျှမှုဖြစ်ပေါ်စေရေးကိစ္စကို ဇွန် ၈ ရက်မှ ၉ ရက်အထိ ချာလ်လီဗောက်မြို့၌ ကျင်းပမည့် ဂျီ-၇ ထိပ်သီးညီလာခံတွင် ဆွေးနွေးမည်ဖြစ်ပြီး ဆုံးဖြတ်ချက်ချမှတ်ရန် ဂျီ-၇ ဘဏ္ဍာရေးဝန်ကြီးများ သဘောတူညီခဲ့ကြသည်။

ဂျီ-၇ အုပ်စုတွင် ဗြိတိန်၊ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုတို့ ပါဝင်ကြသည်။

**ကျိုဒို**



# အိန္ဒိယနှင့် ဗြိတိန်အကြား သမိုင်းဝင်လေကြောင်းခရီးစဉ် ပျံသန်းမှု နှစ် ၇၀ ပြည့်အထိမ်းအမှတ် ဆင်နွှဲမည်

**နယူးဒေလီ ဇွန် ၃**

အိန္ဒိယနိုင်ငံနှင့် ဗြိတိန်နိုင်ငံအကြား သမိုင်းဝင်လေကြောင်းခရီးစဉ် ပျံသန်းခဲ့မှု နှစ် ၇၀ ပြည့်အထိမ်းအမှတ် လှုပ်ရှားမှုအစီအစဉ်တစ်ရပ် ပြုလုပ်ရန် အဲအင်ဒီးယား လေကြောင်းဌာနက ပြင်ဆင်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၃ ရက်တွင် သတင်းထုတ်ပြန်သည်။




အဲအင်ဒီးယား လေကြောင်းဌာနမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် ၁၉၄၈ ခုနှစ် ဇွန် ၈ ရက်တွင် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့မှ စတင်ထွက်ခွာခဲ့ပြီး အီဂျစ်နိုင်ငံ ကိုင်ရိုမြို့နှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တို့တွင် ခရီးတစ်ထောက်ရပ်နားကာ ဇွန် ၁၀ ရက်တွင် လန်ဒန်မြို့၌ ဆင်းသက်ခဲ့သည်။

စူပါကွန်စတယ်လေးရှင်း အမျိုးအစား ယင်းလေယာဉ်ပေါ်တွင် ခရီးသည် ၄၂ ဦးလိုက်ပါခဲ့ပြီး ခရီးသည်များတွင် ဇာတ်မြင့်သူကောင်းမျိုးဝင်ပုဂ္ဂိုလ်များနှင့် မဟာရာဇာစော်ဘွားအချို့ ပါဝင်ကြသည်။

ယခုလနှောင်းပိုင်းတွင် အဲအင်ဒီးယား လေကြောင်းဌာနက သမိုင်းဝင်ခရီးစဉ်ပျံသန်းမှု အထိမ်းအမှတ် လှုပ်ရှားမှုအစီအစဉ်တစ်ရပ်ကို ပြုလုပ်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံနှင့် ဗြိတိန်နိုင်ငံအကြား ဆက်ဆံရေးတည်ဆောက်မှုတွင် အုတ်မြစ်ချနိုင်ခဲ့သော သမိုင်းဝင်လေကြောင်းခရီးစဉ်တစ်ခုဖြစ်ကြောင်း အဲအင်ဒီးယား လေကြောင်းဌာန၏ ဗြိတိန်နှင့်ဥရောပဆိုင်ရာ မန်နေဂျာ ဒီဘာရှီဂိုလ်ဒါက ပြောကြားသည်။

**ပီတီအိုင်**

# သမိန်ထောပေအစိတ်ရေတံခါး တည်ဆောက်ပြီးစီး၍ နွေစပါးဧက ၃၀၀၀၀ ကျော် တိုးမြှင့်စိုက်ပျိုးနိုင်မည်

**ဖျာပုံ ဇွန် ၃**

ဖျာပုံခရိုင် ဖျာပုံမြို့နယ် သမိန်ထောကျေးရွာအုပ်စု သမိန်ထောကုန်းတန်းကျေးရွာအနီး ပေအစိတ်ရေတံခါးကို မေလအတွင်းက တည်ဆောက်ပြီးစီး၍ သပြေကန်-သိမ်ကုန်းဧရိယာတွင် နွေစပါး ၃၄၈၈၅ ဧကအထိ စိုက်ပျိုးလာနိုင်မည်ဖြစ်သည်။

**အဓိကရည်ရွယ်**

"ဒီရေတံခါးဆောက်ရတဲ့ ရည်ရွယ်ချက်က သပြေကန်-သိမ်ကုန်းဧရိယာထဲမှာ နှစ်တိုင်းမိုးရာသီမှာ တမံချိုး၊ နွေရာသီမှာ တမံပိတ်ပြီး စိုက်ပျိုးရတဲ့ အခက်အခဲနဲ့ ကုန်ကျစရိတ်တွေ လျှော့ပါးသက်သာစေဖို့၊ နွေစပါးအောင်ရေ ရရှိဖို့နဲ့ မိုးစပါး ရေတော်မိုးတော် စိုက်ပျိုးနိုင်ဖို့အတွက် အချိန်မီကွင်းရေနုတ်နိုင်ဖို့ အဓိကရည်ရွယ်ပြီး တည်ဆောက်ပေးတာ ဖြစ်ပါတယ်"ဟု ဖျာပုံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ (မြို့ပြ) ဦးသိန်းဇော်က ပြောသည်။

"ဒီရေတံခါး တည်ဆောက်ပေးလိုက်တာဟာ တောင်သူတစ်ဦးတစ်ယောက်အတွက်ပဲ အကျိုးပြုတာမျိုး မဟုတ်ဘဲ လယ်သမားအများစုအတွက်ပါ အကျိုးပြုမှာ သေချာပါတယ်၊ နှစ်တိုင်းနှစ်တိုင်း ချောင်းပိတ်၊ တမံပိတ်ချိန်မှာ မြေရှာ၊ မြေယူရတဲ့ အခက်အခဲ၊ အလုပ်သမားရှားပါးမှုနဲ့ ငွေကုန်ကြေးကျများမှု အခက်အခဲတွေကနေ လျှော့ပါးသက်သာလာကြပါပြီ၊ အရင်တုန်းက တမံဖို့ပြီး စိုက်ရတာဆိုတော့ မတော်တဆများ တမံကျိုးခဲ့ရင် ငါတို့စိုက်ခင်းတွေတော့ ဆုံးရှုံးပါပြီဆိုတဲ့ အတွေးနဲ့ စိုက်ချင်သလောက် မစိုက်ရဲခဲ့ကြဘူး၊ အခုမှပဲ စိတ်ချလက်ချ စိုက်ပျိုးနိုင်တဲ့အခြေအနေရောက်ပါပြီ"ဟု လယ်ဧက ၈၀ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် သမိန်ထောသိမ်ကုန်းကျေးရွာမှ လယ်သမား ဦးဥက္ကာက ပြောသည်။

**ရေရှည်တည်တံ့ခိုင်မြဲ**

"နည်းပညာပိုင်းနဲ့ ဒေသအခြေအနေပေါ်မူတည်ပြီး ရွေးချယ်ထားတဲ့နေရာမှာ ကနဦးလုပ်ငန်းဆိုင်ရာ အချက်အလက်ကောက်ယူမှုနဲ့ တိုင်းတာရေးဆောင်ရွက်မှု၊ ဘူမိဗေဒဆိုင်ရာ မြေဆီလွှာဝန်ဖိအားခံနိုင်ရည် စမ်းသပ်မှုတွေကို ၂၀၁၇ နှစ်ကုန်ပိုင်းထဲက ဆောင်ရွက်ခဲ့ပါတယ်၊ ပြီးတော့ ရေတံခါး အဆောက်အအုံ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝန်ဖိအားဒဏ်ခံကွန်ကရစ်ပိုင်တိုင်ရိုက်ခြင်း၊



သမိန်ထောပေအစိတ်ရေတံခါး တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

သုံးလက်မထုရှိ အောက်ခံကွန်ကရစ်ခင်းခြင်း၊ သံကူကွန်ကရစ်လောင်းခြင်း၊ ရေငန်ဒဏ်ခံနိုင်ပြီး သံချေးတက်ခြင်းမှ ကာကွယ်ပေးနိုင်တဲ့ Stainless Steel အသုံးပြုပြီး ရေတံခါး အထိုင်ဖရိန်(ကိုယ်ထည်)နဲ့ ရေထိန်းတံခါးရွက်နဲ့ ရေထုတ်တံခါးရွက်တွေကိုလည်း စနစ်တကျ ထည့်သွင်းအသုံးပြု တပ်ဆင်ပေးထားပါတယ်"ဟု အဆိုပါရေတံခါး တည်ဆောက်ရေးလုပ်ငန်းခွင် တာဝန်ခံ ဒုတိယဦးစီးမှူး (မြို့ပြ) ဦးကျော်ကျော်နိုင်က ပြောသည်။

**ခုတော့ပိုစိုက်နိုင်ပြီ**

"ပေအစိတ်ရေတံခါးပြီးပြီဆိုတော့ သပြေကန်သိမ်ကုန်းဧရိယာမှာ မိုးစပါးရောနွေစပါးပါ ဧကပြည့် စိုက်ပျိုးလာနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်၊ ပြီးခဲ့တဲ့နှစ်အထိတော့ ကျွန်တော်က ဒီဧရိယာထဲမှာ ဧက ၁၀၀၀ လောက်စိုက်ပါတယ်၊ ခုတော့ပိုစိုက်နိုင်ပြီပေါ့၊ ရေတံခါးကောင်းပေမယ့် ရေတံခါးနဲ့ဆက်စပ်နေတဲ့ ချောင်းတွေမြောင်းတွေမကောင်းရင်လည်း အလကားပဲ၊ ရေစီးရေလာမရှိရင် စိုက်လို့အဆင်မပြေနိုင်ဘူး၊ စိုက်ပျိုးဖို့အဆင်ပြေအောင် ညောင်ပင်ရိုးမြောင်း၊ ကျိုက္ကဘာ-အလန်းဖလွတ်မြောင်း၊ ကျုံကနိုးဖြတ်မြောင်း၊ ဦးပန်းရိုးမြောင်း၊ ဘဏ်လေးချောင်း၊ ဘဏ်ကြီးချောင်း၊ စံလှဘော်ရိုးမြောင်း၊ သိမ်ကုန်းလက်တံ(၁၊ ၂) မြောင်း၊ ကျိုက္ကဘာ ရှစ်ပေမြောင်း၊ ဦးလုံရိုးချောင်းနဲ့ ရွာလယ်ရိုးချောင်းတွေကိုလည်း အဆင်ပြေရင်နှစ်စဉ် တူးဖော်ပေးပါလို့ ပြောချင်ပါတယ်"ဟု အဇုတ်ကြီးကျေးရွာမှ တောင်သူဦးတင်အေးက ပြောသည်။

**နွေစပါးစိုက်ပျိုးနိုင်**

စိုက်ဧက ၄၀၀၀၀ ခန့်ရှိသည့် သပြေကန်-သိမ်ကုန်းဧရိယာသည် ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်းရှိ ကျွန်းပတ်တာခုနစ်ခု၏ အပြင်ဘက်တွင်တည်ရှိပြီး မူလက ရေကြီးကွင်း-ရေနက်ကွင်းတစ်ခုဖြစ်သည်။ ယင်းဧရိယာအတွင်း မိုးရာသီတွင် ကွင်းရေနုတ်၍ မိုးစပါးစိုက်ပျိုးနိုင်ရန်နှင့် နွေရာသီတွင် ရေချိုသွင်းပြီး နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် ရေနုတ်မြောင်း ၁၉ မြောင်း၊ အလျား ၇၇ မိုင်အား ၁၉၉၃-၁၉၉၄ ခုနှစ်တွင် စီမံကိန်းဖြင့် တူးဖော်ပေးခဲ့ရာ မိုးစပါး၊ နွေစပါးစတင်စိုက်ပျိုးလာနိုင်ခဲ့ကြောင်း သိရသည်။

**ရေကြီးနစ်မြုပ်မှုလျော့ပါး**

အဆိုပါ ဧရိယာအတွင်း ၁၉၉၅ ခုနှစ်တွင် သကံရေထိန်းတံခါး(အကျိုးပြုဧက ၆၀၀၀)အား နောင်တော်ကြီးချောင်းပေါ်တွင်လည်းကောင်း၊ ၁၉၉၆ ခုနှစ်တွင် အဖောင်ရေထိန်းတံခါး(အကျိုးပြုဧက ၅၀၀၀)အား အဖောင်ချောင်းပေါ်တွင်လည်းကောင်း၊ ၁၉၉၇ ခုနှစ်တွင် အောက္ကဘာရေထိန်းတံခါး (အကျိုးပြုဧက ၁၅၀၀၀)အား ကျုံကန်ချောင်းပေါ်တွင်လည်းကောင်း၊ ၁၉၉၈ ခုနှစ်တွင် စံပုလဲရေထိန်းတံခါး(အကျိုးပြုဧက ၅၀၀၀)အား ကျုံတမာချောင်း ပေါ်တွင်လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ဦးလုံရေတံခါး(အကျိုးပြုဧက ၁၀၂၂)အား ဦးလုံချောင်းပေါ်တွင်လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရွာလယ်ရိုးရေတံခါး (အကျိုးပြုဧက ၂၀၁၅) အား သမိန်ထောကျေးရွာရှိ ရွာလယ်ရိုးချောင်းပေါ်တွင်လည်းကောင်း၊ ပေအစိတ်ရေတံခါး (အကျိုးပြု ဧက ၂၁၅၅)အား သမိန်ကုန်းတန်းကျေးရွာရှိ ပေအစိတ်ချောင်းပေါ်တွင်လည်းကောင်း မိုးစပါးရေကြီးနစ်မြုပ်မှုလျော့ပါးသက်သာစေရေးနှင့် နွေစပါးအောင်ရေ (ရေချို)ရရှိရေးအတွက် နှစ်အလိုက်တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**တိုးပွားစိုက်ပျိုးလာနိုင်မည်**

ထို့ပြင် ယင်းဧရိယာအတွင်း မူလမြောင်းများနှင့် ဆက်စပ်နေပြီး အဓိကကျသည့် ဂေးဂု-သိန္ဓိမြောင်း(အလျား ၁၀ ဒသမ ၆ မိုင်)အား ၂၀၁၅ခုနှစ်တွင် လည်းကောင်း၊ သုံးထပ်-ကျိုက္ကဘာ ချောင်းမကြီး (အလျား ၉ ဒသမ ၆၅ မိုင်) အား ၂၀၁၇-၂၀၁၈ ခုနှစ်တွင် လည်းကောင်း တူးဖော်ပေးခဲ့သဖြင့် ဖျာပုံမြို့နယ်အတွင်းရှိ မှော်ဘီ၊ အောက်ကွင်း၊ တမံ၊ ကဇောင်း၊ ကျီးနှစ်ပင်၊ အောင်သာယာ၊ အေးသာယာ၊ သမိန်ထော၊ အလန်းဖလွတ်၊ ကျိုက္ကဘာ၊ သုံးထပ်၊ သပြေကန်၊ ကြက်ဖမွေးဇောင်း၊ ဂေးဂု၊ ဇင်းဘောင်၊ အပြောင် စသည့်ကျေးရွာများပါဝင်သည့် ကျေးရွာအုပ်စု ၂၁ အုပ်စုနှင့် ဘိုကလေးမြို့နယ်အတွင်းရှိ ဝဲကြီး၊ သိန္ဓိ၊ ဖိုးလေးနှင့် ဘုရားသုံးဆူအစရှိသည့် ကျေးရွာ အုပ်စုများအထိ နွေစပါး၊ မိုးစပါး တိုးပွားစိုက်ပျိုးလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သပြေထွန်း**

❖ **ရန်ကုန်-ဒလမှ**

အတည်ပြုခွင့်ပြုခဲ့ကြောင်း၊ ထို့အတူ တံတားတည်ဆောက်ခြင်းနှင့်ကြီးကြပ်ခြင်း လုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် စတင်ပြီး ၂၀၂၁ ခုနှစ်အတွင်း ပြီးစီးအောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း မေ ၄ ရက်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းတံတားဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ပုဂ္ဂလိကဆိပ်ကမ်းလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး၍ ရန်ကုန်-ဒလ မြစ်ကူးတံတားစီမံကိန်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းဝေးတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများမှ ရန်ကုန်-ဒလ မြစ်ကူးတံတားကို မူလကအသေးစိတ်ရေးဆွဲထားသော တံတားဒီဇိုင်းနှင့် အမြင့်ပေ ၄၉ မီတာဖြင့် တည်ဆောက်ရန် အတည်ပြု ဆုံးဖြတ်ခဲ့ပြီးဖြစ်ကြောင်း" ၎င်းက ပြောသည်။

**ဒေသဖွံ့ဖြိုးတိုးတက်စေရေး**

"မိမိတို့ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းဒေသများနှင့် ဧရာဝတီတိုင်းဒေသများမှ ပြည်သူများစွာတို့၏ ဒေသဖွံ့ဖြိုးတိုးတက်စေရေး၊ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ကြီးမားသော အထောက်အကူဖြစ်ထွန်းစေမည့် ရန်ကုန်-ဒလမြစ်ကူး တံတားစီမံကိန်းလုပ်ငန်းများကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေးအတွက် ဒေသခံပြည်သူများ၏ ဆန္ဒသည် အရေးကြီးကြောင်းနှင့် အများပြည်သူလိုချင်သည့် ဆန္ဒများကို တားခွင့်မရှိကြောင်းနှင့် (ဒလ) တံတားကြီး တည်ဆောက်ရေး နှောင့်နှေးကြန့်ကြာနေခြင်းကြောင့် ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျနေရကြောင်း၊ ပြည်သူများ၏ ဆန္ဒကို အကောင်အထည်ဖော်ရာတွင် အစိုးရမှာတာဝန်ရှိကြောင်း" ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးက ဆက်လက်ပြောကြားခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ အမှတ်(၂)လွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်တို့က ဒလတံတားတည်ဆောက်မှု လုပ်ငန်းများနှင့် ပတ်သက်၍ ဒေသခံပြည်သူများ သိရှိနိုင်ရန် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ဒလမြို့နယ်မှ ဦးအောင်ကျော်မြင့်က "ကျွန်တော်တို့ ဒလမြို့နယ် ဒေသခံပြည်သူတွေအနေနဲ့ မြစ်ကူးတံတားကြီးကို အမြန်ဆုံးအကောင်အထည်ဖော်ပေးစေချင်ပါတယ်၊ တံတားဧရိယာနဲ့ မလွတ်ကင်းတဲ့ နေအိမ်တွေ၊ ဈေးဆိုင်ခန်းတွေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်နာရေးကူညီမှုအသင်းရုံး၊ စာသင်ကျောင်းတွေ၊ သာသနိကအဆောက်အအုံတွေ၊ အောင်တော်မူဗုဒ္ဓရုပ်ပွားတော်ကြီးကိုပါ ပြောင်းရွှေ့နေပါတယ်၊ စက်တပ်သမ္ဗန် ကူးတို့ဆိပ်အသစ်ကိုလည်း တည်ဆောက်နေပြီး တံတားထိုးမယ့် လမ်းဧရိယာတစ်လျှောက် ဖျက်သိမ်းပြောင်းရွှေ့နေပြီး တံတားကြီး အမြန်ဆုံးတည်ဆောက်ပေးဖို့ မျှော်လင့်နေပါတယ်၊ နိုင်ငံတော်အစိုးရက ပြည်သူတွေအားလုံးရဲ့ ဆန္ဒတွေ ပြည့်ဝစေဖို့၊ အကောင်အထည်ဖော်နိုင်ဖို့ ကူညီပေးကြပါလို့ ပြောချင်ပါတယ်၊ ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

**ပင်လယ်ကူးသင်္ဘောကြီးများ ဖြတ်သန်းနိုင်**

ကိုရီးယား-မြန်မာချစ်ကြည်ရေး ဒလမြစ်ကူး တံတားအမျိုးအစားမှာ သံမဏိကြိုးဆိုင်းတံတား(Cable Stayed Bridge)၊ တံတားခံနိုင်ဝန် ယာဉ်တစ်စီးချင်း ၇၅ တန်၊ စုစုပေါင်းတံတားအရှည် ၆၁၄၄ ပေ၊ ပင်မတံတားအရှည် ၁၉၃၆ ပေ၊ ချဉ်းကပ်တံတား(ရန်ကုန်ဘက်ကမ်း) ၂၀၂၆ ပေ၊ ချဉ်းကပ်တံတား (ဒလဘက်ကမ်း) ၂၁၈၂ ပေ၊ ပင်မတံတား အကျယ်(လေးလမ်းသွား) ၈၇ ပေ၊ ချဉ်းကပ်တံတား အကျယ်(ရန်ကုန်ဘက်ကမ်း) ၄၇ ပေ၊ ချဉ်းကပ်တံတားအကျယ် (ဒလဘက်ကမ်း) ၆၈ ပေ၊ ဆင်ခြေလျှော တံတားများအကျယ်(တစ်လမ်းသွား) ၂၃ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၄၉ မီတာ ၊ ရေလမ်းကင်းလွတ် အကျယ် မီတာ ၃၇၀ နှင့် Dead weight tonnage(DWT) တန်ချိန် ၁၅၀၀၀ ပင်လယ်ကူးသင်္ဘောကြီးများ ဖြတ်သန်းသွားလာနိုင်ကြောင်း သိရသည်။

အဆိုပါ ကိုရီးယား-မြန်မာချစ်ကြည်ရေး ဒလမြစ်ကူးတံတားကြီးကို ကိုရီးယားနိုင်ငံ စီးပွားဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ EDCF Lone ချေးငွေ အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၈၃၃ သန်းနှင့် မြန်မာအစိုးရ ထည့်ဝင်ငွေ ဒေါ်လာသန်း ၃၀ ဒသမ ၃၄၁သန်း စုစုပေါင်း ခန့်မှန်းကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၁၆၈ ဒသမ ၁၇၃သန်း ကုန်ကျမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနှင့် ဒလမြို့နယ် ဗိုလ်မင်းရောင်လမ်းကို ဆက်သွယ်တည်ဆောက်သွားမည့် လမ်းအူကြောင်းမှာ ထိခိုက်မှုအနည်းဆုံး လမ်းကြောင်းအဖြစ် ရွေးချယ်တည်ဆောက်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ပုဂ္ဂလိကပိုင် ကူးတို့သမ္ဗန်ဆိပ်ခြောက်ခုရှိရာ ကမာအောင် ကူးတို့ဆိပ်အစင်း ၁၈၀၊ ရေကာန်ကူးတို့ဆိပ် ၂၂ စင်း၊ တံလျှပ်ကူးတို့ဆိပ် ၄၆ စင်း၊ ဆာပါချောင် ကူးတို့ဆိပ် ၄၁ စင်း၊ ကျောင်းစု(စက်မြေ)ကူးတို့ဆိပ် ၂၂ စင်း၊ ကျောင်းစု(လက်/ခပ်) ကူးတို့ဆိပ်အစင်း ၂၀၊ စုစုပေါင်း ၃၃၁ စင်းရှိပြီး သမဝါယမအသင်းပိုင် ကူးတို့သမ္ဗန်ဆိပ် ငါးဆိပ်၌ သမ္ဗတကမ်းခြေကူးတို့ဆိပ် ၃၄ စင်း၊ ကမာကသွယ် ကူးတို့ဆိပ်အစင်း ၃၀၊ ကမာကဆစ်ကူးတို့ဆိပ် ၄၁ စင်း၊ စက်မြေကူးတို့ဆိပ် ၃၁ စင်း၊ မှော်စက်ကူးတို့ဆိပ် ၃၁ စင်း၊ စုစုပေါင်း ၁၆၇ စင်းရှိပြီး ဒလမြို့နယ်တွင် စက်တပ်သမ္ဗန် စုစုပေါင်း ၄၉၈ စင်းနှင့် ကုန်တင်အစင်း ၂၀ ရှိကြောင်း၊ နေ့စဉ် စက်တပ်သမ္ဗန်ကူးတို့ဆိပ်၌ သွားလာကြသော ခရီးသည်များနှင့် ဒလ-ပန်းဆိုးတန်း သင်္ဘောဆိပ်ကမ်းမှ ပို့ဆောင်ပေးလျက်ရှိသော ချယ်ရီ(၁)၊ ချယ်ရီ(၂)၊ ချယ်ရီ(၃) တို့ဖြင့် ဒေသခံပြည်သူများနှင့် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းနှင့် ဧရာဝတီတိုင်းဒေသကြီးမှ သွားလာကြသော ခရီးသွားပြည်သူပေါင်း တစ်သိန်း နီးပါးရှိကြောင်း၊ မြစ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် လှိုင်းကြီးခြင်း၊ မိုးရွာသွန်းခြင်းနှင့် လေပြင်းများတိုက်ခတ်ခြင်း၊ စက်ပစ္စည်းချွတ်ယွင်းခြင်းတို့ကြောင့် မကြာခဏဖြစ်ပွားနေသော စက်သမ္ဗန်များ တိမ်းမှောက်မှု၊ နစ်မြုပ်မှုတို့ကြောင့် လူ့အသက်များ ဆုံးရှုံးလျက်ရှိကြောင်း သိရသည်။

**အမြန်ဆုံးအကောင်အထည်ဖော်**

ရန်ကုန်မြို့နှင့် ဒလမြို့နယ်သို့ ဆက်သွယ်တည်ဆောက်သွားမည့် မြစ်ကူးတံတားကြီး အမြန်ဆုံး အကောင်အထည်ဖော်တည်ဆောက်ပါက ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းဒေသများနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ပြည်သူများစွာတို့၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ်၏ ကုန်ထုတ်စွမ်းအားများလည်း တစ်ဟုန်ထိုး တိုးတက်ပြောင်းလဲလာမည်ဖြစ်သည်။ ဒီမိုကရေစီအစိုးရ၏ အင်္ဂါရပ်များနှင့်အညီ ပြည်သူများစွာတို့၏ ဆန္ဒနဲ့ဘဝ တစ်ထပ်တည်းကျစေရန်၊ မြစ်အတွင်း မကြာခဏဖြစ်ပွားနေသော စက်သမ္ဗန်များ တိမ်းမှောက်မှု၊ နစ်မြုပ်မှုတို့ကြောင့် လူ့အသက်များ ဆုံးရှုံးမှု မဖြစ်ပေါ်နိုင်ရေး ပြည်သူများစွာတို့၏ အသက်အန္တရာယ် လုံခြုံမှုရှိစေရေးတို့အတွက် တံတားကြီး အမြန်ဆုံးတည်ဆောက်မှ ပြည်သူအားလုံးရဲ့ ဆန္ဒတွေ၊ လုံခြုံမှုတွေ ပြည့်ဝလာနိုင်မည်ဖြစ်ကြောင်း ရန်ကုန်မြစ်ကို ဖြတ်ကျော်မည့် တံတားတစ်စင်းသည် လိုအပ်ကြောင်းနှင့် ဒလမြစ်ကူးတံတားကြီးကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် ဒေသခံပြည်သူများနှင့် ခရီးသွားမိဘပြည်သူများက မျှော်လင့်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းနှင့်ဓာတ်ပုံ-နိုင်လင်းကျော်(ဒလ)**

# ကမ္ဘာ့မြေငလျင်ကြီးများနှင့် လူသားများ

## ❑ ခင်လေးသက်

ကမ္ဘာမြေကြီးသည် စတင်ဖြစ်ပေါ်ချိန်မှ ယခုအချိန်အထိ အစဉ်မပြတ် လှုပ်ရှားနေသည်။ ယင်းသို့ လှုပ်ရှားနေသည့် ကမ္ဘာမြေကြီး၏ ဗဟိုအလယ်တွင် အလွန်ပူပြင်းလှသဖြင့် ကျောက်လွှာများအရည်ပျော်နေကြပြီး စက္ကန့်နှင့်အမျှ ပေါက်ကွဲခြင်း အရှိန်ပြင်းထန်လှရကာ ကမ္ဘာ့အပြင်ဘက်သို့ တိုးထွက်လာကြပြီး မီးတောင်ပေါက်ကွဲခြင်းများနှင့် မြေကြီးများကွဲအက်ခြင်းများ ဖြစ်ပေါ်လာသည်။ ဤသို့ မီးတောင်ပေါက်ကွဲခြင်းနှင့် မြေကြီးလွှာများ ပြတ်ရွေ့ကြသောအခါ မြေငလျင်ကြီးများ ဖြစ်ပေါ်လာသည်။ ထိုမြေငလျင်ကြီးများကြောင့် ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် သေဆုံးမှုများနှင့် ပျက်စီးမှုများမှာ အတောမသတ်နိုင်လောက်အောင် ရှိကြောင်း အသိပညာရှင်၊ အတတ်ပညာရှင်များက ဖော်ပြထားပါသည်။

ကမ္ဘာပေါ်တွင် မြေငလျင်ကြီးများ လှုပ်ရှားမှုများနှင့် ကြောက်မက်ဖွယ်ရာ အဖြစ်အပျက်များကို ရှေးယခင်မှစ၍ပင် အသေးစိတ်အထိ စာနယ်ဇင်းများ၊ စာစောင်အသီးသီးများတွင် ရေးသားဖော်ပြခဲ့ကြသည်။ ယခုအခါတွင် ပို၍ပို၍ပင် ဖေ့ဘုတ်များ၊ ရုပ်မြင်သံကြားများမှ သတိလည်းပေးရင်း အတတ်နိုင်ဆုံး ကာကွယ်မှုပညာပေးများ ထုတ်လွှင့်ခြင်းများ၊ အထူးတလည်ဆောင်ရွက်နေသည်များကို လူအတော်များများတွေ့ပြီး၊ သိပြီးဖြစ်ပါလိမ့်မည်။ (မကြာခင်သော အချိန်အတိုင်းအတာတစ်ခုအတွင်း ကြီးကျယ်သော မြေငလျင်ကြီးများ လှုပ်လိမ့်မည်ဖြစ်ကြောင်း)။

သို့သော်လည်း ဤသည်မှာ ကြိုတင်တားဆီး၍၊ ပိတ်ပင်၍၊ ကာကွယ်၍ မရနိုင်သော၊ ပြုပြင်ပြောင်းလဲမရသော သဘာဝဘေးအန္တရာယ်ကြီးတစ်ရပ် ဆိုသည်ကိုလည်း အားလုံးက သိနားလည်ပြီးပင် ဖြစ်ပါလိမ့်မည်။

လူတိုင်းအနေဖြင့် မိမိတို့ရရှိထားသော လူ့ဘဝကို တန်ဖိုးထားတတ်ကြစေရန် ဘုရားဟော ဒေသနာအသီးသီးကိုညွှန်းကာ လူအဖြစ်ရခဲခြင်းအား အဋ္ဌကထာဆရာက ဖွင့်ဆိုပြထားသဖြင့် လူတိုင်းပင်နားလည်ပြီးဖြစ်ပါလိမ့်မည်။ အလွယ်ကူဆုံး အရပ်စကားနှင့်ပြောရပါလျှင် လူ့ပြည်က အပ်တစ်စင်း၊ နတ်ပြည်က အပ်တစ်စင်း လွှတ်လိုက်လို့ ထိဖို့ကလွယ်သည်။ လူ့ဘဝရဖို့က အဲဒီထက် အဆပေါင်း များစွာခက်သည် ဆိုထားခြင်းပင် မဟုတ်လော။

သည်တော့ကာ လွဲရှောင်ပြုပြင်မရနိုင်သော၊ မကြာမတင်ခင်မှာ ပြင်းထန်စွာ လှုပ်ခတ်လာနိုင်သည်ဟုဆိုသော သဘာဝဘေးအန္တရာယ်ဆိုးကြီးဖြစ်သည့် မြေငလျင်ကြီးနှင့် ရခဲလှစွာသော လူ့ဘဝကို ရရှိထားသည့်လူသားများအဖို့ အရေးကြုံလာပြီဆိုပါစို့။ ထိုအခါ မည်သို့ ရင်ဆိုင်တိုက်ပွဲဝင်ကြမည်နည်း။ ကြောက်မက်ဖွယ်မြေငလျင်ကြီးများအကြောင်း လူများဖတ်မှတ်ကြားသိနေကြသော်လည်း တကယ်တမ်းတွင် မျက်မြင်ကိုယ်တွေ့ မကြုံကြရသည်က များကြသည်။ မြန်မာနိုင်ငံ မြေငလျင်များသမိုင်းမှာ ယခုအချိန်အထိ နောက်ဆုံး(သမိုင်းမှတ်တမ်းတင်ခဲ့ရသည့်) ကြီးကျယ်ပြင်းထန်စွာလှုပ်ခဲ့သော ပုဂံငလျင်သည်ပင် ၁၉၇၅ ခုနှစ်ကဆိုတော့ ယခုနှစ်ပေါင်း ငါးဆယ်နီးပါးမျှပင်ရှိခဲ့ပေပြီ။

မြန်မာနိုင်ငံသမိုင်းကို ကြည့်လျှင် မြေငလျင်လှုပ်ခဲ့သော အကြိမ်ပေါင်းမှာ မနည်းကြောင်းတွေ့ရသည်။ ယင်းမြေငလျင်များအနက် အချိန်ကာလအကြာဆုံးနှင့် အပြင်းထန်ဆုံး မှတ်တမ်းပြုခဲ့ရသော အင်းဝကို ဗဟိုပြု၍ လှုပ်ခဲ့သော အင်းဝငလျင်မှာ ၁၈၃၉ ခုနှစ် မတ်လ ၂၃ ရက် စတင်လှုပ်သောနေ့မှ ခြောက်လခန့်အတွင်း ငလျင်မလှုပ်သည့်နေ့ဟူ၍ တစ်နေ့မှ မရှိခဲ့ပေ။ မတ်လ ၂၃ ရက်မှ မတ်လ ၂၈ ရက် အတွင်းမှာ ဆိုလျှင် ၁၅ မိနစ်ခန့် တစ်ကြိမ်ကျ လှုပ်နေသဖြင့် အင်းဝ၊ အမရပူရတစ်ဝိုက်၌ နေထိုင်သူများမှာ အလွန်ထိတ်လန့်ကြောက်ရွံ့လျက်ရှိခဲ့ကြရသည်ဟု မှတ်တမ်းပြုထားသည်ကို တွေ့ခဲ့ရဖူးပါသည်။

နောက်ပြီး ပဲခူးငလျင် ၁၉၃၀ ပြည့်နှစ် မေလ ၅ ရက် တနင်္လာနေ့ ည ၈ နာရီ ၁၄ မိနစ်မှ စတင်လှုပ်ရာ ပထမ၌ ဖြည်းညင်းစွာလှုပ်ပြီး ရှေ့နှင့်နောက် တစ်ချက်နှစ်ချက် အပြင်းအထန်ဆောင့်၍ လှုပ်လိုက်သည်။ ထို့နောက် ဆီးဖြူသီးကို ဆန်ကောထဲတွင်ထည့်၍ လှိမ့်လိုက်သကဲ့သို့ ပတ်ချာလည်ဝိုင်း၍ အပြင်းအထန်လှုပ်တော့သည်။ ထို့ကြောင့် ပဲခူးမြို့မှာ မြို့ပျက်တမျှ အထိနာခဲ့ရသည်။ တစ်မြို့လုံးရှိ အိမ်ရာ အဆောက်အအုံများမှာ သုံးပုံလျှင် နှစ်ပုံကျော်ပြိုကျ ပျက်စီးခဲ့သည်။

သတင်းစာ၊ ဂျာနယ်များတွင် မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရသူများက ပြန်လည်ရေးသားချက်အရဆိုလျှင် မြေငလျင်လှုပ်နေစဉ်အတွင်း မြေပြင်သည် ရေပြင်တွင် လှိုင်းလုံးများ နိမ့်တုံမြင့်တုံ တအိအိလှုပ်ရှားနေသကဲ့သို့ ဖြစ်နေပြီး အချို့နေရာများတွင် မြေကြီးများကွဲအက်ကာ ယင်းအက်ကြောင်းကြီးများထဲမှ ရေများ ပွက်ပွက်ဆူသကဲ့သို့ ပန်းထွက်လာသည်။ ၎င်းရေနှင့်အတူ သဲများ၊ ရွှံ့များပါပါ၍လာသည်ဟု ဆိုထားသည်။

ထို့အပြင် မီးလောင်မှုများ၊ အချို့ဆန်စက်များမှ ဘွိုင်လာများမှာ မြေကြီးအောက်သို့ ၁၀ ပေခန့် ကျွံ၍ ကျသွားသည့်အဖြစ်များ လူများ ၅၀၀ အထက် သေကျေခဲ့ရသည်များ ရှိခဲ့သည်ဟု သိရသည်။

ထို့နောက်တွင်တော့ ပြင်းထန်၍ မှတ်တမ်းပြုခဲ့ရသည်က ပုဂံငလျင်။ ၁၉၇၅ ခုနှစ် ဇူလိုင်လ ၈ ရက် တနင်္လာနေ့ ညနေ ၆ နာရီ ၃၇ မိနစ်မှာ ဖြစ်သည်။ ပခုက္ကူမြို့အနောက်တောင်ယွန်းယွန်း မိုင် ၁၂၀ ဝေးသော နေရာကို ဗဟိုပြု၍ လှုပ်ခြင်းဖြစ်သည်။ မြေငလျင်အင်အားသည် ဗဟိုချက်တွင် မာကယ်လီစကေးအရ ရှစ်ကျော်ကျော်ခန့်ရှိသည်ဟု သိရသည်။

ယင်းငလျင်သည် ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံအရပ်ရပ်ရှိ မြို့ပေါင်း ၂၀ ၌ လှုပ်ခဲ့သော်လည်း ပုဂံတွင် အပြင်းထန်ဆုံး၊ အထိအနာဆုံးဖြစ်သည်။ ယင်းငလျင်ကြောင့် ပုဂံရှိရှေးဟောင်းစေတီ ဘုရား၊ ပုထိုးပေါင်း ၈၀ ရာခိုင်နှုန်း ပျက်စီးခဲ့ရသည်နှင့် ကြုံခဲ့ရသည်သာတည်း။

၁၉၇၅ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့ ပုဂံငလျင်သည် ဗဟိုချက်တွင် မာကယ်လီစကေးအရ ရှစ်ကျော်ကျော်ခန့်ရှိခဲ့သည့်အတိုင်း အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပင်လယ်ကွေ့၌လည်း မြေငလျင်ကြီး လှုပ်ခဲ့သည်။ မြန်မာနိုင်ငံနှင့် နာရီသာကွာခြားခဲ့သည် ဆိုပါ၏။ ငလျင်မလှုပ်မီ ရက်သတ္တပတ်က ဟာဝိုင်ယီကျွန်းမှ မော်နာလိုအာ မီးတောင်ပေါက်ကွဲခဲ့သည်။ ထို့ကြောင့် လတ္တီတွဒ်မျဉ်းကြောင်း တစ်ခုတည်းလိုတွင် ကျရောက်နေသော ကာလီဖိုးနီးယားပင်လယ်ကွေ့နှင့် မြန်မာနိုင်ငံ ဒေသနှစ်ခုမှာ တစ်နေ့တည်း ငလျင်လှုပ်ခဲ့ရခြင်းဖြစ်သည်။ ငလျင်လှုပ်သည့် ဒေသမှာ ဥတ္တရာယဉ်စွန်းတန်း ဒေသဖြစ်၏။ ငလျင်ကြောသည် ဟာဝိုင်ယီကိုလည်း ဖြတ်သွားခဲ့သည်။ ဝါရှင်တန်မြို့ ကြေးနန်း၌ ဖော်ပြထားသည်ဖြစ်ကြောင်း မှတ်တမ်းများတွေ့ရပါသည်။ ၁၇၅၅ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့ နံနက် ၉ နာရီ မိနစ် ၄၀ တွင် ပေါ်တူကီနိုင်ငံ လစ္စဘွန်းမြို့တွင် ကြီးမားစွာလှုပ်ရှားခဲ့သည့် ငလျင်ကြီးမှာလည်း ကြောက်မက်ဖွယ်ကောင်းလှပါသည်။

ငလျင်လှုပ်ချိန်မှာ ခြောက်မိနစ်မှ ခုနစ်မိနစ်သာကြာသော်လည်း အဆောက်အအုံပေါင်းများစွာနှင့် ထောင်ပေါင်းများစွာသော လူများ အသက်ဆုံးရှုံးပျက်စီးကြလေသည်။ ယင်းနောက် အန္တရာယ်သည် အတောမသတ်ဘဲ ငလျင်ကြောင့် သင်္ဘောဆိပ်မှ ရေများသည် အတ္တလန်တိတ်သမုဒ္ဒရာထဲသို့ အားလုံးဆုတ်ခွာသွားပြီး နံနက်၁၀ နာရီခန့်တွင် အလွန်ကြီးမားသော ရေလှိုင်းကြီးများအသွင်ဖြင့် ဆိပ်ကမ်းဆီသို့ ပြန်လည်ရောက်ရှိလာသည်။ ၎င်းလှိုင်းကြီးများသည် ပေပေါင်း ၁၆ ပေမှ ပေ ၅၀ အထိ မြင့်မားပြီး ကုန်းတွင်းပိုင်းသို့ မိုင်ဝက်အထိ ဖုံးလွှမ်းသွားခဲ့သည်။ ပြန်လည်ဆုတ်ခွာသွားသောအခါ သင်္ဘောများ၊ တံတားများနှင့် အဆောက်အအုံများသာမက လူများပါ ပင်လယ်ထဲသို့ မျောပါသေကျေခဲ့ကြရသည်။ အလားတူ ရေလှိုင်းကြီးများ ၁၅ မိနစ်တစ်ကြိမ်မျှ ပြန်လာသဖြင့် မြို့ပျက်ကြီးတမျှဖြစ်ခဲ့ရသည်ဟု ဖတ်မှတ်ခဲ့ရဖူးပါသည်။ မည်မျှကြောက်မက်ဖွယ်ကောင်းလိုက်ပါသနည်း။

စဥ္စပါဆရာတော်၏ ၁၂၀၀ ပြည့် ငလျင်ကြီးနှင့် ပတ်သက်၍ မှတ်တမ်းတင် ပိုဒ်စုံရတုတွင် အသေးစိတ်အချက်အလက်များပါရှိရာ ပို၍ပင် ထိတ်လန့်ဖွယ်ကောင်းလှပါ၏။ "သံဝဋ္ဋဌာယီ ပျက်ဦးချီသို့" ဟူသော စကားဖြင့် ယင်းငလျင်ကြီး၏ ပြင်းထန်မှုအတိုင်းအတာကို ပြဆိုခဲ့သည်။ ဆိုလိုသည်မှာ တစ်ကမ္ဘာဟုခေါ်သော ကမ္ဘာကပ်ကြီးတစ်ခု၌ "သံဝဋ္ဋကပ်၊ သံဝဋ္ဋဌာယီကပ်၊ ဝိဝဋ္ဋကပ်၊ ဝိဝဋ္ဋဌာယီကပ်" ဟူ၍ ကပ်ကြီးလေးကပ်ရှိရာ ကမ္ဘာပျက်စီးတော့မည်၊ ကမ္ဘာပျက်ငလျင်ကြီးဖြစ်သည်ဟု ပိဋကကျမ်းဂန်နှင့်အညီ အလေးအနက်တိုင်းတာပြလိုက်ခြင်းဖြစ်ကြောင်း ပညာရှင်က တန်ဖိုးထားရှင်းပြထားပါသည်။

ကမ္ဘာပျက်ငလျင်ကြီးဟု တိုင်းတာနိုင်လောက်အောင် ကြုံခဲ့ရသည့်အဖြစ်ကိုကား စဥ္စပါဆရာတော်က "ခြံခြံကွဲအက်၊ ရေထွက်သဲပေါက်၊ ကုန်းခြောက်တောင်တန်း၊ ဖြန်းဖြန်းပြိုကျ၊ မြစ်မရော၊ အညာဆန်တက်' မထင်မှတ်ထားသည့် ကုန်းခြောက်တောင်တန်းကြီးများပင် ပြိုကျခဲ့သည်။ ဧရာဝတီမြစ်ကြီးပင် အထက်အညာသို့ ရေများပြန်စီးခဲ့သည်။ နောက်ပြီးစဥ္စပါဆရာတော်က "ငလျင်မဟာ၊ မြေကုန်းခါလျက်၊ ချာချာလှည့်စက်၊ အောက်ထက်ဧယင် လှုပ်မျိုးစင်မျှ" လှုပ်မျိုးပေါင်းကုန်စင်အောင် လှုပ်ခဲ့ကြောင်း ဖော်ပြထားခြင်းဖြစ်သည်။

"သွင်သွင်သွက်သွက်၊ တုံ့ချက်ရိုက်အိန့်၊ ထိန့်ထိန့်ကျော်သည်၊ တော်လည်းရိုက်ကြွေး၊ ယီးလေးနက်တိုက်" မကြုံစဖူး ထူးထူးကဲကဲ ထိတ်လန့်ကြောက်ရွံ့စရာများပင်ပါတကား။ ထိုစဉ်က ငလျင်ဒဏ်ကြောင့် ဖြစ်ပျက်နေသည့် အနိဋ္ဌာရုံများကိုကြည့်ကာ လူအပေါင်းတို့ သေဘေးနှင့် အဘယ်ပုံကြုံရတော့မည်လဲ၊ သေရတော့မည်လား၊ ရှင်နေရဦးမည်လားဟု တွေးတောထိတ်လန့်ကာ ကြောက်ရွံ့အားငယ်လျက် ရှိနေကြပုံကို စဥ္စပါဆရာတော်က "သေ-ရှင်-ဒွိဟ ယူယွင်းခွလျက်" ဟု ဖွဲ့ဆိုမှတ်တမ်းတင်ခဲ့သည်။

ရခဲလှစွာသော လူ့ဘဝကို ရထားသည့် လူသားအပေါင်းတို့ ထိုသို့လွှဲရှောင်ပြုပြင်မရသော သဘာဝ ငလျင်ဘေးအန္တရာယ်ကြီးကို မည်သို့နည်းဖြင့် ရင်ဆိုင်တိုက်ပွဲဝင်ကြမည်နည်း၊ ယတြာကောင်းဖြင့် ထိုအန္တရာယ် 'ပ' နိုင်ပါမည်လား၊ ခေတ်ရိုက်ခေတ်ဆင်နည်းဖြင့်ကော ဖယ်ရှားနိုင်ပါမည်လား။ မည်သို့ဆိုစေ အတတ်နိုင်ဆုံး၊ အကောင်းဆုံးအဖြေတစ်ခုကိုဖြင့် ရှာကြရမည်ပင်မဟုတ်လော။ ဗုဒ္ဓဘာသာဝင်တိုင်းကဖြင့် သံသရာဆိုသည်ကိုလည်း ယုံသည်၊ ကံကြမ္မာဆိုသည်ကိုလည်း လက်ခံကြသည်၊ မိမိပြုသောအမှုသည် သံသရာမှာ မိမိသာခံစား၊ စံစား ရသည်ဆိုသည့်စကားကိုလည်း သိနားလည်ကြပြီ မဟုတ်လော၊ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မည်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မည်။

ယခုလက်ရှိ ရရှိထားသော လူ့ဘဝကို အရင်းပြုကာ လောကီ၊ လောကုတ္တရာ အရည်အသွေးများ ပိုမိုမြင့်တက်အောင် လုပ်နိုင်သူများအတွက်ကား ထိုသို့ပြုလုပ်ခွင့်ရသော လူ့ဘဝသည် မွန်မြတ်လှသည့် ဒုလ္လဘတရားတွင် အကျုံးဝင်ပါသည်။ သို့သော် ရရှိထားသော လူ့ဘဝကို ဦးတည်ချက်မရှိဘဲ ကျချင်ရာကျ၊ လွင့်ချင်ရာလွင့် သဘောဖြင့် လောဘ၊ ဒေါသ၊ မောဟစသည့် ဒုစရိုက်နွံတွင် ပျော်မွေ့သူများအတွက်ကား ဤလူ့ဘဝရခြင်းသည် အလကားအကျိုးမဲ့သာဖြစ်၍ ဒုလ္လဘတရားတွင် မပါဝင်နိုင်ပါ။

ရခဲသော လူ့ဘဝကို ရထားသည့်လူသားများအဖို့ ဘုရားရှင်တိုင်း၏ ဩဝါဒအနှစ်ချုပ် တရားသုံးပါး ဒေသနာကြီး ကျင့်သုံးလိုက်နာလျှင် ဒုလ္လဘမည်သော အကျိုးအမြတ်ကို ရရှိခံစားရလိမ့်မည်မလွဲပါတည်း။ မကောင်းမှု အကုသိုလ်ဟူသမျှ မပြုလုပ်ရ၊ ရှောင်ကြဉ်ရမည်။ ကောင်းမှုကုသိုလ်ဟူသမျှ ပြည့်စုံစေရမည်။ ပြုလုပ်ရမည်။ မိမိစိတ်ကို စင်ကြယ်အောင်ထိန်းသိမ်းစောင့်ရှောက်ရမည်။

ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထကုသိုလ်၊ ဝိပဿနာကုသိုလ်ဟူ၍ ကာမကုသိုလ်လေးမျိုးရှိရာတွင် ကုသိုလ်စွမ်းအားအလျောက် အကျိုးပေးချင်းမတူကြောင်း ထင်ရှားစွာသိရပါသည်။ ဒါနထက် သီလ၊ သီလထက် သမထ၊ သမထထက် ဝိပဿနာကုသိုလ်က အကျိုးပေးပို၍ ကြီးကျယ်ပါကြောင်း သူမြတ်ပညာရှင်က ခွဲခြားပြထားပါသည်။ ဒါနကုသိုလ်နှင့် သီလကုသိုလ်တို့သည် ဒါနကုသိုလ်ရှင်၊ သီလကုသိုလ်ရှင်များကို ကာမသုဂတိဘုံဖြစ်သော လူ့ဘဝ၊ နတ်ဘဝသို့ ပို့ဆောင်ပေးကာ၊ လူ့စည်းစိမ်၊ နတ်စည်းစိမ်တို့ကိုလည်း ခံစားစေပါသည်။ သို့သော် ဈာန်၊ အဘိညာဉ်ဟူသော လောကီအကျိုးနှင့် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ဟူသော လောကုတ္တရာအကျိုးများကိုကား တိုက်ရိုက်မဖြစ်ပေါ်စေနိုင်ကြောင်းလည်း သူတော်စင်က ဖော်ပြထားပါသည်။

သမထ၊ ဘာဝနာကုသိုလ်သည် ဈာန်၊ အဘိညာဉ်တရားတို့ကို တိုက်ရိုက်ဖြစ်ပေါ်စေကာ ကုသိုလ်ရှင်ကို ဗြဟ္မာဘုံသို့ ပို့ဆောင်လျက် ဗြဟ္မာချမ်းသာကို ခံစားစေပါသည်။ ထိုနည်းအတူ ဝိပဿနာဘာဝနာကုသိုလ်သည် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တရားများကို တိုက်ရိုက်ဖြစ်ပေါ်စေနိုင်စွမ်းရှိလျက် ကုသိုလ်ရှင်ကို အရိယာစခန်းသို့ ပို့ဆောင်ပေးပါကြောင်း။

ဤသို့ဆိုသဖြင့် လောကုတ္တရာကုသိုလ်(မဂ်ကုသိုလ်)ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသူသည် လောကီကုသိုလ်များပြုလုပ်ရန် မလိုဟု အစွန်းတရားတို့ မကပ်မိစေရန် သူမြတ်က သတိပေးထားပါသေးသည်။ အဘယ်ကြောင့်ဆိုသော် လောကီကုသိုလ်များကို အခြေမခံဘဲ လောကုတ္တရာကုသိုလ်ဖြစ်ပွားရန် ခဲယဉ်းသောကြောင့် ဖြစ်ပေသည်။

တစ်စုံတစ်ယောက်သည် လောကုတ္တရာကုသိုလ်ဖြစ်ပွားခွင့်ရရန် အားထုတ်ရာတွင် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံဟူသော ဘုံတစ်ခုခုတွင် တိဟိတ်ပုဂ္ဂိုလ်အနေဖြင့် ဖြစ်တည်နေရပါမည်။ ထိုသို့အားထုတ်နိုင်ရန် (လူ့ဘုံအတွက် ဆိုပါက) ကျန်းမာရေးကလည်းကောင်းရပါမည်။ စီးပွားရေးကလည်း ကောင်းရပါမည်။ လူမှုရေးစသည်တို့ အဆင်ပြေနေရန်လည်း လိုအပ်ပါသည်။ ထိုကဲ့သို့သောအခြေအနေကောင်းများကို ရရှိအောင်ကား ထိုပုဂ္ဂိုလ်၏ ဒါန၊ သီလစသော လောကီကုသိုလ်များက တာဝန်ယူစီမံပေးကြလို့သာဖြစ်ပေသည်။

တစ်ခုတော့သတိထားရန် သူတော်မြတ်က ဤသို့ဆိုထားပါသည်။ **စာမျက်နှာ ၇ သို့** ◆

**"နေ့စဉ် စားဝတ်နေရေးအတွက် ဆောင်ရွက်ကြရင်း အကုသိုလ်အညစ်အကြေးဖယ်ရှားခြင်း၊ ကုသိုလ်ကောင်းမှုဖြည့်ဆည်းခြင်း အလုပ်တို့ကို နည်းသည်ဟုမမှတ်ယူကြဘဲ "သတိ"တရားဖြင့် ဆောင်ရွက်သွားကြပါက ဆည်းပူးမပြတ် ကုသိုလ်မှုပါရမီသည် တစ်နေ့ထက်တစ်နေ့၊ တစ်ဘဝထက်တစ်ဘဝ ပြည့်ဖြိုးရင့်သန်လာကာ ဘဝကူးစိုးရိမ်စရာ၊ ကြောက်စရာရှိပါတော့မည်လော။ အထက်ကဆိုခဲ့သည့် ကမ္ဘာ့မြေငလျင်ဟူသည့် သဘာဝဘေးအန္တရာယ်ကြီးဖြင့် မထင်မှတ်ပါဘဲ ကြုံရဦးတော့၊ ကမ္ဘာကြီးပင်ပျက်စီးသွားစေဦးတော့ လွဲရှောင်မရသော၊ ပုန်းရှောင်ထွက်ပြေးမရသော သေခြင်းတရားကို ရင်ဆိုင်ရသည်ဆိုသောအခါ တုန်လှုပ်စရာ ရှိပါဦးတော့မည်လော"**

# နိုင်ငံ့စီးပွားစွမ်းအား မြှင့်မားရေး

တည်ကြည်မောင်

မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးခရီးစတင်ပြီး မကြာမီမှာပင် ပြည်သူလူထုမှ တစ်ခဲနက်ရွေးကောက်တင်မြှောက်ခဲ့သည့် အရပ်သားစစ်စစ်ပါတီကြီးတစ်ခုက အပြတ်အသတ်အနိုင်ရရှိကာ နိုင်ငံတော်ကို ဦးဆောင်ခွင့်ရနေပြီဖြစ်ရာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအပိုင်းသည် အတော်အတန် ခရီးရောက်ပြီဟု ဆိုနိုင်စရာရှိပါသည်။ သို့သော် စနစ်တစ်ခုမှတစ်ခုသို့ ပြောင်းလဲရာတွင် နိုင်ငံရေးစနစ် ပြောင်းလဲရုံနှင့် မလုံလောက်ပါ။ အပြောင်းအလဲကို ခိုင်ခံ့အောင်၊ ရေရှည်တည်တံ့အောင်၊ အလုံးစုံပြောင်းလဲနိုင်အောင် ဆောင်ရွက်ဖို့ဆိုပါက နိုင်ငံရေးတစ်ခုတည်းနှင့် ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ စီးပွားရေးပြုပြင်ပြောင်းလဲမှုကိုလည်း စဉ်ဆက်မပြတ် ယှဉ်တွဲဆောင်ရွက်နိုင်ရန် အရေးကြီးသည်။ သို့မှသာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ရေရှည်ခိုင်မာနိုင်မည်၊ မြဲမြံနိုင်မည် ဖြစ်သည်။

စီးပွားရေးပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် နိုင်ငံတော်တစ်ရပ်လုံးအတိုင်းအတာဖြင့်ဆိုပါက ကုန်ထုတ်လုပ်မှုမြင့်မားရေး၊ ဂျီဒီပီတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားစွမ်းအား မြှင့်မားတိုးတက်ရေးတို့အတွက် ဆောင်ရွက်ရန် လိုအပ်သည်။ ထိုသို့ တိုးတက်နိုင်ရန်အတွက်မှာ အဓိကအားဖြင့် လူသားအရင်းအမြစ်များအပေါ်တွင် မူတည်သည်။ ထို့ကြောင့် ဦးစွာအနေဖြင့် လူသားအရင်းအမြစ်ကို ကောင်းစွာစီမံခန့်ခွဲနိုင်ရန် အရေးကြီးသည်။ နိုင်ငံအတွင်း အလုပ်လုပ်နိုင်သည့် လူဦးရေ၊ အလုပ်လက်မဲ့ဦးရေနှင့် အလုပ်လက်မဲ့နှုန်း၊ နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်နေသောလူဦးရေ စသည့် လူသားအရင်းအမြစ်ဆိုင်ရာ ကိန်းဂဏန်းများမရှိသေးပါက မှန်ကန်စွာရရှိအောင် ဦးစွာဆောင်ရွက်သင့်သည်။ ယုံကြည်စိတ်ချရသော ကိန်းဂဏန်း၊ စာရင်းဇယားများရရှိအောင် ဆောင်ရွက်နိုင်မှသာ လူအင်အားနှင့် လူ့စွမ်းအား စီမံခန့်ခွဲမှုကို ရေတို၊ ရေရှည် စီမံချက်၊ စီမံကိန်းများအတွက် ထိရောက်စွာ ဖော်ဆောင်နိုင်မည်ကို ငြင်းနိုင်မည်မထင်ပါ။

လေ့လာသိရှိရသည့် ကိန်းဂဏန်းများအရ မြန်မာနိုင်ငံမှ နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်ကိုင်နေသူ စုစုပေါင်း ငါးသန်းဝန်းကျင်ခန့်အထိ ရှိသည်ဟု သိရသည်။ ထိုပမာဏကို အနီးစပ်ဆုံးမှန်ကန်သည့် ကိန်းဂဏန်းတစ်ခု ရရှိအောင် စိစစ်ဆောင်ရွက်ထားသင့်ပေသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တစ်ခုတည်းအတွက်ဆိုပါက နိုင်ငံခြားသို့ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်သည့် လုပ်သားဦးရေ ၁၄၇၃၈၁ ဦး ရှိသည်ဟု သိရသည်။ တစ်ရက်တွင် ပျမ်းမျှအားဖြင့် ၄၀၄ ဦး နိုင်ငံခြားသို့ ထွက်ခွာ၍ အလုပ်လုပ်ကိုင်ခဲ့သည့်သဘောဖြစ်သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၁၈၁၇၄၄ ဦး သွားရောက်ခဲ့ရာ တစ်ရက်ပျမ်းမျှ ၄၉၈ ဦးသွားရောက်ခြင်း ဖြစ်သည့်အတွက် ယခင်ဘဏ္ဍာနှစ်ထက်ပင် ပိုမိုများပြားသည်ကို လေ့လာတွေ့ရှိရသည်။

အထက်ပါကိန်းဂဏန်းများအရ နိုင်ငံအတွင်း အလုပ်အကိုင်ပေးနိုင်မှုနှင့် ဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်မှုအခြေအနေ နည်းပါးလျော့ပါးလာသည်ကို တွေ့မြင်နိုင်သည်။ ထို့ကြောင့် နိုင်ငံအတွင်း အလုပ်လက်မဲ့အခြေအနေ၊ အလုပ်အကိုင်ရှိသော်လည်း လောက်သည့်ဝင်ငွေရရှိနိုင်မှုရှိ၊ မရှိ အခြေအနေများနှင့် လုပ်ငန်းအလိုက်၊ ဒေသအလိုက် ဝင်ငွေကွာဟမှုအခြေအနေ အစရှိသည့် ကိန်းဂဏန်းများ မှန်ကန်စွာကောက်ယူပြုစုနိုင်မည်ဆိုပါက လူသားအရင်းအမြစ်စီမံခန့်ခွဲရေးအပါအဝင် နိုင်ငံအခြေအနေနှင့် လိုက်လျောညီထွေရှိပြီး လက်ငင်းအလုပ်ဖြစ်နိုင်မည့် စီးပွားရေးလုပ်ငန်းများကို ဖော်ထုတ်၍ အားပေးဆောင်ရွက်နိုင်မည်ဖြစ်သည်။

ယနေ့ကာလအထိပင် နိုင်ငံရပ်ခြားသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့်ပမာဏမှာ အများအပြားရှိနေသေးကြောင်း သိရသည်။ ကြားသိရသလောက် တရားဝင်၊ တရားမဝင် သွားရောက်လုပ်ကိုင်နေကြသူများအနက် အများစုသည် ရေလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် အခြားဆက်စပ်သည့်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေကြသူများ ဖြစ်သည်ဟု ဆိုကြသည်။

တစ်ဖက်တွင်မူ မြန်မာနိုင်ငံသည် စိုက်ပျိုး၊ မွေးမြူရေးနိုင်ငံတစ်ခုဖြစ်သည့်အတွက် အလုပ်အကိုင် အခွင့်အလမ်းအများဆုံးပေးနိုင်သည့် လုပ်ငန်းမှာ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းပင်ဖြစ်နေသည်။ စိုက်ပျိုးရန်အတွက် မြေ၊ ရေနှင့် လူအသင့်ရှိနေသည်။ အရင်းအနှီးပြည့်စုံရန်သာ လိုသည်။ ယင်းကိစ္စကို နိုင်ငံတော်က ပံ့ပိုးကူညီအားပေးလျှင် အလုပ်အကိုင် အခွင့်အလမ်းများ ကောင်းမွန်လာကာ ဝင်ငွေတိုး၍ နိုင်ငံဖွံ့ဖြိုးတိုးတက်နိုင်ပြီး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများကို လိုက်မီရုံသာမက ကျော်တက်နိုင်ရန်လည်း အခွင့်အလမ်းများရှိကြောင်း ယုံကြည်ထားပါသည်။

တစ်ချိန်တည်းမှာပင် အဆိုပါရည်မှန်းချက် ပြည့်မီရန်အတွက် အရည်အချင်းနှင့် စေတနာကောင်းသောလုပ်ငန်းရှင်များ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များကို အားပေးသင့်သည်။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဆိုသည့်စကားအတိုင်းပင် ပြည်တွင်းလုပ်ငန်းရှင်များ၏အား၊ ပြည်တွင်းလုပ်သားများ၏အားကို နိုင်ငံတော်အတွက် ထိရောက်မှန်ကန်စွာ အသုံးပြုလာနိုင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားအောင်မြင်မှုများ ရရှိလာနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအား၊ စီးပွားစွမ်းအားနှင့် ဂျီဒီပီ တိုးတက်မှုများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

အစိုးရသစ်တက်လာပြီးနောက်ပိုင်း အရေးယူပိတ်ဆို့မှုများ ပြေလျော့လာခြင်းနှင့်အတူ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ကိုလည်း ရေးဆွဲပြဋ္ဌာန်းလာနိုင်ခဲ့ခြင်းကြောင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာကြတော့မည်ဟု မျှော်လင့်ချက်ရောင်ခြည်များ သန်းလာခဲ့သည်။ သို့သော် များမကြာမီမှာပင် ရခိုင်အရေးအခြေအနေများ ပိုမိုရှုပ်ထွေးလာခြင်း၊ မူလကပင် နိုင်ငံ၏ အခြေခံအဆောက်အအုံများ ပြည့်စုံလုံလောက်မှုမရှိခြင်းနှင့် အခြားသော အကြောင်းများကြောင့် ထိုမျှော်လင့်ချက်များ ရုတ်ချည်းပျောက်ဆုံးလာခဲ့ရသည်။ သို့သော် ရောက်ရှိပြီးဖြစ်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှာလည်း မိမိတို့နိုင်ငံနှင့် နိုင်ငံသားများ၏ ဈေးကွက်ကို ဝင်ပြီးရယူသွားကြသည်သာ များသည်ကို တွေ့မြင်နေရပါသည်။ အကြမ်းဖျင်းအားဖြင့် ရောက်ရှိပြီးဖြစ်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ကြည့်မည်ဆိုပါက အချိုရည်၊ ဘီယာ၊ စီးကရက် စသည့် အဖျော်ယမကာလုပ်ငန်းများ၊ ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းများ စသည်တို့ ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းနှင့် နည်းပညာနည်းပါးသည့် လုပ်ငန်းများသာဖြစ်ကြရာ နိုင်ငံသားများအပေါ် များစွာအကျိုးပြုနိုင်သည့် လုပ်ငန်းများဟု မဆိုသာပါ။ ထိုအကြောင်းကြောင့်လည်း ပြည်တွင်းလုပ်ငန်းရှင်များကို ပိုမို၍အားပေးမြှင့်တင်ပေးရန် လိုအပ်လျက်ရှိနေပါသည်။

တကယ်တမ်းဆိုရပါလျှင် နိုင်ငံတော်အနေဖြင့် ပြည်တွင်းလုပ်ငန်းရှင်များကိုသော်လည်းကောင်း၊ လုပ်သားထုကိုသော်လည်းကောင်း၊ တောင်သူလယ်သမားများကိုသော်လည်းကောင်း ကောင်းစွာပံ့ပိုးကူညီမှုပေးနိုင်ခြင်း မရှိခဲ့သည်မှာ ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့ပြီဟုဆိုနိုင်သည်။ ထိုသို့ ဆိုရခြင်းမှာ ဒေသတွင်းနိုင်ငံများရှိ လုပ်ငန်းရှင်များ၊ အလုပ်သမားများ၊ တောင်သူလယ်သမားများရရှိနေသည့် အခွင့်အရေးများနှင့် နှိုင်းယှဉ်ကြည့်ပြီး ဆိုရခြင်းဖြစ်ပေသည်။ ကိုယ့်နိုင်ငံတစ်ခုတည်းအတိုင်းအတာနှင့်ဆိုပါက ထိုက်သင့်သည့် ကူညီမှုများပေးခဲ့သည်ဟု ဆိုစရာရှိပါလိမ့်မည်။ သို့သော် မိမိတို့၏ နိုင်ငံသည် ဒေသတွင်းနိုင်ငံများကိုကျော်လွှားနိုင်ရေး (သို့မဟုတ်) ဒေသတွင်းနိုင်ငံများရှိ လူမှုစီးပွားအခြေအနေများနှင့် တန်းတူဖြစ်ရေးကို သွားနေသည်ဖြစ်ရာ ဒေသတွင်းနိုင်ငံများရှိ ၎င်းတို့၏ ပြည်သူများရရှိနေကြသည့် ပံ့ပိုးကူညီမှုများမရရှိပါက မိမိတို့၏ ပြည်သူများအနေဖြင့် တန်းတူညီရေး၊ ကျော်တက်ရေးအတွက် တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း ကြိုးပမ်းကြရသည်တွင် များစွာခက်ခဲနှောင့်နှေးမှုများဖြစ်နေမည်သာ ဖြစ်သည်။

မြန်မာနိုင်ငံသည် ၂၀၁၈ ခုနှစ် မတ်လတွင် ကုလသမဂ္ဂ၏ သတ်မှတ်ချက်များနှင့် ကိုက်ညီခဲ့သဖြင့် ၂၀၂၁ ခုနှစ်တွင် ပြုလုပ်မည့် ကုလသမဂ္ဂဖွံ့ဖြိုးရေးမူဝါဒဆိုင်ရာကော်မတီ (CDP – Committee for Development Policy) ၏ အစည်းအဝေးတွင် ဒုတိယအကြိမ် ထပ်မံကိုက်ညီပါက ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ LCD အဖြစ်မှ လွတ်မြောက်မည်ဟု မကြာသေးမီရက်ပိုင်းက ထုတ်ပြန်ခဲ့သော သတင်းများအရ သိရသည်။ LCD စာရင်းဝင် နိုင်ငံဖြစ်ခြင်း၊ မဖြစ်ခြင်း၊ LCD နိုင်ငံစာရင်းမှ လွတ်မြောက်ခြင်း၊ မလွတ်မြောက်ခြင်းထက် နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးမှုများကို ပြည်သူများ လက်တွေ့အမှန်တကယ် ရရှိခံစားနိုင်ကြခြင်းက ပို၍အရေးကြီးသည်။ ထို့ကြောင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်၊ လုပ်သားအရင်းအမြစ်များကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန်၊ နိုင်ငံ့စီးပွားစွမ်းရည်၊ ကုန်ထုတ်စွမ်းရည်များ တိုးတက်ကောင်းမွန်ရန်တို့အတွက် နိုင်ငံတော်မှ လက်တွေ့ဆောင်ရွက်နိုင်သည်များကို ဘက်စုံထောင့်စုံမှ လက်တွေ့ကျကျ ထိထိရောက်ရောက် ပံ့ပိုးကူညီ ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ့စီးပွားစွမ်းအား မြှင့်မားအောင် ကြိုးပမ်းသင့်ပါကြောင်း တိုက်တွန်းရေးသားအပ်ပေသည်။ ။

> LCD စာရင်းဝင် နိုင်ငံဖြစ်ခြင်း၊ မဖြစ်ခြင်း၊ LCD နိုင်ငံစာရင်းမှ လွတ်မြောက်ခြင်း၊ မလွတ်မြောက်ခြင်းထက် နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးမှုများကို ပြည်သူများ လက်တွေ့အမှန်တကယ် ရရှိခံစားနိုင်ကြခြင်းက ပို၍အရေးကြီးသည်။ ထို့ကြောင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်၊ လုပ်သားအရင်းအမြစ်များကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန်၊ နိုင်ငံ့စီးပွားစွမ်းရည်၊ ကုန်ထုတ်စွမ်းရည်များ တိုးတက်ကောင်းမွန်ရန်တို့အတွက် နိုင်ငံတော်မှ လက်တွေ့ဆောင်ရွက်နိုင်သည်များကို ဘက်စုံထောင့်စုံမှ လက်တွေ့ကျကျ ထိထိရောက်ရောက် ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ့စီးပွားစွမ်းအား မြှင့်မားအောင် ကြိုးပမ်းသင့်ပါကြောင်း ...

◆ စာမျက်နှာ ၆ မှ

ဒါနကျင့်စဉ်သည် လှူလိုသည်၊ စေတနာရှိပြီး မိမိတတ်နိုင်သမျှ ဝတ္ထုပစ္စည်းကို အလှူခံပုဂ္ဂိုလ်ထံ လှူဒါန်းပေးကမ်းလိုက်ရုံဖြင့် ကမ္မပထမြောက်သွားပြီး ဒါနအမှု အောင်မြင်သွားပါသည်။ သီလကျင့်စဉ်ကား ဤမျှနှင့်မပြည့်စုံဘဲ ကိုယ်၊ နှုတ်နှစ်ပါးကို ထိန်းသိမ်းစောင့်စည်းရသဖြင့် ပို၍ခက်ခဲပါသည်တဲ့။ သီလ ဆိုသည်မှာ ကိုယ်နှင့်နှုတ်ကို ကောင်းစွာထားခြင်း ဟူသော အဓိပ္ပာယ်ရှိပါသည်တဲ့။ ကာယကံ၊ ဝစီကံ အမှုတို့၌ အကုသိုလ်မဖြစ်ရန် ထိန်းသိမ်းခြင်း ဖြစ်ပါသည်တဲ့။

သည်နေရာတွင် သည်သို့တွေ့သိရခြင်းဖြင့် ဤသည်တရားများအား အခက်အခဲကြီးတစ်ရပ်အဖြစ် မတွေးစေလိုပါ။ အမှန် ခက်လည်း မခက်ပါ။ ဗုဒ္ဓဘာသာဝင်တိုင်း နေ့စဉ်ပြုလုပ်နေကြဖြစ်သော ကောင်းမှု၊ ဒါနဟူသည် ဗုဒ္ဓမြတ်စွာကလည်း လမ်းညွှန်ဟောကြားခဲ့သော ပုညကြိယာဝတ္ထု ၁၀ ပါးကို ဉာဏ်နှင့် စင်ကြယ်သောစိတ်ဖြင့် ပြုကျင့်ရုံသာ အလွယ်ကူဆုံးကျင့်စဉ်တစ်ခုကို ပြောပြချင်ရုံသာရှိပါသည်။ မိရိုးဖလာအစဉ်အလာကပင် ပေးကမ်းစွန့်ကြဲမှု အလေ့အထများ ရှိခဲ့စေခြင်းကြောင့် တစ်ကြောင်း၊ ပြုလုပ်ရန် မခဲယဉ်းသောကြောင့် တစ်ကြောင်း မိမိတို့ပစ္စည်းကို တခြားပုဂ္ဂိုလ်များအား ခွဲဝေလှူဒါန်းခြင်း၊ ထောက်ပံ့စေခြင်း စသည့် ဒါနမှုကို ဗုဒ္ဓဘာသာဝင်တို့ ပုံစံအမျိုးမျိုးဖြင့် ပြုလုပ်နေကျပင်မဟုတ်လော။ အနည်းဆုံး နံနက်မိုးသောက်သည်နှင့် ဘုရားမျက်နှာသစ်တော်ရေ ကပ်လှူခြင်း၊ သောက်တော်ရေချမ်း ကပ်လှူခြင်း၊ ဆွမ်းတော်ကပ်ခြင်း၊ သံဃာတော်တို့ကို ဆွမ်းလောင်းလှူမှုမျိုးသည်လည်း ဝန်မလေးသောဒါန ဖြစ်ပေသည်။

နောက်ပြီး မိတ်ဆွေများ၊ ဧည့်သည်များအား ဧည့်ခံကျွေးမွေးခြင်း၊ အလှူခံပုဂ္ဂိုလ်လာလျှင် လောင်းလှူခြင်း၊ အိမ်မွေးတိရစ္ဆာန်များကိုဖြစ်စေ၊ ကျေးငှက်သာရကာတို့ကိုဖြစ်စေ အစာကျွေးခြင်းတို့သည်လည်း ဒါနသာ ဖြစ်ပါသည်။ မိဘများအား လုပ်ကျွေးသမှုပြုခြင်း၊ သားသမီးများကို ပြုစုစောင့်ရှောက်ခြင်းများသည်လည်း လောကဝတ္တရားကို ကျေပွန်ခြင်းဖြစ်သလို ဒါနလည်း ဖြစ်ပါသည်။ ဤသို့ နေ့စဉ်ပြုလုပ်နေကျဖြစ်သော ဒါနမှုများသည် ကုသိုလ်ကောင်းမှု စင်စစ်ဖြစ်ပါသည်။ သို့သော် ထိုကုသိုလ်ကောင်းမှုတို့ကို သဒ္ဓါတရား ဖြူဖြူစင်စင်ဖြင့် ပြုလုပ်ပါ၊ ပညာဉာဏ်အသိစိတ်ဖြင့် ကောင်းစွာပြုလုပ်ပါ။ အမှတ်တမဲ့မဟုတ်ဘဲ အမှတ်ထင်ထင်ဖြင့် နှလုံးသွင်းကောင်းကောင်းထားပြုလုပ်ပါ။

သို့ဆိုလျှင် "ကံအကျိုးပေးသည်၊ ကြီးကျယ်ထင်ရှားရှိလာပါလိမ့်မည် မလွဲတည်း၊ ညောင်စေ့လောက် လှူပြီး ညောင်ပင်ကြီးလောက် အကျိုးပေးခြင်းကား ဉာဏ်နှင့်ယှဉ်မှု၏ ရလဒ်သာပင်တည်း။ အနည်းငယ်သော ကောင်းမှုသည် (မိမိအား)အကျိုးရောက်လိမ့်မည်မဟုတ်ဟု ကောင်းမှုကို မထီမဲ့မြင် မအောက်မေ့ရာ၊ မိုးရေပေါက်သည် ကျဖန်များသော် ရေအိုးပြည့်လာဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်မျှသော (ကုသိုလ်)ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များသော် ကောင်းမှုဖြင့် ပြည့်စုံလေတော့၏" ဟု ဓမ္မပဒပါဠိတော်တွင် လာရှိပါသည်။ နေ့စဉ်နေ့တိုင်းပင် ကြုံစည်ပြောဆိုလှုပ်ရှားမှုများဖြင့် မိမိတို့ဘဝကို အကောင်းဆုံးပုံဖော်ဖို့ "သတိ"တစ်ချက် မမေ့စေဖို့ပင် လိုမည်ထင်ပါသည်။

ထို့ကြောင့် အချိန်သီးခြားယူ၍ မကျင့်ကြံနိုင်ကြသည့်တိုင် နေ့စဉ် စားဝတ်နေရေးအတွက် ဆောင်ရွက်ကြရင်း အကုသိုလ်အညစ်အကြေး ဖယ်ရှားခြင်း၊ ကုသိုလ်ကောင်းမှုဖြည့်ဆည်းခြင်း အလုပ်တို့ကို နည်းသည်ဟု မမှတ်ယူကြဘဲ "သတိ"တရားဖြင့် ဆောင်ရွက်သွားကြပါက ဆည်းပူးမပြတ် ကုသိုလ်မှုပါရမီသည် တစ်နေ့ထက်တစ်နေ့၊ တစ်ဘဝထက်တစ်ဘဝ ပြည့်ဖြိုးရင့်သန်လာကာ ဘဝကူးစိုးရိမ်စရာ၊ ကြောက်စရာ ရှိပါတော့မည်လော။ အထက်ကဆိုခဲ့သည့် ကမ္ဘာ့မြေလျင်ဟူသည့် သဘာဝဘေးအန္တရာယ်ကြီးဖြင့် မထင်မှတ်ပါဘဲ ကြုံရဦးတော့၊ ကမ္ဘာကြီးပင် ပျက်စီးသွားစေဦးတော့ လွှဲရှောင်မရသော၊ ပုန်းရှောင်ထွက်ပြေးမရသော သေခြင်းတရားကို ရင်ဆိုင်ရသည်ဆိုသောအခါ တုန်လှုပ်စရာ ရှိပါဦးတော့မည်လော။

ကံသာလျှင် အမိ၊ ကံသာလျှင် အဖ၊ ကံသာလျှင် မိမိကိုယ်ပိုင်ဥစ္စာဆိုခဲ့သလို မိမိပြုသော အမှုသည် မိမိသာ ခံစား၊ စံစားရသည်ဆို မဟုတ်လော။ ။

# ဒဂုံမြို့နယ်တွင် မေရီချက်(ပ်)မင်းနားမကြားသော ကလေးများကျောင်း ငါးထပ်ဆောင်သစ် ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၃**

မေရီချက်(ပ်)မင်းနားမကြားသော ကလေးများကျောင်း ငါးထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ်၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အစိုးရအနေဖြင့် ပြည်သူ့လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေပြီး ပြည်သူများကိုယ်တိုင်ကလည်း ပူးပေါင်းပါဝင်လျက်ရှိပါကြောင်း၊ လူတိုင်းအခြေခံလူ့အခွင့်အရေးရရှိရန်၊ မသန်စွမ်းသူများအတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စောင့်ရှောက်မှုများရရှိနေပြီဖြစ်ပါကြောင်း၊ ကလေးသူငယ်များ၏ အခွင့်အရေးများဖြစ်သော အသက်ရှင်ခွင့်၊ စောင့်ရှောက်ခံပိုင်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်နှင့် ပါဝင်ခွင့်များရရှိရေးအတွက်ကိုလည်း မသန်စွမ်းကလေးငယ်များရရှိရန် ဥပဒေနှင့်အညီ အမျိုးသားကော်မတီဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ ခန္ဓာကိုယ်ကြီးထွားမှုနှင့် ဦးနှောက်ဖွံ့ဖြိုးမှုများအတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးမှုနှေးကွေးခြင်း၊ ဖွံ့ဖြိုးမှုပုံမှန်မဖြစ်ခြင်း စသည်တို့ကို စောစီးစွာသိရှိပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပြုပြင်ပေးနိုင်ရန် Early Childhood Intervention (ECI) ကို ဆောင်ရွက်လျက်ရှိသဖြင့် မသန်စွမ်းမှုကိုလျှော့ချနိုင်ပါကြောင်း၊ အကြားအာရုံချို့ယွင်းသော်လည်း စွမ်းဆောင်နိုင်သူများ ဖြစ်စေရေးကို ယခုကဲ့သို့ ကူညီထောက်ပံ့မှုပေးခြင်းအတွက် ကျေးဇူးတင်ဂုဏ်ယူပါကြောင်းနှင့် အစိုးရအနေဖြင့်လည်း ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မှဒိတာစကား အသီးသီးပြောကြားကြ၍ အသစ်ဆောက်လုပ် လှူဒါန်းထားသော ငါးထပ်ကျောင်းဆောင်သစ်ကို အလှူရှင်နှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အလှူရှင်မှာ မေရီချက်(ပ်)မင်း ကျောင်းသူဟောင်း ဒေါ်ခင်ခင်စု ဖြစ်ကြောင်း၊ ယခုအခါ ငါးထပ်ကျောင်းဆောင်သစ်ကို




အသုံးပြု၍ နားမကြားသောကလေးငယ်များကို နည်းပညာအထောက်အကူဖြင့် စာပေသင်ကြားခြင်း၊ စကားပြောနိုင်ရန် လေ့ကျင့်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားလေ့ကျင့်ပေးခြင်းတို့ကို တိုးချဲ့၍ ထိရောက်စွာ ဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေး တက်ရောက်သူများ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။

# အကြိမ်(၂၀)မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်မှုအစည်းအဝေး ကျင်းပ

**တောင်ကြီး ဇွန် ၃**

အကြိမ်(၂၀) မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် တောင်ကြီးမြို့ Royal Taunggyi Hotel ၌ ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်အောင်ဝင်းဦးနှင့် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ (ONCB) Secretary General Mr. Sirinya Sitdhichai တို့က အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် လက်ရှိမူးယစ်ဆေးဝါး ပြဿနာရပ်များ အခြေအနေနှင့် (၁၉) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများ ပြန်လည်ဆန်းစစ်ခြင်း၊ တားဆီးနှိမ်နင်းရေးဆောင်ရွက်မှုများ၊ ရွှေ့ပြောင်းထိန်းချုပ်ရေးဆောင်ရွက်မှုများ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးသင်တန်း၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးစီမံခန့်ခွဲမှု ပြန်လည်ဆန်းစစ်ခြင်း၊ မြန်မာ-ထိုင်း နယ်စပ်တစ်လျှောက် မူးယစ်ဆေးဝါးပူးတွဲထိန်းချုပ်မှု စစ်ဆင်ရေးစီမံချက် ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးကို ဇွန် ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ထန်းတပင်မြို့နယ်တွင် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ထန်းတပင် ဇွန် ၃**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇွန် ၃ ရက် နံနက် ၁၀ နာရီက ရေပေါ်သောင်ကျေးရွာအုပ်စု ရေပေါ်သောင်ကျေးရွာ စာကြည့်တိုက်၌ ကျင်းပသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးငွေးမော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် ပညာရေး၊ ကျန်းမာရေး၊ လမ်း၊ တံတား၊ ရေ၊ မီး၊ ဆိုင်ရာကဏ္ဍများအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာကေသီမောင်က သိပ္ပံနည်းကျမွေးမြူရေးနှင့် စည်းစနစ်ကျ မွေးမြူရေးပညာပေးအကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးထက်ခိုင်ကျော်က မီး၊ ရေ၊ လေ၊ မုန်တိုင်းသဘာဝဘေးအန္တရာယ်ကျရောက်လာပါကရှောင်ရန်၊ ဆောင်ရန်အချက်များကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးစိုးခိုင်က စိုက်ပျိုးရေးဆိုင်ရာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး ပညာပေးဆွေးနွေးခြင်းကိုလည်းကောင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်း နည်းပညာအကြံပေး ဦးကျော်ကျော်နိုင်က မြစိမ်းရောင်စီမံကိန်းနှင့် လူထုဗဟိုပြုစီမံကိန်းအကြောင်းအရာများကို ဆွေးနွေးပြောကြားကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(မြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင်

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

# တောင်နဝင်းဆည်ရေသောက်စနစ်များ ပြုပြင်ပြီးစီးပါက စိုက်ပျိုးဧက ၇၀၀၀၀ ကျော် ရေပေးဝေနိုင်မည်

**သဲကုန်း ဇွန် ၃**

တောင်နဝင်းဆည် ရေသောက်စနစ် အဆင့်မြှင့်တင် ပြုပြင်ပြီးစီးပါက စိုက်ပျိုးဧက ၇၂၇၀၈ ဧကကို စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

တောင်နဝင်း ရေလှောင်တမံကို ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ရပ်သစ်ကျေးရွာအနီး ဖြတ်သန်းစီးဆင်းနေသော ရေဆင်းဧရိယာ ၂၄၇ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှ စီးဝင်ရေဧကပေ ၂၁၀၀၀၀ ရှိ တောင်နဝင်းချောင်းကို ပိတ်၍ တည်ဆောက်ထားပြီး ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာ ဧက ၁၀၉၈၀၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၂၈၇၀၀၀ ရှိကြောင်း သိရသည်။

တောင်နဝင်း ရေလှောင်တမံနှင့် ဆည်ရေသောက်စနစ်ကို ၁၉၈၅-၁၉၈၆ ခုနှစ်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ မြန်မာအင်ဂျင်နီယာများက စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၄-၁၉၉၅ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း၊ တောင်နဝင်းဆည်ရေသောက်စနစ်သည် နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံများအတွက် တစ်နှစ်ပတ်လုံး ရေပေးဝေနေရသဖြင့် တူးမြောင်းများအတွင်း သဲနုန်းများ ပို့ချလာခြင်း၊ ရေမှော်နှင့်သစ်ပင်ငယ်များ ပေါက်




လာခြင်း၊ တူးမြောင်းပေါင်များ အားနည်းလာခြင်း၊ နိမ့်ကျလာခြင်း၊ တူးမြောင်းအုတ်လိုင်နင်များ ပြန်လည်ပြုပြင်ရန် လိုအပ်လာခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)တို့၏ သဘောတူညီချက်အရ ODA ချေးငွေဖြင့် တောင်နဝင်းဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ စီမံကိန်းကာလ ငါးနှစ်ဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၂)က တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တောင်နဝင်းဆည် ရေသောက်စနစ်တွင် ပါဝင်သော သဲကုန်းမြို့နယ်အတွင်းရှိ တောစုကျေးရွာ ဝက်ပုတ်ကွင်းရှိ လယ်သမားကြီးများ ဖြစ်ကြသော ဦးခင်အေး၊ ဦးသန်းမောင်၊ ဦးမြင့်အေးတို့က ၎င်းတို့ကွင်းသည် မြောက်နဝင်းဆည် ရေသောက်ဒေသဖြစ်ပြီး ဆည်ပြီးစီးကတည်းက ၃၂ နှစ်တာကာလအတွင်း မိုးစပါးနှင့် အခြားသီးနှံများကိုသာ စိုက်ပျိုးခဲ့ရကြောင်း၊ ယခုအခါ တောင်နဝင်းဆည်မှ စိုက်ပျိုးရေလုံလောက်စွာရရှိတော့မည်ဖြစ်သဖြင့် နွေစပါးပါ စိုက်ပျိုးနိုင်တော့မည်ဖြစ်သောကြောင့် များစွာဝမ်းမြောက်မိကြောင်း ပြောသည်။

တောင်နဝင်းဆည် ရေသောက်စနစ်သည် တူးမြောင်းမကြီးအလျား ၃၂ ဒသမ ၂၄ မိုင်၊ လက်တံမြောင်း ၃၅ ခုနှင့် လက်ခွဲမြောင်းမကြီး နှစ်ခုတို့ပါဝင်သော ဆည်ရေသောက်စနစ်ဖြစ်ကြောင်း၊ အဆိုပါဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၈၂ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ထိန်လင်း(မန်းတက္ကသိုလ်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဘူးသီးတောင်ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**ဘူးသီးတောင် ဇွန် ၃**

မောင်တောမြို့၌ ရောက်ရှိနေသည့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၈ နာရီတွင် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမ၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အစိုးရ၏ နှစ် နှစ်တာကာလ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရန် လာရောက်ရခြင်းဖြစ်ပါကြောင်း၊ ဆောင်ရွက်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၏ အားနည်းချက်၊ အားသာချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအကြံပြုစေလိုပါကြောင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များကို အပြုသဘောဆောင်၍ အကြံပြုဆွေးနွေးစေလိုပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ခြင်း၏ အကျိုးရလဒ် အသီးအပွင့်များကို ဒေသခံပြည်သူများ လက်တွေ့ခံစားနေကြရပြီ ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုး မွေးမြူရေးစသည့် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးရန်လိုအပ်ပါကြောင်း။

တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးပါကြောင်း၊ အလားတူ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးသည် အဓိကအရေးပါသည့် အခန်းကဏ္ဍတစ်ရပ် ဖြစ်ပါကြောင်း၊ ဒေသတွင်းတည်ငြိမ်အေးချမ်းမှသာ ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ် ပီပြင်စွာပေါ်ပေါက်လာစေရန် အစွမ်းကုန် ကြိုးပမ်းအားထုတ်လုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း၊ ထိုသို့ လုပ်ဆောင်ကြရာတွင် တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ရပ်တည်းဖြင့် လုပ်ဆောင်၍မရဘဲ အများပြည်သူဝိုင်းဝန်းလုပ်ဆောင်ကြမှသာ အောင်မြင်မည်ဖြစ်ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။





**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ်။**

ထို့နောက် ဘူးသီးတောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းက မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ ဦးကျော်လွင်၊ ဒေါက်တာချမ်းသာနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘူးသီးတောင်မြို့နယ် စံဂိုးထောင်ကျေးရွာရှိ သုံးဆယ့်တစ်ဘုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် စေတီတော်မွှာရုံ၌ စံဂိုးထောင်ကျေးရွာရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဖုံညိုလိပ်ကျေးရွာအဝင်လမ်း တည်ဆောက်မည့် အခြေအနေများနှင့် သရက်ပြင်ကျေးရွာ မူလတန်းကျောင်းကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**သတင်းစဉ်**



# ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ စစ်တွေ၌ ကျင်းပ

**စစ်တွေ ဇွန် ၃**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၂၁) ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျောက်၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း ၊အမှတ် (၄) လုံခြုံရေး ကွပ်ကဲရေးမှူး ရဲမှူးချုပ်မြဝင်း၊ ရခိုင်ပြည်နယ် ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလင်းထွဋ်၊ အမှတ် (၃) မူးယစ်တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ညွန့်လွင်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက် ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲကို “အနာဂတ်ပန်းများ ပွင့်လန်းဖို့ မူးယစ်ဆေးဝါး တိုက်ဖျက်စို့”၊ “မူးယစ်ကင်းဝေး ကျန်းမာရေး အားကစားနှင့် မြှင့်တင်ပေး”၊ “နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ မူးယစ်ဆေးကို ဆန့်ကျင်စို့”၊ “လူငယ်ဘဝတိုးတက်ဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့”၊“လူသားရင်းမြစ် မျိုးဆက်သစ် မူးယစ်မှန်သမျှ တိုက်ဖျက်ပစ်”၊ “ဦးစွာနားထောင်ပါ” ဟူသည့် ခေါင်းစဉ် ခြောက်မျိုးဖြင့် ကျင်းပခဲ့ပြီး အခြေခံပညာ ကျောင်းသား ကျောင်းသူ ၁၈၀ ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူ ရှစ်ဦးက ပန်းချီပြိုင်ပွဲတွင် ၆၄ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ၅၃ ဦး၊ ပိုစတာပြိုင်ပွဲတွင် ၄၃ ဦးနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် ၂၆ ဦး ၊ အလွတ်တန်း ကာတွန်းပြိုင်ပွဲတွင် တစ်ဦးနှင့် အလွတ်တန်း ပိုစတာပြိုင်ပွဲတွင် တစ်ဦး စုစုပေါင်း ၁၈၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရကျောင်းသား ကျောင်းသူများအား ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ပထမဆု ကျပ်တစ်သိန်း ၊ ဒုတိယဆု ကျပ်ခုနစ်သောင်း၊ တတိယဆု ကျပ်ငါးသောင်းနှင့် နှစ်သိမ့်ဆု ကျပ်သုံးသောင်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ပြိုင်ပွဲဝင်များအား ခဲ၊ ရောင်စုံဖယောင်း ၊ စုတ်တံ ၊ ရေဆေး၊ Color Pen ၊ ရောင်စုံခဲတံ၊ ပုံဆွဲခဲတံ ၊ ပုံဆွဲစက္ကူ ၊ Soft Pen စသည့် ပုံဆွဲကိရိယာများကို အခမဲ့ ဖြန့်ဝေကြသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# နံ့သာတောင် ပညာဒါနပရဟိတကျောင်းမှ ယခုနှစ်တွင် ၂၅ ရာခိုင်နှုန်းအထိအောင်မြင်

**မောင်တော ဇွန် ၃**

ရခိုင်ပြည်နယ် မောင်တောဒေသ နံ့သာတောင် ပညာဒါနပရဟိတကျောင်းမှ ယခုဖြေဆိုပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်သူ ၂၅ ရာခိုင်နှုန်းအထိ ရှိခဲ့ကြောင်း သိရသည်။

နံ့သာတောင် ပညာဒါနပရဟိတကျောင်းသည် ပြီးခဲ့သည့် ပညာသင်နှစ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ပွားခဲ့ခြင်းကြောင့် မောင်တောမြို့ရှိ မြို့မဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့ကာ ပညာသင်ကြားခဲ့ရသည့် ကျောင်းတစ်ကျောင်း ဖြစ်သည်။

အဆိုပါ နံ့သာတောင် ပညာဒါနပရဟိတကျောင်းမှ တက္ကသိုလ်ဝင်တန်းဖြေဆိုသူ ၁၁၆ ဦးအထိ ရှိခဲ့ပြီး အောင်မြင်သူ ၂၇ ဦး ရှိခဲ့ကာ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

ယခုပညာသင်နှစ်တွင်လည်း မောင်တောမြို့ရှိ မြို့မဘုန်းတော်ကြီးကျောင်းတွင် ဆက်လက်ပညာသင်ကြားကာ နံ့သာတောင်ကျေးရွာ တည်ဆောက်ပြီးစီးမှသာ မူလပညာသင်ကြားခဲ့သည့် နံ့သာတောင် ပညာဒါနပရဟိတကျောင်းသို့ ရွှေ့ပြောင်းပညာသင်ကြားမည်ဖြစ်ကြောင်းနှင့် လက်ရှိကျောင်းအပ်လက်ခံထားသည့် ကျောင်းသား ကျောင်းသူဦးရေ ၂၀၀ ကျော် ရှိသွားပြီဖြစ်ကြောင်းလည်း အဆိုပါကျောင်းမှ ဆရာဦးထွန်းမင်းနိုင်က ပြောကြားသည်။

**နိုင်လင်းကြည်၊ ဇင်ဦး**

# ရန်ကုန်တိုင်းဒေသကြီး၌ စက်ဘီးစီးနင်းပွဲတော် ကျင်းပ

**ရန်ကုန် ဇွန် ၃**

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရွှေမျက်နှာစာ၌ ယနေ့ နံနက် ၆ နာရီက World Bicycle Day နေ့အဖြစ် စက်ဘီးစီးနင်းပွဲတော် ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် ဒုတိယ ဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းဒေသကြီး စက်ဘီးဆပ်ကော်မတီဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်မင်းသန်းနှင့် အပျော်တမ်း စက်ဘီးစီးအားကစားသမားများ ပါဝင်တက်ရောက်ကြသည်။

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်က စက်ဘီးစီးနင်းပွဲကို သေနတ်ပစ်ဖောက် တာလွှတ်ပေးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အပျော်တမ်း စက်ဘီးစီးအားကစားသမား ၁၁၀၀ ကျော်တို့သည် ဝေဇယန္တာလမ်းတစ်လျှောက် စီးနင်းကြပြီး ပါရမီမီးပွိုင့်လမ်းဆုံမှ ပြန်လှည့်ကာ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏရွှေ့သို့ ပြန်လည်ပန်းဝင်ခဲ့ကြသည်။

**ကြေးမုံ**



# အနာဂတ်ကြယ်ပွင့်များ၏ ရည်မှန်းချက်နှင့် ဝမ်းသာပီတိစကားသံများ

**၂၀၁၈ ခုနှစ် မတ်လတွင် ကျင်းပစစ်ဆေးခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို ယမန်နေ့နံနက်ပိုင်းတွင် ထုတ်ပြန်ကြေညာရာ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သိပ္ပံဘာသာတွဲမှ အမှတ်အများဆုံးရရှိခဲ့ကြသူများ၏ ဝမ်းသာပီတိစကားသံများ၊ ကြိုးစားခဲ့ပုံများနှင့် ရည်မှန်းချက်များကို တွေ့ဆုံမေးမြန်းဖော်ပြလိုက်ပါသည်-**


မောင်ထက်မြတ်မင်းထွန်း


မောင်အောင်ဖုန်းပြည့်


မမေဖြူစင်ဝင်း

**မောင်ထက်မြတ်မင်းထွန်း
(ခြောက်ဘာသာဂုဏ်ထူးရှင်၊
အထကလှေ့ကျင့်ရေး၊ ကမာရွတ်)
(မြန်မာတစ်နိုင်ငံလုံး စတုတ္ထ)**

အမှတ်ပေါင်း ၅၅၀ ရရှိတဲ့သုံးယောက်ထဲမှာ ကျွန်တော်က မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အဆင့်(၄) ရရှိခဲ့ပါတယ်။ ဒီအဆင့်ကိုရရှိခဲ့တဲ့အတွက် မိဘတွေရဲ့ဂုဏ်၊ ဆွေမျိုးတွေရဲ့ဂုဏ်၊ ဆရာသမားတွေရဲ့ဂုဏ်၊ ကျောင်းရဲ့ဂုဏ်ကို ဆောင်နိုင်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ နှစ်စကနေ နှစ်ဆုံးအထိ တစ်နှစ်ပတ်လုံး စာကိုပဲတစိုက်မတ်မတ်နဲ့ ကြိုးစားခဲ့ပါတယ်။ ကိုယ်လုပ်ချင်တာတွေ၊ ဖြစ်ချင်တာတွေရှိပေမယ့် အဲဒါတွေကို တစ်နှစ်လောက်ခဏမေ့ထားပြီး တစ်နှစ်ပတ်လုံး လုပ်သင့်တာကိုပဲ လုပ်ခဲ့ရတယ်။ အတန်းတိုင်းမှာ အဆင့် (၁)ကနေ (၁၀)အတွင်း ဝင်ပါတယ်။ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးအဆင့် ထူးချွန်ဆုတွေ ရခဲ့ပါတယ်။ သုံးထပ်ကွမ်းဆုတွေလည်း ရရှိခဲ့ပါတယ်။ မိဘတွေကလည်း တစ်နှစ်ပတ်လုံး လိုအပ်တဲ့အရာတွေအားလုံးကို ဖြည့်ဆည်းပေးပါတယ်။ ဆရာ ဆရာမတွေကလည်း စိတ်ရှည်ရှည်နဲ့ လမ်းညွှန်သင်ကြားပေးခဲ့ပါတယ်။ ဆရာသမား၊ မိဘတွေရဲ့ကျေးဇူးကြောင့်ပဲ ဒီအဆင့်ကိုရရှိခဲ့တာပါ။ ရည်မှန်းချက်ကတော့ ရန်ကုန်နည်းပညာတက္ကသိုလ် တက်ချင်ပါတယ်။ နိုင်ငံခြားထွက်ဖို့လည်း အစီအစဉ်တွေရှိပါတယ်။ နိုင်ငံတော်အတွက်လည်း လိုအပ်တဲ့ဘက်က အမြဲဖြည့်ဆည်းပေးဖို့ အဆင်သင့်ပါပဲ။ တက္ကသိုလ်ဝင်တန်းဖြေဆိုကြမယ့် ညီငယ်၊ ညီမငယ်တွေအနေနဲ့ အမြဲကြိုးစားပါ။ ကိုယ်ဖြစ်ချင်တာတွေရှိပေမယ့်လည်း အဲဒါတွေကိုခဏမေ့ထားပြီး ဖြစ်သင့်တာကိုလုပ်ပါ။ ရှေ့ကလူတွေထက် ပိုကြိုးစားကြပါ။ ထူးချွန်အောင်လုပ်ကြပါ။ ဒါမှလည်း ကျွန်တော်တို့နိုင်ငံကြီး တိုးတက်ဖွံ့ဖြိုးအောင်မြင်လာမှာပါ။ ပညာရေးစနစ်တွေပြောင်းလဲလာတဲ့အတွက်လည်း နောင်လာနောက်သားတွေအတွက် အများကြီးအကျိုးရှိမှာပါ။

**မောင်အောင်ဖုန်းပြည့်
(ခြောက်ဘာသာဂုဏ်ထူးရှင်၊
အထကလှေ့ကျင့်ရေး၊ ကမာရွတ်
(မြန်မာတစ်နိုင်ငံလုံး ပဉ္စမ)**

အမှတ်ပေါင်း ၅၅၀ ရရှိတဲ့သုံးယောက်ထဲမှာ ကျွန်တော်က မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အဆင့်(၅) ရရှိခဲ့ပါတယ်။ ကျောင်းစတက်တုန်းကတော့ မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးစာရင်းမှာ ဝင်ရမယ်လို့ မမျှော်မှန်းခဲ့ပါဘူး။ ခြောက်ဘာသာဂုဏ်ထူးထွက်ရမယ်လို့တော့ ရည်မှန်းချက်ထားခဲ့ပါတယ်။ ပုံမှန်ပဲ ကြိုးစားခဲ့တာပါ။ အချိန်ဇယားဆွဲပြီးလုပ်တာတော့ မရှိပါဘူး။ တစ်နေ့စာတစ်နေ့လုပ်တယ်။ အတန်းတိုင်းမှာတော့ ကျောင်းတွင်းအဆင့်၊ မြို့နယ်အဆင့် ၁၊ ၂၊ ၃ ဝင်ခဲ့တာရှိပါတယ်။ အခုလို အောင်စာရင်းထွက်တဲ့အချိန် အမှတ်အများဆုံးစာရင်းမှာ ပါလာခဲ့တော့ အတိုင်းမသိဝမ်းသာပီတိဖြစ်ရပါတယ်။ ငယ်စဉ်ကတည်းက သင်ကြားပေးခဲ့တဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဆရာဆရာမတွေက နှစ်စကနေပြီးတော့ နှစ်ဆုံးတဲ့အထိ လိုအပ်ချက်လစ်ဟာမှုမရှိအောင် ကူညီပံ့ပိုး သင်ကြားပြသပေးခဲ့ပါတယ်။ မိဘတွေအနေနဲ့လည်း လိုလေသေးမရှိအောင် ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ပေးခဲ့ပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးကအစ အားလုံးလုပ်ပေးခဲ့ပါတယ်။ ငယ်ငယ်ကတည်းက ကျွန်တော့်ရဲ့ရည်မှန်းချက်က အင်ဂျင်နီယာကောင်းတစ်ယောက် ဖြစ်ချင်ခဲ့တာပါ။ အင်ဂျင်နီယာကောင်းတစ်ယောက်ဖြစ်လာပြီဆိုရင်လည်း ကိုယ့်နိုင်ငံအတွက် တိုက်တာအဆောက်အအုံ၊ လမ်း၊ တံတားတွေ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကိုယ်တတ်တဲ့ပညာနဲ့ အစွမ်းကုန်ဖြည့်ဆည်းဆောင်ရွက်သွားမှာပါ။ ညီငယ်၊ ညီမငယ်တွေအတွက်လည်း နှစ်စကနေ နှစ်ဆုံးအထိ စာတွေကို ကြိုးစားကျက်မှတ်ပါ။ မေးခွန်းတွေကိုလည်း သေချာဖတ်ပြီး စိတ်အေးအေးထားဖြေဆိုပါ။ ကျန်းမာရေးကို အထူးဂရုစိုက်ပါ။ ဘာသာတရားကိုလည်း မမေ့ပါနဲ့။ မိဘ ဆရာသမားတွေကိုလည်း မပစ်မှားဘဲ နေ့စဉ်နေ့တိုင်းရှိခိုးကန်တော့ဖို့ အကြံပေးချင်ပါတယ်။ ပညာရေးစနစ်တွေလည်း တဖြည်းဖြည်းပြောင်းလဲလာပြီဖြစ်တဲ့အတွက် နောင်လာမယ့် ညီငယ်၊ ညီမငယ်တွေအတွက် အများကြီးအကျိုးရှိမှာပါ။

**မမေဖြူစင်ဝင်း (ခြောက်ဘာသာဂုဏ်ထူးရှင်၊
အထက-၃၊ ဗိုလ်တထောင်
(မြန်မာတစ်နိုင်ငံလုံး နဝမ)**

အမှတ်ပေါင်း ၅၄၈ မှတ် ရရှိတဲ့သုံးယောက်ထဲမှာ ညီမက မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အဆင့်(၉) ရရှိခဲ့ပါတယ်။ အဲဒီလိုရလိမ့်မယ်လို့တော့ မထင်ထားဘူး။ ပြောမပြတတ်အောင် ပျော်ပါတယ်။ စာကတော့ ပုံမှန်လုပ်တယ်။ အချိန်ဇယားတော့ မဆွဲခဲ့ဘူး။ လိုအပ်တာကို အတိုးအလျှော့လုပ်ပြီး ကြိုးစားတယ်။ ကျောင်းပုံမှန်တက်တယ်။ ဆရာ ဆရာမတွေရဲ့ သင်ကြားမှုကောင်းမွန်လို့လည်း ဒီဆုကိုရခဲ့တာပါ။ ငယ်ငယ်ကတည်းက သင်ကြားပေးခဲ့တဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ အမြဲတမ်း ဂါရဝထားပါတယ်။ မိဘတွေကလည်း အစစအရာရာ ဂရုစိုက်ပေးတယ်။ ကျန်းမာရေးကောင်းမွန်အောင် အစားအသောက်ကအစ အာဟာရရှိတာတွေ ကျွေးတယ်။ နေမကောင်းမဖြစ်အောင် ဂရုစိုက်ပေးပါတယ်။ စာနဲ့ပတ်သက်ပြီး ဖိအားပေးတာမျိုးတော့ မရှိပါဘူး။ ကိုယ့်ဘာသာ ပုံမှန်ကြိုးစားခဲ့ပါတယ်။ မသိတာရှိရင်တော့ ရှင်းပြပေးပါတယ်။ လမ်းညွှန်ပေးပါတယ်။ ငယ်ငယ်ကတည်းက အတန်းတိုင်းမှာ ပထမရခဲ့ပါတယ်။ စာစီစာကုံး ထူးချွန်ဆုတွေလည်း ရခဲ့ဖူးပါတယ်။ ရည်မှန်းချက်ကတော့ ဆေးတက္ကသိုလ်တက်ပြီး ဆရာဝန်ကောင်းတစ်ယောက်ဖြစ်ချင်ပါတယ်။ ဒီနှစ်က မေးခွန်းပုံစံတွေ ပြောင်းထားတော့ တက္ကသိုလ်ဝင်တန်းဖြေဆိုမယ့် မောင်ငယ်၊ ညီမတွေအတွက် မေးခွန်းပုံစံကို နားလည်အောင်လုပ်ပြီး စာတွေကိုပုံမှန်လုပ်ပါ။ စာတွေလုပ်ရတာများပေမယ့် ကျန်းမာရေးကိုလည်း ဂရုစိုက်ပါ။ အိပ်ရေးဝဝအိပ်ရင် စာကျက်တဲ့နေရာမှာ လန်းဆန်းပြီး စာတွေပိုရပါတယ်။ တခြားအာရုံတွေမထားဘဲနဲ့ စာကိုပဲတစိုက်မတ်မတ်လုပ်ပါ။ ဆရာ ဆရာမတွေရဲ့သင်ကြားမှုကိုလည်း သေချာလိုက်နာမှတ်သားပါ။ ရိုသေလေးစားမှုလည်းထားပါ။ အဲဒါဆိုရင် ကိုယ်ရည်မှန်းတဲ့ပန်းတိုင်ကို အောင်မြင်မှုတွေနဲ့အတူ ရောက်ရှိမှာပါ။

**တွေ့ဆုံမေးမြန်း-အေးမင်းသူ၊ ဇာနည်မောင်
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# အင်းစိန်ဗဟိုအကျဉ်းထောင်မှ တက္ကသိုလ်ဝင်စာမေးပွဲ ၃၄ ဦး ဖြေဆိုခဲ့ရာ ၁၉ ဦး အောင်မြင် သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် လေးဦး ထွက်ပေါ်

**ရန်ကုန် ဇွန် ၃**

၂၀၁၈ ခုနှစ် မတ်လတွင်ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ယမန်နေ့နံနက်ပိုင်းတွင် တစ်နိုင်ငံလုံးအနေဖြင့် ထုတ်ပြန်ကြေညာခဲ့ရာ ရန်ကုန်မြို့ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသားအကျဉ်းသူ ၃၄ ဦး ဖြေဆိုခဲ့သည့်အနက် ၁၉ ဦးအောင်မြင်ခဲ့ပြီး သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် လေးဦး ထွက်ပေါ်ခဲ့ကြောင်း အဆိုပါအကျဉ်းထောင်မှ သိရသည်။

အင်းစိန်ဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဦးက "၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အင်းစိန်ဗဟိုအကျဉ်းထောင်ကနေ အကျဉ်းသား (ကျောင်းသား) ၃၂ ဦး၊ အကျဉ်းသူတစ်ဦးနှင့် အချုပ်သားတစ်ဦးတို့ အပါအဝင် စုစုပေါင်း ၃၄ ဦး ဝင်ရောက်ဖြေဆိုခဲ့ပါတယ်၊ အဲဒီလိုဖြေဆိုတဲ့အထဲက ၁၉ ဦး အောင်မြင်ခဲ့ပါတယ်၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးနဲ့ တစ်ဘာသာဂုဏ်ထူးရှင် လေးဦး ထွက်ပေါ်ခဲ့ပါတယ်"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "အခုအောင်မြင်တဲ့သူတွေ အားလုံးကတော့ အကျဉ်းသားတွေပဲဖြစ်ပါတယ်၊ သူတို့အနေနဲ့ အပြင်မှာ ဘယ်လိုပဲပြစ်မှုတွေ ကျူးလွန်လာခဲ့ပေမယ့် အကျဉ်းထောင်ထဲမှာ သူတို့ရဲ့စိတ်ဓာတ်တွေကို ပြန်လည်ပြုပြင်ပြီး လူကောင်းလေးတွေဖြစ်လာတာတွေ့ရတဲ့အတွက် ဝမ်းသာစရာပါ၊ ကျွန်တော်တို့အနေနဲ့ သူတို့လေးတွေရဲ့စိတ်ဓာတ်ပိုင်း၊ အကျင့်စာရိတ္တပိုင်းနဲ့ ပညာသင်ကြားမှုအပိုင်းတွေကို ဆက်လက်တိုးမြှင့်ပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်၊ နောင်နှစ်တွေမှာလည်း ဒီထက်မက အောင်မြင်လာမယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

အင်းစိန်ဗဟိုအကျဉ်းထောင်အနေဖြင့် အကျဉ်းသား အကျဉ်းသူများနှင့် အမှုရင်ဆိုင်နေရသော အချုပ်သူ အချုပ်သားများကို ယင်းကဲ့သို့ ပညာသင်ကြားပြီး စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး အကျဉ်းထောင်အတွင်း၌ ကျောင်းချိန်များအတိုင်း သင်ခန်းစာများကို သင်ကြားပို့ချပေးခြင်း၊ နေ့စဉ်သင်ကြားမှုများကို ည ၇ နာရီမှ ၁၀ နာရီအထိ ပြန်လည်လေ့ကျင့်သင်ကြားမှုများ ပြုလုပ်ပေးခြင်းတို့ကို အကျဉ်းသား အကျဉ်းသူ ဘွဲ့ရပညာတတ်များ၊ ဆရာ ဆရာမများနှင့် အင်းစိန်မြို့နယ် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းကျောင်းများမှ ဆရာဆရာမများက အနီးကပ်သင်ကြားပို့ချပေးမှုတို့အပြင် ပြင်ပမှ စေတနာရှင် ဆရာ ဆရာမများကလည်း ကျောင်းပိတ်ရက်များတွင် လာရောက်သင်ကြားပေးခဲ့ကြောင်း သိရသည်။

အင်းစိန်ဗဟိုအကျဉ်းထောင်မှ ဦးစီးအရာရှိ ဦးသိန်းသန်းဦးက "တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမယ့် ကျောင်းသား ကျောင်းသူတွေကို ပုံမှန်ကျောင်းချိန်အတိုင်း သင်ခန်းစာတွေကိုတော့ အကျဉ်းထောင်ဝင်းအတွင်းမှာ ဖွင့်လှစ်ထားတဲ့ အင်းစိန်မြို့နယ် အမှတ်(၁၃) အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) မှာ သင်ကြားစေပါတယ်၊ ကျောင်းချိန်ပြီးဆုံးတဲ့အခါ တစ်နေ့တာသင်ကြားခဲ့တဲ့ စာတွေနဲ့ပတ်သက်ပြီး ည ၁၀ နာရီအထိ အကျဉ်းထောင်အတွင်းမှာ ပြန်လည်ကျက်မှတ်လေ့ကျင့်တာမျိုးတွေကို ပြုလုပ်ပေးခဲ့ပါတယ်၊ ဒါ့အပြင် ကျန်းမာရေးကောင်းမွန်အောင် ကိုယ်လက်လှုပ်ရှားအားကစားအစီအစဉ်ကို သတ်မှတ်အချိန်အတိုင်း နေ့စဉ်ပြုလုပ်စေခဲ့ပါတယ်"ဟု ပြောသည်။

ထို့အပြင် စာမေးပွဲဝင်ရောက်ဖြေဆိုမည့် အကျဉ်းသား အကျဉ်းသူများ ကျန်းမာရေးကောင်းမွန်နေစေရန် ကျန်းမာရေးစောင့်ကြပ်ကြည့်ရှုခြင်းများနှင့် အချိန်ပိုင်းအလိုက် မိမိဝါသနာပါရာ အားကစားပြုလုပ်ခြင်းများကိုလည်း ပြုလုပ်စေခဲ့ကြောင်း အဆိုပါအကျဉ်းထောင်မှ သိရသည်။

အင်းစိန်ဗဟိုအကျဉ်းထောင်အနေဖြင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ စတင်ကာ အကျဉ်းသား အကျဉ်းသူများကို တက္ကသိုလ်ဝင်တန်းအဆင့် ပညာရပ်များကို စတင်သင်ကြားပေးခဲ့ပြီး စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ပြုခဲ့ရာ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် နှစ်ဦး၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ခုနစ်ဦး၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ၁၁ ဦး၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ကိုးဦးနှင့် ယခုနှစ်တွင် ၁၉ ဦး အောင်မြင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ အကျဉ်းထောင်အတွင်း၌ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ပဉ္စမတန်း ၁၀ ဦး၊ ဆဋ္ဌမတန်း ကိုးဦး၊ သတ္တမတန်း သုံးဦး၊ အဋ္ဌမတန်း ၁၀ ဦး၊ နဝမတန်း ၁၇ ဦး၊ ဒသမတန်း ၃၅ ဦးတို့ ပညာသင်ကြားလျက်ရှိရာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ပညာသင်ကြားမှု ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇွန် ၁ ရက်တွင် ကျင်းပခဲ့ပြီး ပညာသင်ကြားမှုများ စတင်နေပြီဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး**

# ရန်ကုန်မြို့ ကျောင်းကားစနစ်သစ် စတင်ကျင့်သုံး၊ ယာဉ်လမ်းကြောင်းနှင့် လိုအပ်ချက်များကို ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးမည်

**ရန်ကုန် ဇွန် ၃**

၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများ၌ ကျောင်းကားစနစ်သစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁ ရက်မှစတင်၍ ကျောင်းနှစ်ကျောင်းတွင် စံပြအနေဖြင့် စတင်ကျင့်သုံးလျက်ရှိပြီး ယာဉ်လမ်းကြောင်းနှင့် လိုအပ်ချက်များအား ထပ်မံဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)မှ သိရသည်။

YRTA အတွင်းရေးမှူး ဒေါက်တာမောင်အောင်က "ဒီကနေ့မှာတော့ ကျောင်းကားလိုအပ်တယ်လို့ တင်ပြတဲ့ ကျောင်းနှစ်ကျောင်းကို စံပြအနေနဲ့ စတင်ပြေးဆွဲပေးတာ ဖြစ်ပါတယ်၊ ကျောင်းသားတွေအတွက် လုံခြုံစိတ်ချရအောင် ကျောင်းကားတွေကို စီစဉ်ဆောင်ရွက်ထားပါတယ်၊ ယာဉ်စီးခတွေကို အပြင်ပေါက်ဈေးနဲ့ အနီးစပ်ဆုံးဖြစ်အောင် ဆောင်ရွက်ထားပါတယ်၊ ကားတစ်စီးကို ကျောင်းသား ၂၈ ဦး ဆံ့ပါတယ်၊ လက်ရှိအခြေအနေမှာတော့ ယာဉ်လမ်းကြောင်းတစ်ခုကို ၁၅ ဦးလောက်ရှိရင် ကျွန်တော်တို့အနေနဲ့ ကျောင်းကား စီစဉ်ပေးသွားမှာပါ" ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "ကျောင်းကားဆိုတာကတော့ YBS နဲ့ မတူတဲ့အပြင် လမ်းကြောင်းတွေဖော်ရတာ ရှိပါတယ်၊ ဒီနေ့မှာဆိုရင် ကမာရွတ် TTC အတွက် ဆွဲထားတဲ့ လမ်းကြောင်း ၁၅ ကြောင်း ရှိပါတယ်၊ ဒါပေမယ့် တကယ်တမ်းကျတော့ လမ်းကြောင်း ၁၂ ကြောင်းပဲ ပြေးဆွဲနိုင်ပါသေးတယ်၊ ကျန်တဲ့ဟာတွေက စီးတဲ့ဦးရေနည်းတာတွေရှိပါတယ်၊ နောက်ရက်တွေမှာတော့ ကျောင်းအုပ်ဆရာကြီးတွေနဲ့ မိဘအုပ်ထိန်းသူတွေရဲ့ အကြံပြုချက်တွေနဲ့ပတ်သက်ပြီးတော့လည်း ယာဉ်လမ်းကြောင်းနဲ့ လိုအပ်ချက်တွေအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာပါ"ဟု ပြောသည်။

ထိုသို့ပြေးဆွဲရာတွင် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)၏ ကြီးကြပ်မှုဖြင့် Royal Golden Hand Co., Ltd. က တာဝန်ယူပြေးဆွဲပေးခြင်းဖြစ်ပြီး ပထမဆုံးအဆင့် (စံပြ) အနေဖြင့် ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း(TTC) ကမာရွတ်နှင့် (TTC) ရန်ကင်း စသည့် ကျောင်းနှစ်ကျောင်းတို့တွင် ဇွန် ၁ ရက်မှ စတင်ကာ ပြေးဆွဲပေးလျက်ရှိသည်။

အဆိုပါကုမ္ပဏီအနေဖြင့် ယာဉ်စီးရေ ၂၀၀ ခန့်ရှိသည့်အနက် ၁၀၀ ခန့်မှာ ပြေးဆွဲရန် အဆင်သင့်ဖြစ်နေသည့်အပြင် အလုံးစုံ အာမခံထားရှိမှုလည်း ပြုလုပ်ထားရှိပြီးဖြစ်ရာ ဇွန် ၁ ရက်က စတင်ပြေးဆွဲရာတွင် TTC ကမာရွတ်အနေဖြင့် ၂၉ စီး၊ TTC ရန်ကင်းအနေဖြင့် ၃၁ စီး အပါအဝင် ယာဉ်အစီးရေ ၆၀ ဖြင့် ပြေးဆွဲပေးနေခြင်းဖြစ်ကြောင်း သိရသည်။

"နောက်ထပ်ကျန်ရှိတဲ့ ယာဉ်အစီးရေ ၁၀၀ ကိုလည်း လိုအပ်ရင် ဖြည့်တင်းပြေးဆွဲနိုင်ဖို့ အဆင်သင့်နီးပါး ပြုလုပ်ထားပြီးဖြစ်ပါတယ်၊ CCTV တပ်ဆင်မှုအပိုင်းလောက်ပဲရှိတော့တာပါ၊ အခြားကျောင်းတွေရဲ့ ကျောင်းကားလိုအပ်ချက်အရ တင်ပြတောင်းဆိုလာရင်လည်း ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်၊ တဖြည်းဖြည်းများလာမယ်လို့ မျှော်လင့်ပါတယ်၊ ဒါကြောင့် ကျောင်းသားမိဘတွေကိုလည်း လိုအပ်ရင် ဆက်သွယ်ဖို့ပြောထားပါတယ်"ဟု ဒေါက်တာမောင်အောင်က ဆိုသည်။




TTC ရန်ကင်းကျောင်းသည် အချိန်ပြည့် ကျောင်းဖြစ်သော်လည်း TTC ကမာရွတ်ကျောင်းသည် သုံးချိန်ကျောင်းဖြစ်သည့်အတွက် ထိုသို့ပြေးဆွဲပေးရာတွင် သက်ဆိုင်ရာ ကျောင်းများအလိုက် ကျောင်းချိန်များအပေါ် မူတည်၍ ယာဉ်အစီးရေ လုံလောက်စွာဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ယာဉ်စီးခ နှုန်းထားများကိုမူ ကျောင်းနှင့်အနီးအဝေးပေါ် မူတည်ကာ ဈေးနှုန်းများ သတ်မှတ်ထားရှိပြီး တစ်လလျှင် ငွေကျပ် ၃၅၀၀၀ မှ ငွေကျပ် ၇၀၀၀၀ အထိ သတ်မှတ်ထားသော်လည်း ကျောင်းသားမိဘများထံမှ ရရှိသည့် အကြံပြုချက်များအပေါ် သက်ဆိုင်ရာအနေဖြင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဒေါက်တာမောင်အောင်ထံမှ သိရသည်။

TTC ကမာရွတ်ကျောင်းမှ ကျောင်းသားမိဘဖြစ်သူ လမ်းမတော်မြို့နယ်နေ ဒေါ်စန်းစန်းစိမ့်က "အခုလို ကျောင်းကားစနစ်တွေ ပြောင်းလဲပြေးဆွဲပေးတာ ကောင်းပါတယ်၊ ကျောင်းသားတွေအတွက် ပိုပြီး လုံခြုံစိတ်ချရပါတယ်၊ ပထမဆုံးနေ့မှာ အဆင်မပြေမှုတွေတော့ ရှိပါတယ်၊ အဓိကကတော့ လမ်းကြောင်းပြေးဆွဲမှုနဲ့ စုရပ်အလှမ်းဝေးနေတဲ့ အခက်အခဲတွေပါ၊ အဲဒါတွေကိုလည်း သက်ဆိုင်ရာက ညှိနှိုင်းပြီး ပြေးဆွဲပေးမယ်လို့တော့ ပြောပါတယ်၊ ဈေးနှုန်းအနေနဲ့ကတော့ လက်ရှိအခြေအနေအရ သတ်မှတ်ချက်တော့မရှိသေးပါဘူး၊ ၄၀၀၀၀ လို့တော့ ကြားပါတယ်၊ ဈေးနှုန်းလေး နည်းနည်းလျှော့ပေးရင် ပိုအဆင်ပြေမှာပါ၊ မိဘတွေကတော့ ဒီကျောင်းကားစနစ်ကို တော်တော်မျှော်လင့်ထားပါတယ်၊ နိုင်ငံတကာမှာလည်း အခုလို ကျောင်းကားစနစ်တွေ ကျင့်သုံးတဲ့အတွက် ရေရှည်မှာ အောင်မြင်မှုရလာလိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောသည်။

အလားတူ TTC ကမာရွတ်ကျောင်းမှ ကျောင်းသားမိဘဖြစ်သူ မရမ်းကုန်းမြို့နယ် မုဒိတာအိမ်ရာနေ ဦးစိုးမင်းလတ်က "ကျောင်းကားစနစ်သစ်က သတ်မှတ်နေရာကို ပို့ရတာမျိုးအပြင် ကလေးက ငယ်နေတဲ့အတွက် ကျွန်တော်တို့အတွက် အခက်အခဲရှိတာကြောင့် အရင်နှစ်တွေတုန်းကပို့တဲ့ ပုဂ္ဂလိကကျောင်းကားနဲ့ပဲ ဆက်ပြီး ပို့ဖြစ်ပါတယ်၊ အခု အစိုးရက စီစဉ်ပေးထားတဲ့ ကျောင်းကားကတော့ ကျွန်တော်တို့ပို့ရမယ့်အချိန်နဲ့ သူတို့လာကြိုတဲ့ပုံစံကြောင့် သိပ်အဆင်မပြေပါဘူး"ဟု ပြောသည်။

ရန်ကုန်ကျောင်းကားစနစ်သစ်တွင် စတင်ပြေးဆွဲသည့် ဇွန် ၁ ရက်တွင် သက်ဆိုင်ရာကျောင်းများမှ ကျောင်းသား ကျောင်းသူများအနေဖြင့် သတ်မှတ်စုရပ်သို့ သွားရောက်စီးနင်းရခြင်း၊ သတ်မှတ်ယာဉ်လမ်းကြောင်းများကို အပြည့်အဝ ပြေးဆွဲပေးနိုင်မှုမရှိခြင်းတို့ကြောင့် အခက်အခဲအချို့ ကြုံတွေ့ခဲ့ကြရကြောင်း ကျောင်းသားမိများထံမှ သိရသည်။

Yangon School Bus (YSB) ယာဉ်မောင်း ဦးခင်မောင်ဌေးက "ကျောင်းသားတွေအတွက် ယာဉ်စီးရာမှာ လုံခြုံစိတ်ချမှုရှိအောင် ဆောင်ရွက်ထားပါတယ်၊ ဥပမာ ကျောင်းသား ကျောင်းသူတွေ ယာဉ်စီးတဲ့အခါမှာ ခါးပတ် ပတ်ထားရမှာဖြစ်သလို အတက်၊ အဆင်း ပြုလုပ်တဲ့အခါမှာလည်း ဟိုက်ဒရောလစ်စနစ်နဲ့ လှေကားတွေ ပါပါတယ်၊ ကားထဲမှာဆိုရင်လည်း အရေးပေါ် မီးသတ်ဆေးဘူးတွေအပြင် ရှေးဦးသူနာပြုဆေးသေတ္တာတွေလည်း အသင့်ဆောင်ထားပါတယ်၊ လောလောဆယ်မှာလည်း ကျောင်းသားမိဘတွေအနေနဲ့ ကလေးတွေကို စိတ်မချရင် ယာယီသဘောအနေနဲ့ လေး၊ ငါးရက်လောက်အထိ ကျောင်းကားနဲ့ လိုက်လံစီးနင်းပို့ဆောင်တာမျိုး လုပ်လို့ရပါတယ်၊ ဇွန် ၁ ရက် စီးနင်းမှုအခြေအနေကတော့ စာရင်းပေးထားတဲ့အထဲက ၅၀ ရာခိုင်နှုန်းလောက်ပဲ လိုက်ပါစီးနင်းကြပါသေးတယ်။ ဒါကလည်း ပထမဆုံးကျောင်းစဖွင့်တဲ့နေ့ဖြစ်တာကြောင့် မိဘတွေအနေနဲ့ ကိုယ့်အစီအစဉ်နဲ့ကိုယ် လိုက်ပို့ကြတာကြောင့်လည်း ဖြစ်ပါတယ်"ဟု ပြောသည်။

ယခု ပညာသင်နှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်းကားစနစ်သစ်ကို ပြေးဆွဲရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်မြို့နယ်များရှိ အဓိကလမ်းမကြီးများနှင့် ယာဉ်ကြောကျပ်တည်းမှု အများဆုံးဖြစ်ပေါ်လေ့ရှိသည့် နေရာများတွင်တည်ရှိသော အခြေခံပညာကျောင်း ၂၂ ကျောင်းတို့ကို ကျောင်းကားစနစ်အသစ်ဖြင့် ပြေးဆွဲသွားရန် တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ပထမအဆင့်အနေဖြင့် TTC ကမာရွတ်နှင့် TTC ရန်ကင်းကျောင်းတို့ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

လက်ရှိပြေးဆွဲနေသည့် ကျောင်းကားများတွင် ကျောင်းသား ကျောင်းသူများကို ကူညီဆောင်ရွက်ပေးနိုင်ရန် YRTA မှ သင်တန်းပို့ချထားသည့် ကြီးကြပ်သူ(ယာဉ်မယ်) တစ်ဦးစီပါရှိခြင်း၊ အရေးပေါ်ဆေးသေတ္တာများပါရှိခြင်းနှင့် မော်တော်ယာဉ်၏ လုံခြုံရေးစနစ်များနှင့် ကျောင်းသားကျောင်းသူများ အဆင်း၊ အတက် ပြုလုပ်ရာတွင် လွယ်ကူစေသောစနစ်များ ပါရှိခြင်းတို့အပြင် နောက်ဆက်တွဲအနေဖြင့် ကတ်စနစ်ကို အသုံးပြု၍ ယာဉ်စီးနင်းခြင်းနှင့် ယာဉ်ရောက်ရှိရာ လမ်းကြောင်းများကို မိဘအုပ်ထိန်းသူတို့အနေဖြင့် ဖုန်းထဲမှတစ်ဆင့် အက်ပလီကေးရှင်းကို အသုံးပြုပြီး ကြည့်ရှုနိုင်ရန်တို့အတွက်ကိုလည်း စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

ယခု ပညာသင်နှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ကျောင်း ကြို၊ ပို့ယာဉ်များကို လိုက်ထရပ်ယာဉ်များအား အသုံးပြုခွင့်မပြုတော့ဘဲ မီနီဘတ်စ်နှင့် (အံ့စာတုံး၊ စူပါကာစတန်ကဲ့သို့) မိုက်ခရိုဘတ်စ်များကိုသာ ကျောင်း ကြို၊ ပို့ယာဉ်များအဖြစ် ခွင့်ပြုထားကြောင်း၊ ထို့ပြင် လက်ရှိပြေးဆွဲနေသည့် ပုဂ္ဂလိကကျောင်း ကြို၊ ပို့ယာဉ်များအနေဖြင့်လည်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ကညန)က သတ်မှတ်ထားသည့် စည်းကမ်းချက် ၁၂ ချက်နှင့် ပြည့်စုံရန်လိုကြောင်း၊ ကျောင်းကြို၊ ပို့ယာဉ်များအနေဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံစိတ်ချမှု ပြည့်ဝရန်လိုအပ်ကြောင်း၊ ယခုနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ညာမောင်းယာဉ်များကို ခြွင်းချက်အနေဖြင့် ခွင့်ပြုထားသော်လည်း လာမည့်နှစ်တွင် သက်ဆိုင်ရာက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ပြည့်စုံသောယာဉ်များကိုသာ ခွင့်ပြုသွားမည်ကို အသိပေးထားပြီးဖြစ်ခြင်းတို့ကြောင့် လာမည့်နှစ်တွင် ကျောင်းကားပြေးဆွဲမှုစနစ်သစ်ကို ပိုပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်တော့မည် ဖြစ်ကြောင်း ဒေါက်တာမောင်အောင်က ဆိုသည်။

ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် ယာဉ်ကြောကျပ်တည်းမှုကို အတိုင်းအတာတစ်ခုအထိ ဖြေလျှော့လာနိုင်မည့်အပြင် ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရသည့် ကျောင်းကားစနစ်ကို ပိုပြင်စွာအကောင်အထည်ဖော် ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

○ ကျောဖုံးမှ

ဖန်တီးပေးမှုမှတစ်ဆင့် ထူးထူးအောင်က အဖွင့်ဂိုး သွင်းယူခဲ့သည်။ ၁၅ မိနစ်တွင် ဖွန်ဆီကာ၏ ကန်ချက် ဘားထိခဲ့၍ ဇွဲကပင်အသင်း နစ်နာခဲ့ရပြီး ပွဲကိုထိန်းချုပ်ထားသည့် Southern အသင်းက ၂၉ မိနစ်တွင် ဂိုးထပ်ရခဲ့ကာ ကောင်းစည်သူက သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ဇွဲကပင်အသင်း ချေပဂိုးရရန် ကြိုးပမ်းလာပြီး ၅၇ မိနစ်တွင် ဖွန်ဆီကာက ပင်နယ်တီမှတစ်ဆင့် ဂိုးပြန်သွင်းခဲ့သည်။ ဇွဲကပင်အသင်းသည် ချေပဂိုးထပ်ရရန် ကြိုးပမ်းခဲ့သော်လည်း Southern အသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ၆၅ မိနစ်တွင် ကောင်းစည်သူက သွင်းယူခဲ့သည်။

မုံရွာကွင်း၌ ကျင်းပသည့်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက စစ်ကိုင်းအသင်းကို နှစ်ဂိုးပြတ် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယအကျော့တွင် နှစ်ပွဲဆက်အနိုင်ရခဲ့ပြီး ထိပ်ဆုံးမှ ရန်ကုန်အသင်းကို ငါးမှတ်အကွာဖြင့် ဆက်လက်ဖိအားပေးလျက်ရှိသည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၅ မိနစ်တွင် ခရစ္စတိုဖာ၊ မိနစ် ၅၀ တွင် ရန်နိုင်ဦးတို့က သွင်းယူခဲ့သည်။ ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ဧရာဝတီနှင့် GFA အသင်း တစ်ဂိုးစီသရေကျခဲ့သည်။ ၃၇ မိနစ်တွင် အီဖာက GFA အတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း မိနစ် ၈၀ တွင် ရန်ပိုင်စိုးက ဧရာဝတီအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ယမန်နေ့က ကျင်းပသည့်ပွဲများတွင် ရန်ကုန်အသင်းက ရခိုင်အသင်းကို အဝေးကွင်း၌ သုံးဂိုး-နှစ်ဂိုး၊ ရတနာပုံအသင်းက မကွေးအသင်းကို အဝေးကွင်း၌ နှစ်ဂိုး-ဂိုးမရှိ၊ ဟံသာဝတီအသင်းက မြဝတီအသင်းကို ကိုးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ်(၁၄)အပြီးတွင် ရန်ကုန်အသင်းက ၁၃ ပွဲကစား ၃၂ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်အသင်းက ၁၃ ပွဲကစား ၂၇ မှတ်၊ မကွေးအသင်းက ၁၃ ပွဲကစား ၂၄ မှတ်၊ ရတနာပုံအသင်းက ၁၃ ပွဲကစား ၂၃ မှတ်၊ ဟံသာဝတီအသင်းက ၁၃ ပွဲကစား ၂၁ မှတ်၊ ရခိုင်အသင်းက ၁၄ ပွဲကစား ၂၀ မှတ်၊ Southern အသင်းက ၁၄ ပွဲကစား ၁၉ မှတ်၊ ဇွဲကပင်အသင်းက ၁၃ ပွဲကစား ၁၇ မှတ်၊ ဧရာဝတီအသင်းက ၁၃ ပွဲကစား ၁၆ မှတ်၊ စစ်ကိုင်းအသင်းက ၁၄ ပွဲကစား ၁၁ မှတ်၊ GFA အသင်းက ၁၄ ပွဲကစား ၁၀ မှတ်၊ မြဝတီအသင်းက ၁၃ ပွဲကစား နှစ်မှတ်ရထားသည်။

**ရှိုင်းထက်ဇော်**

## သမိုင်းဘူတာပျံ့ကျဈေးသစ်တွင် ဈေးဝယ်သူများနှင့် ရထားစီးခရီးသည်များ ဘေးကင်းရန် တံတားတည်ဆောက်

**ရန်ကုန် ဇွန် ၃**

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် သမိုင်းဘူတာရထားလမ်း ပလက်ဖောင်းပေါ်မှ ပျံ့ကျဈေးသည် ၄၀ အား နေရာချထားပေးနိုင်ရန် ဘူတာဈေးသစ် ဆောက်လုပ်ထားပြီး ဈေးဝယ်မည့်ပြည်သူများနှင့် ရထားစီးခရီးသည်များ ဘေးအန္တရာယ်ကင်းစေရန် ဈေးသစ်နှင့် တစ်ဆက်တည်း ရထားသံလမ်းကျော်တံတား တည်ဆောက်ထားသည်ကို ဇွန် ၃ ရက်က တွေ့ရသည်။

ထိုသမိုင်းဘူတာဈေးသစ်တွင် ရထားလမ်းပလက်ဖောင်းပေါ်မှ ပျံ့ကျဈေးသည်များသာ ပြောင်းရွှေ့ရောင်းချခွင့်ပေးမည်ဖြစ်ကြောင်း၊ ဈေးသစ်တွင်ရောင်းချမည့် ပျံ့ကျဈေးသည်များကလည်း ဈေးကြီးကြပ်ရေးအဖွဲ့၏ သတ်မှတ်စည်းမျဉ်း စည်းကမ်းနှင့်အညီ ရောင်းချပြီး ဈေးသန့်ရှင်းသပ်ရပ်ရေးလုပ်ငန်းကို ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပျံ့ကျဈေးသည်တစ်ဦးက ပြောသည်။

"အခုဆောက်လုပ်ထားတဲ့ ဈေးသစ်ကို တိုင်းအမှတ်(၇) ရန်ကုန်ရထားပို့ဆောင်ရေးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ ဈေးများဌာနနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်ထားပါတယ်၊ ရထားစီးခရီးသွားတွေနဲ့ ပျံ့ကျဈေးသည်တွေ ဘေးအန္တရာယ်ကင်းစေဖို့ ဈေးသစ်နဲ့ဆက်ပြီး ရထားလမ်းကျော်တံတားလည်း ဆောက်လုပ်ထားပါတယ်"ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သမိုင်းဘူတာတွင် ပလက်ဖောင်းပေါ်မှ ပျံ့ကျဈေးသည်များနှင့် ရထားစီးခရီးသည်များ အန္တရာယ်ကင်းအောင် စီမံဆောင်ရွက်ထားသလို စီးပွားရေးမြို့တော် အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်စိမ်းလန်းစိုပြည်သည့် သမိုင်းဘူတာဖြစ်လာရန် ဝိုင်းဝန်းကူညီရန်လိုကြောင်း ဘူတာဝန်းကျင်နေ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။ **ထွန်းဝင်း**

# ရေပူစစ်ဆေးရေးစခန်းတွင် အထောက်အထားမဲ့ သစ်တုံးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၃**

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် ဇွန် ၂ ရက်က CANTER မော်တော်ယာဉ်တစ်စီးနှင့် ခရီးသည်တင် မော်တော်ယာဉ်တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲသား ၅၄ တုံး(၂ ဒသမ ၄၃၆၈ တန်)၊ တမလန်းခွဲသား ၁၅ တုံး (သုည ဒသမ ၃၄၅၂ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ် နှစ်စီး စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈ ဒသမ ၃၄၆ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇွန် ၂ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၂၇ စီး၊ သွင်းကုန် ၉၅၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅ စီး၊ သွင်းကုန် ၁၆၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈ ဒသမ ၃၄၆ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၂၆၁ သန်းခန့်) စုစုပေါင်းတားဆီးမှု ခြောက်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈ ဒသမ ၆၀၇ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ညောင်ဦးမြို့နယ် အောက်ညဉ့်ကျေးရွာအနီး ဓာတ်ငွေ့ပိုက်လိုင်း ယိုစိမ့်မှုဖြစ်ပွား

**ညောင်ဦး ဇွန် ၃**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်မှ မန္တလေးတိုင်းဒေသကြီး မြင်းခြံ-ကျောက်ဆည်-မန္တလေးမြို့များသို့ ပို့လွှတ်သော ဓာတ်ငွေ့ပိုက်လိုင်းသည် ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် အောက်ညဉ့်အုပ်စု သူကောင်းတည်ကျေးရွာအနီး သမဝါယမအသင်းစု ပေါင်းစည်းလယ်ယာဝင်းအတွင်း ဇွန် ၃ ရက် နံနက် ၉ နာရီက ယိုစိမ့်မှုဖြစ်နေကြောင်း အထက်ညဉ့်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မျိုးခိုင်၏ ပြောပြချက်အရ သိရသည်။

အဆိုပါဖြစ်ပွားရာနေရာသို့ ချောက်မြို့နယ် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ စက်မှုအင်ဂျင်နီယာဌာနမှ (လက်ထောက်အင်ဂျင်နီယာ)ဦးသန်းဦးနှင့် ဝန်ထမ်းများ ရောက်ရှိလာပြီး ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားနေသည့် နေရာတစ်ဝိုက်အား လုံခြုံရေးကြိုးတားထားကာ ယိုစိမ့်နေရာကို တူး၍(U.Bolt CLAMP)နှင့်ပတ်ပြီး ဖာထေးပြုပြင်ရာ ညနေ ၃ နာရီတွင် ပြုပြင်ပြီးစီးခဲ့ကြောင်း သိရသည်။

ဓာတ်ငွေ့ယိုစိမ့်သည့်နေရာသို့ ညောင်ဦးခရိုင် ခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင်က အုပ်ချုပ်မှုယာဉ် တစ်စီး၊ မီးငြိမ်းသတ်ယာဉ်တစ်စီးတို့နှင့်အတူ လာရောက်ကာ အဆင်သင့်စောင့်ဆိုင်းနေပြီး လက်ပံခြေပေါ် ရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်မင်းကြိုင်နှင့် ရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းကာ လုံခြုံရေးယူပေးခဲ့ကြောင်း အောက်ညဉ့်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မျိုးခိုင်က ပြောပြသည်။

**ကိုထိန်(ငါ့သရောက်)**

# သီပေါမြို့နယ်၌ ဆိုင်ကယ်နှင့် ကုန်တင်ယာဉ်တိုက်မိ၍ တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

**သီပေါ ဇွန် ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မန်ဟဲကျေးရွာအုပ်စု နားခဲကျေးရွာအနီး မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၁၂၄/၄-၅)တွင် ဇွန် ၃ ရက် နံနက် ၄ နာရီခွဲက လားရှိုးမှ မန္တလေးသို့ ဆင်းမည့် ရဲမင်းပိုင်မောင်းနှင်လာသော ဆိုင်ကယ်သည် မျက်နှာချင်းဆိုင် မန္တလေးမှ လားရှိုးသို့သွားမည့် ယာဉ်မောင်း ဇော်မိုးမောင်းနှင်၍ ကုန်မျိုးစုံတင်ဆောင်လာသည့် ခြောက်ဘီးယာဉ်၏ ခေါင်းပိုင်းကို ဝင်တိုက်မိပြီး ဆိုင်ကယ်မောင်းသူ ရဲမင်းပိုင်မှာ အခင်းဖြစ်နေရာတွင် သေဆုံးကာ နောက်မှလိုက်ပါလာသူ လင်းထွန်းမှာ ဒဏ်ရာများရရှိသဖြင့် ပြည်သူ့ဆေးရုံ၌ တက်ရောက် ကုသနေရသည်။ အမှုကို သီပေါရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# မင်္ဂလာဒုံမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့တွင် နိုင်ငံခြားဖြစ်အရက်တုများ ပြုလုပ်ရောင်းချသူများ ဖမ်းဆီးရမိ

**ရန်ကုန် ဇွန် ၃**

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နှင့် ထန်းတပင်မြို့နယ်တို့တွင် နိုင်ငံခြားဖြစ် အရက်တုမျိုးစုံကို အတုပြုလုပ်ကာ သိုလှောင်ရောင်းချသူများကို ဖမ်းဆီးရမိခဲ့သည်။







မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီတွင် ထန်းတပင်မြို့နယ် ပေါက်တန်းကျေးရွာ ကွက်သစ်နေသူများဖြစ်သည့် အောင်စိုး(၂၅)နှစ်နှင့် မျိုးတင့်(၁၉)နှစ်တို့၏ နေအိမ်တွင် နိုင်ငံခြားဖြစ်အရက်များကို အတုပြုလုပ်ကာ သိုလှောင်ရောင်းချနေကြောင်း သတင်းအရ သွားရောက်ရှာဖွေရာ GLAN Master တံဆိပ် အရက် လေးဖာ၊ Black Label တံဆိပ် အရက် နှစ်ဖာ၊ Ballantines တံဆိပ် အရက် တစ်ဖာ၊ Red Label တံဆိပ် အရက် နှစ်ဖာ၊ Kingdon တံဆိပ် အရက် ခြောက်ဖာ၊ ပုလင်းခွံ၊ ပုလင်းအဖုံးများနှင့် အရက်ရောစပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ညနေ ၄ နာရီခွဲတွင် မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် မြသီတာရပ်ကွက်ရှိ မျိုးမြင့်ခိုင် (ခ) ကိုမျိုး (၃၆) နှစ်၏ နေအိမ်တွင် နိုင်ငံခြားဖြစ် အရက်မျိုးစုံကို အတုပြုလုပ်ကာ သိုလှောင်ရောင်းချနေကြောင်း သတင်းအရ သွားရောက်ရှာဖွေရာ ၎င်းနေအိမ်၏ ဂိုဒေါင်အတွင်း မြေအောက်ခန်းနှင့် ဂိုဒေါင်အတွင်းခန်းတို့မှ Kingdon တံဆိပ် အရက် ကိုးဖာနှင့် ပုလင်းခွံ အလုံး ၂၀၊ GLAN Master တံဆိပ် အရက် နှစ်ဖာ၊ Donfife တံဆိပ် အရက် လေးဖာနှင့် ပုလင်းခွံ အလုံး ၃၀၊ Red Label တံဆိပ် အရက် သုံးဖာ၊ B&G တံဆိပ် အရက် နှစ်ဖာ၊ Sired Wards တံဆိပ် အရက်တစ်ဖာ၊ ပုလင်းအဖုံးများ၊ အရက်ရောစပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မျိုးမြင့်ခိုင်(ခ)ကိုမျိုးအား မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နယ်မြေ ရဲစခန်းက လည်းကောင်း၊ အောင်စိုးနှင့် မျိုးတင့်တို့ နှစ်ဦးအား ထန်းတပင်မြို့နယ် တက်သစ်နယ်မြေ ရဲစခန်းက လည်းကောင်း အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နေအိမ်၌ အဝီစိတွင်းတူးရာမှ ဂက်စ်ဓာတ်ငွေ့များ ထွက်လာခဲ့မှု ဟိုပင်မြို့၌ ဖြစ်ပေါ်

**ဟိုပင် ဇွန် ၃**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ဟိုပင်မြို့၌ ဇွန် ၃ ရက် နံနက်ပိုင်းက အဝီစိစက်ရေတွင်းတူးရာမှ ဂက်စ်ဓာတ်ငွေ့များ ထွက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၃ ရက် နံနက် ၃ နာရီက ဟိုပင်မြို့ မြကျွန်းသာ ရပ်ကွက်နေ ဦးဝင်းကြည်၏ ဝင်းစတားကားဘော်ဒီဆိုင်၌ အဝီစိတွင်းတူးဖော်ရာမှ ဂက်စ်ဓာတ်ငွေ့များ ထွက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ဂက်စ်ဓာတ်ငွေ့များထွက်နေခြင်းကြောင့် မလိုလားအပ်သည့် မီးဘေးအန္တရာယ်များမဖြစ်ပေါ်စေရန် မိုးညှင်းခရိုင်မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဟိန်းမင်းထိုက် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ဟိုပင်မီးသတ်တပ်ဖွဲ့နှင့် ပူးပေါင်းကာ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ မီးသတ်ကား သုံးစီး၊ လူအင်အား ၅၀ ဖြင့် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## မြန်မာ့ရုပ်မြင်သံကြား

**၄-၆-၂၀၁၈ (တနင်္လာနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | MRTV Travelogue |
| ၈း၃၅ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၉း၁၅ | “ကလိုင်းရွာမှ ချစ်စရာ့ပလိုင်း” |
| ၉း၃၅ | ရတနာ့အလား ကမ္ဘော့ယဉ်ကျေးမှု အမွေအနှစ်များ “Angkon Throm” (Cambodia) |
| ၉း၄၅ | ကျန်းမာရေးမဂ္ဂဇင်း “အရေးပေါ် ဆီးချို၊ သွေးချို တက်လျှင် ဘယ်လိုကုသရမလဲ” (အပိုင်း-၂) |
| ၁၀း၃၀ | စိုက်ပျိုးရေးရာအဖြေရှာ “2018 မျိုးစေ့ပြပွဲ” |
| ၁၀း၄၅ | လုံမမှတ်စု(အပိုင်း-၃၉) |
| ၁၁း၁၅ | ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ် |
| ၁၁း၃၅ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၂း၄၅ | “မဆုံးနိုင်သော ချစ်ခြင်းမေတ္တာ” |
| ၁၄း၀၀ | Tasty Trip |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ “မကြွေတဲ့နှင်းဆီ”(အပိုင်း-၃၃) |
| ၁၆း၅၀ | “သံစဉ်ငြိမ်းချမ်း ချင်းရိုးရာတေးသွား” |
| ၁၇း၀၅ | This Week's special Interest |
| ၁၇း၃၅ | Yes or No Talk Show |
| ၁၈း၂၀ | Football Magazine |
| ၁၈း၃၅ | ဥပဒေရေးရာအဖြာဖြာ “၁၉၄၀ ပြည့်နှစ်၊ လာဘ်ပေး လာဘ်ယူ အဂတိလိုက်စားမှု စုံစမ်းရေးကော်မတီ၏ အစီရင်ခံစာအကြောင်း သိကောင်းစရာ”(အပိုင်း-၂) [ဦးဟန်ညွန့်(ဥပဒေ၊ တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)ဒါရိုက်တာ-ဝေဠု(ဝသန်)] |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာကာလီ” (အပိုင်း-၁၃) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | ရာဇဝင်ထဲကသမိုင်းအနုပညာ “ယဉ်ကျေးမှုမြို့တော်မှ အဖိုးတန်ပြယုဂ်များ” (အပိုင်း-၇) [မဟာစိတြာရာမ သိမ်ကျောင်းတော်(သို့) ပြည်မင်းသားကျောင်းတိုက်] |
| | -မျက်မှောက်ရေးရာသုံးသပ်စရာ |
| | -နိုင်ငံခြားဇာတ်လမ်းတွဲ “မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း”(အပိုင်း-၁၈) |
| | **-အစီအစဉ်ပြီး၏။** |

**ညပိုင်း**

| | |
|---|---|
| ၁၆း၃၀ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ) |

# သပိတ်ကျင်းမြို့နယ် စည်ပင်သာယာဈေးအတွင်း မီးလောင်မှုဖြစ်ပွား၊ ဆိုင်ခန်းပေါင်း ၅၂ ခန်း မီးလောင်ကျွမ်း

**သပိတ်ကျင်း ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် အုံးဖုံးကျေးရွာအုပ်စု ဇရပ်ကွင်းကျေးရွာ စည်ပင်သာယာဈေးတွင် ဇွန် ၂ ရက် ည ၁၀ နာရီ မိနစ် ၂၀ က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဇရပ်ကွင်းကျေးရွာ စည်ပင်သာယာပိုင် ရွှေရတနာဈေးအတွင်းရှိ ဈေးရုံအမှတ်(B/8)ဆိုင်ခန်းအမှတ် (၃၊ ၄) ကုန်စုံပစ္စည်းရောင်းသည့် ဆိုင်ရှင် ဦးအောင်ဇင်ဦး၏ ဆိုင်ခန်း၌ သွယ်တန်းထားသော လျှပ်စစ်ဝါယာကြိုးများ အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခဲ့သဖြင့် ဇရပ်ကွင်းကျေးရွာရှိနေအိမ်များသို့ မီးကူးစက်လောင်ကျွမ်းမှု မရှိစေရေးအတွက် ဇရပ်ကွင်းကျေးရွာရှိ အရန်မီးသတ်၊ ချောင်းကြီးကျေးရွာအုပ်စုမှ အရန်မီးသတ်တို့နှင့်အတူ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားတို့က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၁၁ နာရီ ၁၅ မိနစ်တွင် မီးညွန့်ကျိုးသွားခဲ့သည်။ မီးလောင်မှုသတင်းအရ သပိတ်ကျင်းမြို့နယ် မီးသတ်ဦးစီးဌာနနှင့် စဉ့်ကူးမြို့နယ်မီးသတ်ဦးစီးဌာနတို့က မီးသတ်ယာဉ် ၁၂ စီးတို့ဖြင့် မီးကို အပြီးသတ်ငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ဈေးရုံ ၁၃ ရုံ၊ ဆိုင်ခန်းပေါင်း ၅၂ ခန်း မီးလောင်ပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှု၊ လူနေအဆောက်အအုံများ မီးကူးစက်လောင်ကျွမ်းမှု မရှိကြောင်း၊ မီးစတင်လောင်ကျွမ်းခဲ့သည့် ဆိုင်ပိုင်ရှင် ဦးအောင်ဇင်ဦးအား သပိတ်ကျင်းမြို့နယ် ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**

တန်ဖိုးရှိလှ လူငယ်ဘဝ
မူးယစ်ကင်းစင် ကျန်းမာမှု

# ကမ္ဘာ့ဖလားပြိုင်ပွဲမှာ စောင့်ကြည့်ရမယ့် အဓိကကစားသမားများ

**ရုရှားနိုင်ငံမှာ ကျင်းပမယ့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ သူနိုင်ကိုယ်နိုင်အပြိုင်နွှဲဖို့အတွက် မတူညီတဲ့အသင်း ၃၂ သင်းဟာ မကြာခင်ကာလမှာ ရုရှားမြေကို စုံညီစွာ ရောက်ရှိလာတော့မှာဖြစ်ပါတယ်။ ဂျာမနီအသင်း၊ အင်္ဂလန်အသင်း၊ ပြင်သစ်အသင်း၊ စပိန်အသင်း စတဲ့အသင်းတွေကတော့ နောက်တစ်ဆင့်တက်လှမ်းခွင့်ရဖို့ မျှော်လင့်ထားကြသလို တခြားကျန်ရှိတဲ့အသင်းတွေမှာလည်း အသင်းကိုယ်စီက ကစားသမားကောင်းတွေရှိနေကြတာကိုလည်း သတိပြုရမှာဖြစ်ပါတယ်။ အဲဒါကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ စောင့်ကြည့်ရမယ့် အဓိကကစားသမား ကိုးဦးစာရင်းကို sportskeeda က ရွေးထုတ်ထားခဲ့တာ ဖြစ်ပါတယ်။**

ငွေကြယ်
ရေးသားသည်

## မိုဟာမက်ဆာလာ(အီဂျစ်)

ဆာလာဟာဆိုရင် ရိုးမားအသင်းကနေ လီဗာပူးအသင်းကို ရောက်ရှိလာခဲ့ချိန်မှာ သူ့ရဲ့ခြေစွမ်းပိုင်းက ပိုမိုထက်မြက်လာခဲ့တာဖြစ်ပြီး ပရီမီယာလိဂ်အသင်းတိုင်းနီးပါးကို ဂိုးသွင်းနိုင်ခဲ့သလို ပရီမီယာလိဂ်မှာ ရွှေဖိနပ်ဆုရရှိထားခဲ့သူလည်း ဖြစ်ပါတယ်။ ဆာလာဟာ ယူရို ၂၀၁၆ ပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခဲ့တဲ့ ပေါ်တူဂီအသင်းနဲ့ အီဂျစ်အသင်းတို့ ဆုံတွေ့ခဲ့ချိန်မှာတောင် အီဂျစ်အသင်းအတွက် အဖွင့်ဂိုး သွင်းယူပေးနိုင်ခဲ့သူပါ။ ဒါပေမယ့် အဲဒီပွဲစဉ်မှာ စီရိုနယ်လ်ဒိုရဲ့ နောက်ကျသွင်းဂိုးနှစ်ဂိုးကြောင့် ရှုံးနိမ့်ခဲ့ရတာပါ။ အခုလည်း လီဗာပူးအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ တွေ့ဆုံခဲ့တဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ ရာမို့စ်ရဲ့ကြမ်းတမ်းစွာကစားခဲ့တာကြောင့် ပခုံးဒဏ်ရာရရှိခဲ့ပြီး ဆေးဝါးကုသမှုခံယူနေရတာ ဖြစ်ပါတယ်။ ဒါပေမယ့် ဆာလာဟာ အီဂျစ်အသင်းနဲ့အတူ အဖွင့်ပွဲစဉ်တွေမှာ လွဲချော်နိုင်ပေမယ့် နောက်ပိုင်းပွဲတွေမှာ ပါဝင်လာမှာမို့ စောင့်ကြည့်ရမယ့် ကစားသမားတစ်ဦး ဖြစ်ပါတယ်။



## ဟယ်ရီကိန်း(အင်္ဂလန်)

တိုက်စစ်မှူး ဟယ်ရီကိန်းဟာ အင်္ဂလန်အသင်းရဲ့ အဓိကအားထားရတဲ့ ကစားသမားတစ်ဦးအဖြစ် မြင်တွေ့နေရပြီး စပါးအသင်းမှာလည်း အကောင်းဆုံးခြေစွမ်း ပိုင်ဆိုင်ခဲ့သလို ပရီမီယာလိဂ်ရွှေဖိနပ်ဆုအတွက်လည်း မိုဟာမက်ဆာလာနဲ့ အပြိုင်ဖြစ်ခဲ့ရသူဖြစ်ပါတယ်။ အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်ကိုယ်တိုင်ကလည်း အသင်းကို လူငယ်ကစားသမားအများစုနဲ့ ဖွဲ့စည်းထားခဲ့သလို တိုက်စစ်ပိုင်းမှာ ရက်ဖို့ဒ်နဲ့ ဟယ်ရီကိန်းတို့လို မြန်နှုန်းမြင့်ကစားသမားတွေကို အသုံးပြုခဲ့ပါတယ်။ ဒါကြောင့် အင်္ဂလန်အသင်းရဲ့ ခြေစမ်းပွဲစဉ်တွေမှာ ခြေစွမ်းပြကစားနိုင်ခဲ့တဲ့ ဟယ်ရီကိန်းကို အင်္ဂလန်အသင်းနဲ့အတူ စောင့်ကြည့်ရမယ့်ကစားသမားတစ်ဦးအဖြစ် ဖော်ပြလိုက်တာဖြစ်ပါတယ်။

## ဖိလစ်ပီကော်တင်ဟို(ဘရာဇီး)

ကော်တင်ဟိုဟာ လီဗာပူးအသင်းကနေ ဘာစီလိုနာအသင်းကို ပြောင်းရွှေ့ခဲ့ချိန်ဟာ သူ့အတွက် ကစားသမားဘဝ အမြင့်ဆုံးအချိန်ပါ။ မကြာသေးခင်က ရုရှားနဲ့ ဘရာဇီးတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချစ်ကြည်ရေးခြေစမ်းပွဲစဉ်မှာတောင် ဘရာဇီးအသင်းအတွက် ဂိုးသွင်းယူပေးနိုင်ခဲ့သူပါ။ ဘရာဇီးအသင်းမှာ တိုက်စစ်ပိုင်းစွမ်းဆောင်ရည်ရှိတဲ့ ကစားသမားတွေ အများကြီးရှိပါတယ်။ ဒါပေမယ့် တစ်သင်းလုံး အကောင်းဆုံးစွမ်းဆောင်ရည်ရှိသလားဆိုတာကတော့ မေးခွန်းထုတ်စရာတစ်ခုဖြစ်နေပြီး တိုက်စစ်ပိုင်းရော ကွင်းလယ်ပိုင်းမှာပါ ကစားနိုင်တဲ့ကစားသမားကို ရွေးထုတ်ပါဆိုရင်တော့ ကော်တင်ဟိုကိုပဲ ရွေးထုတ်ရမှာဖြစ်ပြီး ဘရာဇီးအသင်းမှာ တိုက်စစ်မှူး နေမာနဲ့အတူ စောင့်ကြည့်ရမယ့် ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။



## ဒီဘရိုင်း(ဘယ်လ်ဂျီယံ)

၂၀၁၇-၂၀၁၈ ပရီမီယာလိဂ်ပြိုင်ပွဲမှာ စွမ်းဆောင်ရည်အမြင့်ဆုံးကစားသမားတစ်ဦးဖြစ်တဲ့ ဒီဘရိုင်းဟာလည်း ကမ္ဘာ့ဖလားပြိုင်ပွဲမှာ စောင့်ကြည့်ရမယ့် ကစားသမားတစ်ဦး ဖြစ်ပါတယ်။ မန်စီးတီးကွင်းလယ်ကစားသမား ဒီဘရိုင်းဟာ ၂၀၁၄ ကမ္ဘာ့ဖလားမှာရော ယူရို ၂၀၁၆ ပြိုင်ပွဲမှာပါ ဘယ်လ်ဂျီယံအသင်းကို ကွာတားဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်အောင် ကူညီနိုင်ခဲ့တဲ့ကစားသမားတစ်ဦးပါ။ မန်စီးတီးအသင်းအတွက်လည်း တစ်ဦးချင်းစွမ်းဆောင်ရည်ကောင်းတွေ ပြသနိုင်ခဲ့တာဖြစ်ပြီး ရုရှားမြေမှာ ကစားမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဘယ်လ်ဂျီယံအသင်းအတွက် ဘယ်လောက်ပေးဆပ်သွားနိုင်မလဲဆိုတာက စိတ်ဝင်စားစရာပါ။

## တီမိုဝါနာ(ဂျာမနီ)

အသက် ၂၁ နှစ်အရွယ်သာရှိသေးတဲ့ တီမိုဝါနာဟာ ၂၀၁၇ ဖီဖာကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲမှာ ဂျာမနီအသင်းမှာ ကစားဖို့အခွင့်အရေးရရှိခဲ့တဲ့ ကစားသမားတစ်ဦးပါ။ လိဇစ်အသင်းရဲ့ တိုက်စစ်ပိုင်းမှာ ခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် ရွှေဖိနပ်ဆုကိုပါ ရယူနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ တိုက်စစ်မှူး ဝါနာဟာ ဂျာမနီအသင်းရဲ့တိုက်စစ်ပိုင်းကို ဦးဆောင်နိုင်စွမ်းရှိသလို ဘွန်ဒက်လီဂါမှာ ပွဲပေါင်း ၁၅၀ အထိ ပါဝင်ကစားပေးနိုင်ခဲ့တဲ့ လူငယ်ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ ဒ့ါအပြင် သွင်းဂိုး ၄၅ ဂိုးအထိလည်း သွင်းယူနိုင်ခဲ့ပါတယ်။ ဒါကြောင့် အသက်အရွယ်အရ ငယ်သေးသော်လည်း ရုရှားမြေမှာ စောင့်ကြည့်ရမယ့် ကစားသမားအဖြစ်ဖော်ပြခဲ့တာ ဖြစ်ပါတယ်။



## ရာဖေးလ်ဗာရာနီ(ပြင်သစ်)

ဗာရာနီဟာ ပြင်သစ်အသင်းရဲ့ လူငယ်နောက်တန်းကစားသမားတွေထဲမှာ အထွန်းတောက်ဆုံးကစားသမားတစ်ဦးဖြစ်ပြီး ဘရာဇီးမြေမှာ ကျင်းပခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားမှာလည်း ပြင်သစ်အသင်းနဲ့အတူ ပါဝင်ခွင့်ရရှိခဲ့ပါတယ်။ အခုလည်း ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲမှာ နည်းပြ ဒက်ချမ့်ရဲ့ ရွေးချယ်မှုကို ခံထားရသူဖြစ်ပါတယ်။ ကလပ်အသင်းတွေရဲ့အဆင့်မှာဆိုရင် ရာမို့စ်နဲ့ ကိုစီယယ်နီတို့လိုကစားသမားတွေနဲ့တော့ ယှဉ်ပြီးကစားနိုင်ခဲ့သူပါ။ ရီးယဲလ်မက်ဒရစ်အသင်းမှာလည်း အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တဲ့အပြင် ပြင်သစ်အသင်းမှာလည်း နောက်တန်းခံစစ်ကြောင်းကို လုံအောင်ထိန်းထားနိုင်စွမ်းရှိတာကြောင့် ရုရှားမြေမှာ စောင့်ကြည့်ရမယ့် ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

## လီရွိုင်းဆာနေး(ဂျာမနီ)

လီရွိုင်းဆာနေးဟာ အသက် ၂၂ နှစ်အရွယ်သာရှိသေးပေမယ့် ၂၀၁၅ ခုနှစ်ကတည်းကစပြီး ဂျာမနီလက်ရွေးစင်အသင်းနဲ့အတူ ပွဲထွက်ကစားခွင့်ရရှိခဲ့ကာ ပွဲပေါင်း ၁၀ ပွဲ ကစားပေးထားခဲ့သူပါ။ မန်စီးတီးအသင်းမှာ ကစားခဲ့တာကတော့ တောင်ပံကစားသမားအဖြစ် ကစားခဲ့တာဖြစ်ပြီး မန်စီးတီးအသင်း ပရီမီယာလိဂ် ချန်ပီယံဖြစ်ခဲ့ချိန်မှာ ပိုပြီးသတိထားမိခဲ့တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ ဆာနေးဟာ လက်ရှိအချိန်မှာ ဒီဘရိုင်းပြီးရင် ပရီမီယာလိဂ်မှာ ဂိုးဖန်တီးပေးနိုင်မှု ဒုတိယအမြင့်ဆုံးကစားသမားတစ်ဦးအဖြစ် ရပ်တည်နေတဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ ဒါကြောင့် အခုနွေရာသီ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ စောင့်ကြည့်ရမယ့် ကစားသမားအဖြစ် ပေါ်ထွက်လာတာဖြစ်ပြီး အသင်းဖော်တွေနဲ့ ဘယ်လိုတွေ ချိတ်ဆက်ကစားသွားမလဲဆိုတာ စောင့်ကြည့်ရမှာပါ။



## မက်ပီ(ပြင်သစ်)

မက်ပီဟာ ၂၀၁၇ ခုနှစ် ဇွန်လမှာ ပီအက်စ်ဂျီအသင်းကို ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး ပီအက်စ်ဂျီအသင်းကို မပြောင်းရွှေ့မီမှာ မိုနာကိုအသင်းကို ပြင်သစ်ပထမတန်းဖလား ရယူပေးနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းကို ရောက်ရှိလာတဲ့အချိန်မှာလည်း ဂိုးသွင်းခြေမကျခဲ့တာကြောင့် မက်ပီကို ကမ္ဘာ့အကောင်းဆုံးလူငယ်ကစားသမားတွေထဲက တစ်ဦးအဖြစ် မှတ်တမ်းတင်ခံခဲ့ရတာ ဖြစ်ပါတယ်။ မက်ပီရဲ့ မူလနေရာဟာ တိုက်စစ်ပိုင်းလို့ဆိုပေမယ့် လိုအပ်ရင် လိုအပ်သလို အခြားကစားသမားတွေကို ပံ့ပိုးပေးနိုင်ဖို့ တောင်ပံကစားသမားအဖြစ်လည်း ကစားနိုင်တဲ့သူပါ။ ဒါကြောင့် ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲမှာ မက်ပီကို ဘယ်အသင်းက ကစားသမားတွေ ထိန်းချုပ်နိုင်မလဲဆိုတာနဲ့ သူ့အတွက် သမိုင်းမှတ်တိုင်တစ်ရပ် ထပ်မံစိုက်ထူနိုင်ဦးမလားဆိုတာ စောင့်ကြည့်ရဦးမှာပါ။



# ထိုင်းနိုင်ငံရှိ အလုပ်သမားအခွင့်အရေးချိုးဖောက်သည့် ထိုင်းအလုပ်ရှင်အား မြန်မာအလုပ်သမားများ တရားစွဲဆိုမည်



**ဘန်ကောက် ဇွန် ၃**

ထိုင်းနိုင်ငံရှိ အလုပ်သမားအခွင့်အရေး ချိုးဖောက်သည့် ထိုင်းအလုပ်ရှင်အား မြန်မာအလုပ်သမားများအနေဖြင့် တရားစွဲဆိုမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဘန်ကောက်မြို့ရှိ သံအရာရှိရုံးမှ သိရသည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ချာချင်ဆောင်ခရိုင် ပင်(န်)ယောင်မြို့နယ် ဝေါစံမလွန်ရပ်ကွက်ရှိ ကွန်ပျူတာပစ္စည်း ပြန်လည်သန့်စင်သည့်စက်ရုံကို ထိုင်းအာဏာပိုင်များက ပြီးခဲ့သည့် မေ ၂၂ ရက်က ဝင်ရောက်စစ်ဆေးရာ ဓာတုဗေဒအဆိပ်သင့်မှုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည့်အတွက်ကြောင့် စက်ရုံကို ယာယီချိပ်ပိတ်လိုက်ပြီး မြန်မာအလုပ်သမား ၇၀၀ ခန့် အလုပ်လက်မဲ့ဖြစ်ခဲ့ကြရကြောင်း၊ စက်ရုံပိတ်သိမ်းပြီးသည့်နောက်ပိုင်း မြန်မာအလုပ်သမားများအား အလုပ်ရှင်ဘက်မှ ပေးရမည့် ကျန်ရှိနေသည့် လုပ်အားခ ခြောက်ရက်စာနှင့် အလုပ်မဆင်းရသည့် လုပ်ခရက်များအတွက် ထိုင်းနိုင်ငံရှိ အလုပ်သမား ဥပဒေအတိုင်းပေးရမည့် လုပ်အားခများကို မပေးချေသဖြင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ အလုပ်သမားသံအရာရှိ၊ ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများအဖွဲ့ချုပ်(MOEAF)၊ သက်ဆိုင်ရာ အေဂျင်စီများ၊ ထိုင်းအလုပ်သမားကာကွယ်ရေးဌာန (ဆဝါဒီကန်)၊ ထိုင်းလူမှုဖူလုံရေးဌာန(ပကန်စန်ခုမ်)တို့နှင့်အတူ အလုပ်ရှင်၊ အလုပ်သမားများ နှစ်ကြိမ်တိုင်တိုင်တွေ့ဆုံ၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါစက်ရုံ၌ အလုပ်လုပ်ကိုင်နေသော အလုပ်သမား ကိုရဲစိုးက "ဇွန် ၁ ရက်က ညှိနှိုင်းမှုတွေ လုပ်ကြပါတယ်၊ ဇွန် ၂ ရက်မှာလည်း ထပ်ပြီး ညှိနှိုင်းရာမှာ မကြာသေးမီက ရောက်ရှိလာတဲ့ အလုပ်သမားအသစ် ဦးရေ ၄၀၀ အတွက် ရရှိမယ့် လုပ်အားခ ခြောက်ရက်စာကို အလုပ်သမားသံအရာရှိ ဦးစန်းမောင်ဦး လာဖြေရှင်းတဲ့အချိန်မှာပဲ အလုပ်ရှင်ဘက်ကနေ ပေးပါတယ်၊ နောက်ပြီး အလုပ်စနားရက်ဖြစ်တဲ့ မေ ၂၂ ရက်ကနေ ဇွန် ၂ ရက်အထိ အလုပ်နားနေရတဲ့ ရက်တွေအတွက်ကိုလည်း အခုလ ၆ ရက်မှာ ထပ်ရှင်းပေးမယ်လို့ ပြောပါတယ်"ဟု ပြောသည်။

ကျန်ရှိနေသည့် အလုပ်သမား ၃၅၀ ရရှိမည့် လုပ်အားခများနှင့် အလုပ်နားရက်များအတွက် ရရှိမည့် လုပ်အားခများကိုလည်း ယခုလ ၆ ရက်တွင် ထပ်မံဖြေရှင်းပေးမည်ဖြစ်ကြောင်း၊ အလုပ်နားလိုက်ရသည့်အတွက် အလုပ်သမားများအား ပေးလျော်ရမည့် နစ်နာကြေးငွေ ပြန်လည်ရရှိရေးအတွက် အလုပ်သမားများအနေဖြင့် ထိုင်းအလုပ်သမားကာကွယ်ရေးဌာန (ဆဝါဒီကန်)မှတစ်ဆင့် တရားစွဲဆိုမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

"ကျွန်တော့်အနေနဲ့ အလုပ်လက်မဲ့ဖြစ်နေကြရတဲ့ အလုပ်သမားတွေရဲ့ လက်တလောစားဝတ်နေရေးကိစ္စကို ဖြေရှင်းပေးဖို့ သက်ဆိုင်ရာအေဂျင်စီတွေကို ညွှန်ကြားထားသလို အလုပ်လက်မဲ့ဖြစ်နေကြတဲ့ အလုပ်သမားတွေအတွက် အလုပ်အကိုင်သစ်မရရှိမီစပ်ကြား လက်ရှိနေထိုင်တဲ့နေရာမှာ လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက်ပါ နယ်မြေခံ အာဏာပိုင်တွေနဲ့ ပြောဆိုညှိနှိုင်းထားပါတယ်" ဟု အလုပ်သမားသံအရာရှိ ဦးစန်းမောင်ဦးက ပြောသည်။

အဆိုပါ စက်ရုံအလုပ်ရှင်ဖြစ်သူထံမှ အလုပ်သမားများရရှိမည့် နစ်နာကြေးများရရှိလျှင် ထိုင်းအလုပ်သမားကာကွယ်ရေးဌာန(ဆဝါဒီကန်)ရုံး၌ တရားစွဲဆိုနိုင်ရေးအတွက် အလုပ်သမားများထံမှ ကိုယ်စားလှယ်လွှဲစာ ရယူပြီး အလုပ်ရှင်ဖြစ်သူအား အလုပ်သမားသံအရာရှိက တရားစွဲဆိုမှုများ ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပွင့်သစ္စာ**

# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ပူဇော်မည်

**နေပြည်တော် ဇွန် ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အစဉ်ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်သန်လျက် ခုနစ်ရက်သားသမီးအလှူရှင် ဘုရားဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ **"ထာဝရငြိမ်းချမ်းရေးစေတီတော်"** ကို တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်-

| | | | |
|---|---|---|---|
| - ဦးသောင်းဝင်း | ညွှန်ကြားရေးမှူး | သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန(ဝန်ကြီးရုံး)၊ ရုံးအမှတ်(၃၁)၊ နေပြည်တော် | ဖုန်း ၀၉- ၄၂၀၇၀၁၄၆၃<br>၀၆၇၃- ၄၀၆၂၇၆ |
| - ဦးမောင်မောင်မျိုး | ညွှန်ကြားရေးမှူး နေပြည်တော်တိုင်း သာသနာရေးမှူး | ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်၊ နေပြည်တော် | ဖုန်း ၀၉-၂၁၃၂၁၉၁<br>၀၆၇၃-၅၅၀၁၈၃ |
| - ဦးကြင်ခိုင် | ညွှန်ကြားရေးမှူး | နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ကမ္ဘာအေး ဘုရားဝင်း၊ ရန်ကုန်မြို့ | ဖုန်း ၀၉- ၈၆၀၀၁၁၃<br>၀၉- ၅၁၈၃၄၇၁<br>၀၁-၆၆၁၂၇၅ |
| - ဦးကျော်စိန်ဝင်း | ညွှန်ကြားရေးမှူး | နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ၆၂ လမ်း၊ မန္တလေးမြို့ | ဖုန်း ၀၉-၂၀၀၀၁၀၀<br>၀၉-၄၃၁၂၅၃၇၃<br>၀၂-၆၁၁၁၃ |

**(ထာဝရငြိမ်းချမ်းရေးစေတီတော်တည်ဆောက်ရေးဦးစီးကော်မတီ)**

# ဘိန်းအစားထိုးနှစ်ချင်းမျိုးစေ့နှင့် နှစ်ရှည်ပျိုးပင် ဓာတ်မြေဩဇာများပေးအပ်

**မန်တုံ ဇွန် ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ်မှ ဒေသခံတိုင်းရင်းသားများ လူနေမှုဘဝ မြင့်မားတိုးတက်လာရေးအတွက် အထွက်နှုန်းကောင်းသည့်သီးနှံများကို ရွေးချယ်စေကာ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးရေးစနစ်များဖြင့် အောင်မြင်စွာစိုက်ပျိုးနိုင်ရန် ရည်ရွယ်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ဘိန်းအစားထိုး နှစ်ချင်းမျိုးစေ့နှင့် နှစ်ရှည်ပျိုးပင်ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ခြင်းနှင့် တောင်သူပညာပေးသင်တန်းကို ဇွန် ၁ ရက် နံနက် ၁၀ နာရီက မန်တုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နမ့်ကုမ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်သူက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇေယျာမင်းမင်းအောင်က ဘိန်းအစားထိုး စိုက်ပျိုးရေးလုပ်ငန်းများအကြောင်းကို အသေးစိတ် ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား နှစ်ချင်းမျိုးစေ့နှင့် နှစ်ရှည်ပျိုးပင်ဓာတ်မြေဩဇာများပေးအပ်ပြီး စိုက်ပျိုးနည်းစနစ်နှင့် မိုးစပါးစိုက်ပျိုးမှုနည်းစနစ် လေးမျိုးဖြစ်သော ပျိုးသက်နုစိုက်ပျိုးနည်းစနစ်(SRI)၊ ပေါင်ပျိုးစိုက်နည်းစနစ်(BMP)၊ တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနည်းစနစ်၊ ကြခင်းစနစ်ဖြင့်စိုက်ပျိုးနည်းစနစ်တို့ကို စိုက်ပျိုးရေးဦးစီးဌာနက အသေးစိတ်ဆွေးနွေးပို့ချပေးသည်။

အဆိုပါအခမ်းအနားမှာပင် မိုးစပါး(GW-1) ဧက ၁၀၀၊ အစေ့ထုတ်ပြောင်း(စီပီ-၈၀၈)ငါးဧက၊ သစ်ကြားအပင် ၁၀၀၊ ထောပတ်အပင် ၅၀၊ မက္ကဒေးမီးယား အပင် ၂၀၀၊ လိမ္မော် အပင် ၃၀၀၊ ချဉ်စော်ခါး အပင် ၆၀၀ နှင့် လက်ဖက်ပျိုးပင် ၅၀၀၀ စသည့်ပျိုးပင်များကိုလည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**သီပေါကိုလတ်**

## အောင်မြင်မှုအတွက် မိဘများနှင့်အတူ ဂုဏ်ယူဝမ်းမြောက်ခြင်း

## Congratulations to Ma Su Yee Win

၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်၍ စုစုပေါင်းရမှတ်(၅၅၂)မှတ်ဖြင့် မြန်မာတစ်ပြည်လုံးတွင် "ဒုတိယ" ရရှိခဲ့သော မစုရည်ဝင်း(ဆဒဂ-၅၆၅)၏ အောင်မြင်မှုအတွက် မိဘများနှင့်ထပ်တူ လှိုက်လှိုက်လှဲလှဲ ပီတိဝမ်းမြောက်ကြောင်း " HTOO (၆)လမ်းစာသင်ဝိုင်း" မှ ဂုဏ်ပြုအပ်ပါသည်။

သင်ကြားပေးခဲ့သော ဆရာ/ဆရာမများဖြစ်သည့်-

- မြန်မာစာ- H & H
- အင်္ဂလိပ်စာ- ဦးဝင်းနိုင်
- သင်္ချာ- ဦးမျိုးသန့်ထွန်း၊ ဒေါ်ခင်မို့မို့ဦး
- ဓာတု- ဦးဘိုနီ
- ရူပဗေဒ- ဒေါက်တာဒေါ်ငွေငွေနိုင်
- ဇီဝ- ဒေါ်တင့်တင့်တို့ကိုလည်း ကျေးဇူးအထူးတင်ရှိအပ်ပါသည်။

**ဒေါ်လှဲ့လှဲ့ဝင်း**

**"HTOO (၆)လမ်းစာသင်ဝိုင်း"**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
## ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
## ၂၀၁၈ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၀

ဦးနေမျိုးဇော် **နှင့်**

၁။ ဦးချစ်ဦး
၂။ ဦးငြိမ်းမောင်
၃။ ဦးသန်းငွေအောင်
၄။ ဦးနိုင်ဝင်း
၅။ ဦးငွေဦး
၆။ ဦးမြင့်အောင်
၇။ ဦးမင်းလွင်
၈။ ဦးလှမျိုး
၉။ ဦးကောင်း
၁၀။ ဒေါ်တင်စန်း
၁၁။ ဒေါ်အေးခိုင်
၁၂။ ဒေါ်ဝေဝေဆာ

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ကံ့ကော်လမ်း၊ အမှတ်(၁)နေ ဦးသန်းငွေအောင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ကျူးကျော်သူများအား နှင်လိုမှုနှင့် မြေကွက်လက်ရောက်ရလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ခုနှစ်၊ ဇွန်လ ၁၅ ရက် (၁၃၈၀ခုနှစ်၊ ပထမ ဝါဆိုလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ်၊ မေလ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စုစန္ဒာဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**







## အမည်ပြောင်း

ကြံခင်းမြို့၊ အင်းလပ်အရှေ့အမက၊ စတုတ္ထတန်းမှ (ဘ) ဦးမျိုးခိုင်၏သား မောင်မြတ်လင်းမောင်အား မောင်မျိုးစစ်လင်းမောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မျိုးစစ်လင်းမောင်**

## zcift rnf

နတ်တလင်းမြို့နယ် တာပွန်အထက၊ ပဥ္စမတန်း(ဂ)မှ မအိသဇင်ဇော်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်မင်း [၇/နတလ(နိုင်)၁၀၄၁၁၉] ဖြစ်ပါကြောင်း။

**ဦးအောင်ဇော်မင်း**

## စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၁၁ကေဗွီ ဓာတ်အားလိုင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းနှင့် ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါများ ထည့်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| ၂။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - ၆-၆-၂၀၁၈မှ ၁၃-၆-၂၀၁၈ထိ |
| ၃။ နောက်ဆုံးတင်ဒါတင်သွင်းရမည့်ရက် | - ၂၀-၆-၂၀၁၈ရက် |
| ၄။ တင်ဒါပိတ်မည့်ရက် | - ၂၀-၆-၂၀၁၈ရက်၊ ၁၆း၀၀နာရီ |
| ၅။ တင်ဒါတင်သွင်းရမည့်နေရာ | - တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ မုံရွာမြို့။ |

၆။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး**
**ရုံးကြီးလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့**
**ဖုန်းနံပါတ်-၀၇၁-၂၂၈၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ်(၁၇)၊ (၄)လွှာ၊ ခြေရင်းခန်းအား ပိုင်ဆိုင်သူဖြစ်သည့် ဦးလှမိုးအောင်[၁၂/တမန(နိုင်)၀၉၅၁၄၆]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဉာဏ်မင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၄၂)**
**အမှတ်-၁၀၁၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၀၇၃၀၈၉၇**

သင့် သွေး ဖြင့် အသက် ကယ် ပါ

သွေး
သည်
အသက်

# သဘော်တန်း၊ မိကျောင်းတံတား၊ မနှင်းဆီရထားနှင့် နာရီစင်

**ဆုံးငှက်**

ပျားပန်းခပ်သည့်တွင် ရောင်းဝယ်ကူးသန်း
ဟိုစဉ်ချောင်းရွှေလှေလောင်း စည်ပုံမောင်းငြိမ့်လွင်
မန်းမြို့သူ မူချင်ချင်
ဆင်တံတားထိပ် ညောင်ညိုပင် ခေါင်းလျှော်ရေချိုး
တစ်မျိုးကြည့်လို့ယဉ်
အုတ်ကာသွပ်မိုး ဈေးကြီး ပြီးမြောက်
ဈေးအနောက်မြောက်မျှော်ပါရင်
အလယ်ကဖောင်းဖောင်း မနှင်းဆီခေါင်းပင် . . .၊

**(မြို့မငြိမ်း- မန္တလေး အမှတ် ၂ သီချင်းမှ)**

**သဘော်တန်း**

၂၆ ဘီလမ်းက အရှေ့ဘက်အတက် ၈၃ လမ်းကို ရိုးလ်ကုမ္ပဏီအတက်ဟု ခေါ်ကြသည်။ သည်နေရာက သိသိသာသာမြင့်နေ၏။ ၈၃ လမ်းပေါ်က ၂၆ ဘီလမ်းတိုင်း အနောက်ဘက်သို့ ကြည့်လိုက်လျှင် သိသိသာသာ နိမ့်ဆင်းသွားသည်ကို တွေ့ရသည်။ အလားတူ အရှေ့ဘက် ၈၂ လမ်းအထိ ခပ်ပြေပြေလေး တက်သွားလေတော့ လမ်း ၈၀ နှင့် ၈၁ လမ်းကြားရောက်မှ ညီညာသွားသည်။ ထိုမြေမျက်နှာပြင် အနိမ့်အမြင့်ကိုကြည့်ပြီး မန္တလေး၏ပထဝီဆိုင်ရာ ရပ်ကွက်အခေါ်အဝေါ်တွေလည်းရှိခဲ့သည်။ တောင်ဘက်ကျုံးလမ်း၊ ၂၆ ဘီလမ်းဘေး ၇၆ လမ်းနှင့် ၇၇လမ်းကြားကို အရှေ့ကုန်းရိုးဟု ခေါ်ကြသည်။ အလားတူ ၈၃လမ်းမှ အနောက်ဘက်သို့ နာရီစင်အထိ သိသိသာသာ နိမ့်ဆင်းသွားသည်ကိုလည်း ရှေးလူကြီးသူမတွေက "မန္တလေးမှာရေကြီးရင် ရိုးလ်ကုမ္ပဏီအတက်ထိ ရေရောက်တာတဲ့။ သာမန်အချိန်ဆိုရင် လှေတွေ၊ သဘော်တွေက နာရီစင်အနောက်ဘက် လေးပြလောက်အကွာနေရာမှာ ဆိုက်ကြရတာတဲ့။ ဒါကြောင့်မို့ ဆိုင်းတန်း၊ သဘော်တန်းတို့၊ ဒေါင်းရိုးသဘော်တန်းတို့လို့ အခုထက်ထိ ခေါ်နေကြတာ" ဟု ပြောတော့ (ထိုစဉ်က) ကျွန်တော်မွေးဖွားကြီးပြင်းခဲ့ရာ ဒေါင်းရိုးသဘော်တန်းရပ်ရှိ နေရာအသီးသီးကို အညာဆန်လှေကြီးတွေ ဆိုက်ကပ်နေသော ဆိပ်ကမ်းကြီး အသွင်မြင်ယောင်မိတော့သည်။ တကယ်တော့ သဘော်ဆိုတာ မန္တလေးရတနာပုံခေတ်က မင်းတုန်းမင်းကြီးပိုင်သည့် သဘော်လောက်သာရှိခဲ့ကြောင်း မှတ်သားရသည်။ ပါတော်မူပြီးနောက် အင်္ဂလိပ်လက်ထက် ရောက်မှသာ သဘော်ဆိုတာမန္တလေးသို့ များများစားစားရောက်ရှိလာခြင်းဖြစ်ပါလိမ့်မည်။

**မိကျောင်းတံတား**

လူကြီးသူမတွေပြောသကဲ့သို့ ဒေါင်းရိုးသဘော်တန်းတို့၊ ဆိုင်းတန်းသဘော်တန်းတို့နေရာမှာ သဘော်တွေ၊ လှေတွေ ဆိုက်ကပ်တာ သေချာ၊ မသေချာ မသိသော်လည်း ထိုနေရာတစ်ဝိုက်သည် ထိုစဉ်က မြေနိမ့်ပိုင်းဖြစ်ပြီး အမြဲတစေရွှံ့ညွန်များဖြင့် ထူထပ်နေမှာတော့ သေချာသည်။ အဘယ်ကြောင့်ဆိုသော် ယနေ့ထက်တိုင် ဆိုင်းတန်း၊ သဘော်တန်းရပ်ရှိ နေရာအချို့တွင် မြစ်ရေတက်သည့်ကာလ၌ စိမ့်ရေများ ဒူးဆစ်၊ ပေါင်လယ်ထိ ဝင်လာဆဲဖြစ်သည်။ ဒေါင်းရိုးသဘော်တန်းဟု ခေါ်ဆိုသည့် နေရာတွင် မန္တလေးမြို့မတည်မီ ပုဂံမင်းလက်ထက် အိမ်တော်ရာစေတီ တည်ထားကိုးကွယ်ရာတွင် အမရပူရ နေပြည်တော်မှ အိမ်တော်ရာသို့ ဘုရားဖူးလာသည့် မင်းပြည်သူတို့ ရေစပ်စပ်နှင့် ရွှံ့ထဲဗွက်ထဲ ခက်ခက်ခဲခဲ မဖြတ်သန်းရလေအောင် ၃၅ လမ်းထိပ်မှ အိမ်တော်ရာ စေတီအနောက်မုခ်ထိ အုတ်တံတားကြီး ခင်းလုပ်ခဲ့သည်။ မိကျောင်းတံတားဟု ယနေ့ထက်တိုင်ခေါ်တွင်ဆဲဖြစ်ပါ၏။ အမရပူရခေတ်က ဗိသုကာလက်ရာနှင့် အုတ်တံတိုင်း လက်ရန်းအကြွင်းအကျန်များကို လွန်ခဲ့သော နှစ်သုံးဆယ်လောက်ကအထိ သိသာထင်ရှားစွာ မြင်တွေ့ခဲ့ရသော်လည်း ယခုအခါတိုးချဲ့လာသော အိမ်ခြေများကြောင့် စုန်းစုန်းမြုပ် ပျောက်ကွယ်သွားသည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။ မိကျောင်းတံတား၏ ဝဲ/ယာရှိအိမ်များသည် ယခင်က အောက်သို့ငါးပေလောက်အထိ ဆင်းရသော်လည်း ယခုတွင်မူလမ်းမျက်နှာပြင်ထက်ပင် ပိုမိုမြင့်တက်သွားကြသည်ကိုလည်း တွေ့ရ၏။


မိကျောင်းတံတား

**မနှင်းဆီရထား**

၂၆ ဘီလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်း (၈၄လမ်း) ဆုံသည့်နေရာသည် ယခင်ကမန္တလေး၏ အထင်ကရ နေရာကြီး ဖြစ်ခဲ့ပါ၏။ ထိုနေရာ၏ အနောက်တောင်ထောင့်တွင် နာမည်ကျော် ဈေးချိုကြီးရှိသည်။ အရှေ့တောင်ထောင့်တွင် ဈေးချိုတိုက်တန်းကြီး ရှိသည်။ အရှေ့မြောက်ထောင့်တွင် ကုန်တိုက်ရှိသည်။ ကုန်တိုက်က ၁၉၈၀ ပြည့်နှစ်ဝန်းကျင်မှ ဖွင့်လှစ်ခြင်းဖြစ်၏။ အခုတော့ အင်းဝဘဏ်ပေါ့။ အနောက်မြောက်ထောင့် ယခု မန်းသီရိဈေးဖြစ်နေသော နေရာသည်လည်း တစ်ချိန်က မန္တလေးသားများနှုတ်ဖျား ရေပန်းစားခဲ့သောနေရာဖြစ်ခဲ့ဖူးသည်ပေါ့။

အုတ်ကြွပ်မိုး၊ အုတ်ကာ တစ်ထပ် အဆောက်အအုံလေးတစ်လုံး လွန်ခဲ့သောနှစ်ပေါင်းလေးဆယ်ဝန်းကျင်ထိ ရှိခဲ့ဖူးသည်။ ထိုအဆောက်အအုံလေးကို ကျွန်တော်တို့ သိရှိချိန်တွင် ပြန်ကြားရေးစာဖတ်ခန်း ဖြစ်နေပါပြီ။ အရင်က ထိုအဆောက်အအုံလေးကား ဘူတာရုံ၊ ဈေးချိုနှင့် မတ္တရာကိုပြေးဆွဲသော မီးရထားလမ်း၏ လမ်းစလမ်းဆုံး ဘူတာရုံဖြစ်သည်။ မတ္တရာရထားက ပုဂ္ဂလိကပိုင်ဖြစ်သတဲ့။ ကုလားသူဌေး မန်နဂျီပိုင်ဆိုင်သည့် ရထားမို့ မြန်မာ အသံထွက်ဖြင့် လွယ်လွယ်ကူကူ မနှင်းဆီရထားဟု အမည်တွင်ခေါ်ဝေါ်ခဲ့ကြသတဲ့။ ထိုရထားကိုဆွဲသော ရေနွေးငွေ့ စက်ခေါင်းက အရွယ်သေးပြီး ဗိုက်ဖောင်းဖောင်းလေးတဲ့။ မနှင်းဆီရထားက ဈေးချိုဘူတာမှ နံနက် ၇ နာရီတွင် တစ်ကြိမ်၊ ညနေ ၃ နာရီတွင် တစ်ကြိမ် မတ္တရာသို့ ပြေးဆွဲခဲ့သတဲ့။ မတ္တရာနယ်သည် ကွမ်းရွက်အပါအဝင် သစ်သီးဝလံများ၊ သစ်ဥသစ်ဖုများ ထွက်ရှိသည့်နေရာမို့ ဈေးချိုလက်ကားဈေးကွက်ကြီးသို့ မတ္တရာကုန်ပစ္စည်းတွေ လွယ်လင့်တကူ ရောက်ရှိရေးတွင် မနှင်းဆီရထားက အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

**မန္တလေး၏အမှတ်အသားဖြစ်သော နာရီစင်ကြီး ရှိသည်။**
**အခုတော့နှစ်တစ်ရာကျော်ပြီပေါ့ . . .**
**နာရီစင်ကို ယခုထိ မဖျက်မဆီး**
**မပျက်မယွင်း မြင်နေရခြင်းဖြစ် . . .**
**ဈေးချိုတော်သည် မန္တလေး၏အသည်း နှလုံးဖြစ်ခဲ့သည်မို့**
**မည်သည့်အကြောင်းအရာဖြစ်စေ**
**ဈေးချိုတော်ကို ဦးတိုက်ရမြဲဖြစ် . . .**

**ဘူတာကြီး၊ ဘူတာလေး**

ထိုစဉ်က မန္တလေးတွင် မန္တလေး - ရန်ကုန်၊ မန္တလေး- မြစ်ကြီးနား၊ မန္တလေး- ပြင်ဦးလွင် - လားရှိုး၊ မန္တလေး- မုံရွာ - ရေဦး၊ မီးရထားလမ်းများအတွက် ၇၈လမ်း၊ ၇၉ လမ်းကြားနှင့် ၂၇လမ်း၊ ၃၄လမ်းကြားတွင် ဘူတာရုံတစ်ရုံရှိသောကြောင့် ထိုဘူတာရုံကို ဘူတာကြီး၊ မနှင်းဆီရထားဘူတာရုံကို ဘူတာလေးဟု သုံးစွဲခေါ်ဝေါ်ကြသည်။ထို့ကြောင့် တစ်လျှောက်လုံး မန္တလေးဘူတာကို မန္တလေးသားတွေက ဘူတာကြီးဟု အစဉ်အဆက် လက်ဆင့်ကမ်း အမွေခံခေါ်ဝေါ်ခဲ့ကြခြင်း ဖြစ်ပါသည်။ တကယ်တော့မန္တလေးသည် သူ့အရပ်နှင့် သူ့ဇာတ်၊ သူ့အတ္ထုပ္ပတ်နှင့် သူ့ဗျူပွတ်ရှိပြီးဖြစ်၏။ မန္တလေးပါးမဝသော မန္တလေးရည်မလည်သော ပဝတ္တိသားတို့က သူတို့သိသော သာမန်အသိဖြင့် မန္တလေးကို ဆုံးဖြတ်တိုင်းထွာကြလေသောကြောင့် လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ဝန်းကျင်က မန္တလေးဘူတာကို မန္တလေးသားတွေက ရန်ကုန်ဘူတာလောက် မခံ့ညားမကြီးကျယ်ပါပဲ ဘူတာကြီးဟု သုံးစွဲခေါ်ဝေါ်ကြလေခြင်းဟု ရန်ကုန်သားစာရေးဆရာကြီး တစ်ဦးက သရော်တော်တော် ရေးသားခဲ့ဖူးသည်။ မန္တလေးသားက သေချာကျနစွာ ရှင်းပြပြောဆိုပြန်လည်ရေးသားပါမှ နှုတ်ဆိတ်သွားတော့သည်။

**နာရီစင်လမ်းဆုံ**

၂၆ ဘီလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်း (၈၄လမ်း) ဆုံတွင် မန္တလေး၏ အမှတ်အသားဖြစ်သော နာရီစင်ကြီး ရှိသည်။ အခုတော့ နှစ်တစ်ရာကျော်ပြီပေါ့။ ကြံဖန်ကျေးဇူးတင်ရလျှင်ဖြင့် နာရီစင်ကို ယခုထိ မဖျက်မဆီး မပျက်မယွင်း မြင်နေရခြင်းဖြစ်ပါသည်။ ဒါတောင် မူလကတပ်ဆင်ခဲ့သည့် ရောမဂဏန်းနှင့် သံပတ်ပေးရှေးဟောင်းနာရီကြီးမှာ ၁၉၈၀ ပြည့်နှစ်ကျော် ကတည်းက မရှိတော့။ မန္တလေး၏ အဖိုးတန်အမွေအနှစ်ဖြစ်သော ဈေးချိုတော်ရုံကြီး ၁၂ ရုံကဖြင့် အနိစ္စသဘောဖြင့် ကိစ္စချောလေပြီ။ ဒီနေရာတွင် ခပ်လွယ်လွယ် အနိစ္စသဘောဟု ပြောရသော်လည်း တကယ်တော့ သည့်ထက်မက နှစ်ထောင်သောင်းချီ သက်တမ်းရှည်သင့်ပါလျက် ကာလဒေသပယောဂဖြင့် ချုပ်ငြိမ်းရလေသောကြောင့် ဝမ်းနည်းရပါသည်ဟု ပြောရုံပဲ တတ်နိုင်ပါသည်။ ထိုလမ်းဆုံတွင် တစ်ချိန်က ဓာတ်ရထားတွေ မောင်းနှင်ဖြတ်သန်းခဲ့ဖူးသည်။ အရှေ့ရုံးကြီးမှ ဂေါဝိန်၊ ဘုရားကြီးစသည့် လမ်းကြောင်းများအတွက် ထိုလမ်းဆုံကို ဖြတ်သန်းကြသည်။ ဈေးချိုတော်သည် မန္တလေး၏ အသည်းနှလုံးဖြစ်ခဲ့သည်မို့ မည်သည့်အကြောင်းအရာဖြစ်စေ ဈေးချိုတော်ကို ဦးတိုက်ရမြဲဖြစ်ပါ၏။ ထိုလမ်းဆုံတွင် ၁၃၀၀ ပြည့်အရေးတော်ပုံကာလကလည်း ရဟန်းရှင်လူ ကျောင်းသားပြည်သူတွေ ဖြတ်သန်းခဲ့ဖူးသည်။ ထို့အတူ စီမံကိန်းစီးပွားရေးခေတ်ကလည်း နေ့ကြီးရက်ကြီး အထိမ်းအမှတ်ပွဲများအတွက် လူထု စစ်ကြောင်းတွေ ဖြတ်သန်းခဲ့ဖူးသည်။ ထို့အတူ ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံ ကာလကလည်း စစ်ကြောင်းတွေက ဒီနေရာမှာ အရပ်လေးမျက်နှာက ပေါင်းဆုံ ဖြတ်သန်း။

အခုတော့ ထိုနေရာသည် ဈေးကွက်စီးပွားရေး၏ ပြယုဂ်ဖြစ်သော အဆောက်အအယောင်များဖြင့် မြင့်မားတိုးတက်သွားသည်။ ၁၉၉၀ ပြည့်နှစ် ဝန်းကျင်မှာပင် ခြောက်ထပ်အဆင့်မြင့် ဈေးရုံကြီး ပေါ်ထွန်းခဲ့သည်။ တိုက်တန်းကြီး တိုက်တန်းလေး နေရာတွင်လည်း အထပ်မြင့်တိုက်တန်းကြီး ဖြစ်သွားသည်။ နောက်ထပ် မန်းမြန်မာပလာဇာ ဆိုတာကလည်း ဖွင့်လှစ်ပြီးချေပြီ။ သူ့အပေါ်က ၂၅ ထပ် ကွန်ဒိုမီနီယမ်။

လောလောဆယ်တော့ ရွှေကျောင်းပြောင်ပြောင် ကွန်ဒိုမီနီယမ်ညီနောင်ကို သက်တော်ရှည် နာရီစင်က မော့မကြည့်အားသေး။ သူ့နံဘေးက ဥဒဟိုသွားနေသူတိုင်းကို မျက်နှာချိုသွေးနေရလို့ ဖြစ်သည်။ သူ့ကိုယ်နှိုက်က တည်းတည်း။ ။


ရှေးဈေးချို

# ဘက်စုံဖွံ့ဖြိုးသော သားကောင်းရတနာများ ဖြစ်လာစေရေး မိဘပြည်သူများ ပူးပေါင်းပါဝင်ပေး

**မန္တလေး ဇွန် ၃**
ကလေးငယ်များအား ပညာရေးနှင့်အတူ စိတ်ဓာတ်ခွန်အားကိုပါ ပြုပြင်သင်ကြားပေးနေသည့် ပညာရေး စနစ်သစ်တွင် မိဘပြည်သူများမှလည်း ဆရာ၊ ဆရာမများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခြင်းဖြင့် အနာဂတ်တွင် သားကောင်းရတနာများ ဖြစ်ပေါ်လာနိုင်ကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းရီက ပြောကြားသည်။

နိုင်ငံတော်အစိုးရမှ ပညာရေးနှင့်အတူ ပူးပေါင်းလုပ်ဆောင်တတ်ခြင်း၊ လွတ်လပ်စွာတိုင်ပင်ဆွေးနွေး တင်ပြနိုင်ခြင်းနှင့် တီထွင်ဖန်တီးနိုင်စွမ်းရှိသော လူသားကောင်းများ ဖြစ်ပေါ်လာစေရန် သင်ရိုးညွှန်းတမ်းအသစ်များဖြင့် KG တန်းကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍လည်းကောင်း၊ Grade 1 ကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင်လည်းကောင်း ပြောင်းလဲသင်ကြားပေးခဲ့ပြီး ယခုပညာသင်နှစ်တွင် Grade 2 ကို သင်ရိုးသစ်ဖြင့် စတင်သင်ကြားပေးမည်ဖြစ်သည်။

"သင်ရိုးသစ်ကို သင်ကြားပေးကြတဲ့ ဆရာ၊ ဆရာမတွေအနေနဲ့ ဆရာလမ်းညွှန်မှာပါတဲ့အတိုင်း ကလေးတွေကို ပြည့်ပြည့်ဝဝ သင်ကြားပေးခြင်းဖြင့် နိုင်ငံတော်ကချမှတ်ထားတဲ့ ဘက်စုံဖွံ့ဖြိုးတဲ့ ကလေးတွေ မွေးထုတ်ပေးလာနိုင်မှာ ဖြစ်သလို မိဘတွေအနေနဲ့လည်း မိမိရဲ့ သားသမီးတွေ ကြီးပြင်းလာတဲ့အခါ ရင်ဆိုင်ကြုံတွေ့ရမယ့် အခက်အခဲတွေကို ပညာနဲ့အတူ စိတ်ဓာတ်ခွန်အား ပြည့်ဝနေမှ ဖြေရှင်းနိုင်မှာဖြစ်တဲ့အတွက် စနစ်သစ်ပညာရေးမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုပါတယ်"ဟု ၎င်းကပြောသည်။

ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရေးနှင့် ကျောင်းထွက်နှုန်း လျော့နည်းလာစေရေးအတွက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ အခမဲ့ပညာရေးစနစ်ကို မူလတန်းအဆင့်မှ စတင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အထက်တန်းအဆင့်ထိ တိုးမြှင့်ဆောင်ရွက်ခဲ့သည့်အပြင် ပညာရေးကဏ္ဍတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ရပ်တည်နိုင်စေရန် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ သင်ရိုးညွှန်းတမ်းအသစ်များဖြင့် ပြောင်းလဲသင်ကြားပေးနေမှုများကြောင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် မူလတန်းအဆင့် အသားတင်ကျောင်းနေနှုန်း ၉၇ ဒသမ ၃၉ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။

"ယခုဒီနှစ်မှာလည်း ကျောင်းအပ်နှံရေး ရက်သတ္တပတ်ရဲ့ ပထမဆုံးနေ့ဖြစ်တဲ့ မေလ ၂၅ ရက်နေ့ တစ်ရက်တည်းမှာ မန္တလေးတိုင်းအတွင်းမှာရှိတဲ့ ကျောင်းနေအရွယ် ငါးနှစ်ပြည့်တဲ့ကလေးငယ်ပေါင်း ၁၃၆၉၈၀ ဦးအနက် ၆၁ ရာခိုင်နှုန်းလာရောက်အပ်နှံခဲ့ပြီး ယခင်နှစ်က ရှိခဲ့တဲ့ ကျောင်းသားပေါင်း ၉၆၀၀၀၀ ကျော်အနက် ၇၃ ရာခိုင်နှုန်း ကျောင်းအပ်နှံလာတာ တွေ့ရတဲ့အတွက် မိဘတွေအနေနဲ့ သားသမီးပညာရေးအတွက် အလေးထား ဆောင်ရွက်လာတာကို အားတက်သဖွယ် တွေ့မြင်ရပါတယ်" ဟု ဒေါ်စန်းစန်းရီက ဆက်လက်ပြောကြားခဲ့သည်။

ထို့ပြင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုးကလည်း ပြောင်းလဲသင်ကြားနေတဲ့ ပညာရေးစနစ်သစ်အရ မိဘတွေက ကိုယ့်သားသမီးကို ကျောင်းအပ်ရုံ၊ ကျောင်းကိုလိုက်ပို့ပေးရုံ တင်မကဘဲ ကျောင်းလုပ်ငန်းဆိုင်ရာ အစည်းအဝေးတွေ ဖိတ်ကြားရင် တက်ရောက်ဆွေးနွေးသင့်ပါတယ်။ နိုင်ငံဖွံ့ဖြိုးမှုအားနည်းလို့ ကျောင်းတွေရဲ့ ဖွံ့ဖြိုးမှု လည်း အားနည်းနေရတယ်။ ဒါ့ကြောင့် ကိုယ့်သားသမီးရဲ့ ပညာရေးကို အလေးထားတယ်ဆိုရင် မိဘတွေရဲ့ ပူးပေါင်းဆောင်ရွက်မှု အထူးလိုအပ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ပညာရေးဝန်ကြီးဌာန အနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံနိုင်ရေး၊ ကျောင်းအပ်နှံပြီးသော ကလေးတိုင်း ကျောင်းနေမြဲရေးနှင့် အဆိုပါကလေးငယ်များအားလုံး ထိုက်သင့်သော ပညာအရည်အသွေး ရရှိစေရမည်ဆိုသည့် ရည်မှန်းချက်ကို အဓိကထား၍ ပညာရေးအသုံးစရိတ်၏ ၈၀ ရာခိုင်နှုန်းခန့်ကို အခြေခံပညာအတွက် ကျခံ သုံးစွဲလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**



## ကမ္ဘာ့စက်ဘီးစီးနေ့ အထိမ်းအမှတ် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၃**
စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်၊ မျိုးဆက်သစ် စက်ဘီးအားကစားသမားများ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ နေပြည်တော် ပြည်ထောင်စုနယ်မြေ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၁၈ ခုနှစ် ကမ္ဘာ့စက်ဘီးစီးနေ့ အထိမ်းအမှတ် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ဇွန် ၃ ရက် နံနက် ၆ နာရီက ပေါင်းလောင်းအားကစားကွင်းရှေ့၌ ကျင်းပသည်။

အဆိုပါ လူထုစက်ဘီးစီးနင်းပွဲသို့အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ မှဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၀၀ ကျော်တို့က ပေါင်းလောင်းအားကစားကွင်းရှေ့မှ ပန်းခင်းလမ်း၊ ရထားသံလမ်းမှ တစ်ဆင့် ရာဇဌာနီလမ်း၊ ထိုမှတစ်ဆင့် ပေါင်းလောင်းအားကစားကွင်းသို့ ပန်းဝင်ခဲ့ကြောင်း သိရသည်။ **မောင်မောင်ဇော်**

## တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး စုပေါင်းကိုယ်လက်လှုပ်ရှားပေး

**မန္တလေး ဇွန် ၃**
မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာနတို့ပူးပေါင်း၍ လူတိုင်းကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်ရန်လိုအပ်သည့် အလေ့အထကောင်းတစ်ခုအဖြစ် အများပြည်သူ သိရှိနားလည်လုပ်ဆောင်စေရန် ရည်ရွယ်၍ စုပေါင်းကိုယ်လက်လှုပ်ရှားမှု အစီအစဉ်ကို ဇွန် ၂ ရက် နံနက် ၆ နာရီက မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ပြုလုပ်ခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာနညွှန်ကြားရေးမှူးနှင့် ခရိုင်၊ မြို့နယ် အားကစားမှူးများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ကျောင်းအုပ်ကြီးနှင့် နည်းစနစ်မှူးများ၊ နည်းပြများ သင်တန်းသား၊ သင်တန်းသူများ၊ ကျုံးပတ်လည်အားကစားလေ့ကျင့်ရေးအဖွဲ့များ၊ မန္တလေးတောင်တက်အားကစားအဖွဲ့များ၊ အားကစားဝါသနာရှင်အမျိုးသမီးများ Zumba Dancingဖြင့် ကိုယ်လက်လှုပ်ရှား ကစားခဲ့ကြကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တိုက်ဖျက်ရေးအထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

**ချမ်းအေးသာစံ ဇွန် ၃**
အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် (၂၁) ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကို ဇွန် ၂ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ် (၁၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းတို့ တက်ရောက်အားပေးသည်။

ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး (၂၈) မြို့နယ်မှ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြပြီး ပန်းချီပြိုင်ပွဲတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၄၂ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ၃၀ ဦး၊ ပိုစတာပြိုင်ပွဲတွင် ၄၅ ဦး၊ ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးဝင်ရောက်ယှဉ်ပြိုင်ကြပြီး မန္တလေးတောင် အားကစားကွင်းတွင် ဇွန် ၂၆ ရက်တွင် ကျင်းပမည့်အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားတွင် ဆုများချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

## မုံရွာမြို့တွင် လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးနိုင်ရေး ထရန်စဖော်မာ အဆင့်မြှင့်တပ်ဆင်

**မုံရွာ ဇွန် ၃**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အောင်ချမ်းသာ ပင်မဓာတ်အားခွဲရုံတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနပိုင် 45 MVA ကို အဆင့်မြှင့်သည့်အနေဖြင့် 100-MVA သို့ ပြောင်းလဲတပ်ဆင်နေရာ ဇွန် ၂ ရက်တွင် 50 MVA တစ်လုံးတပ်ဆင်ပြီးစီးသည့်အတွက် တည်ငြိမ်သည့် လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးပေးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးမျိုးသန့်ထွန်းထံမှ သိရသည်။

"အရင်ဌာနပိုင် 45 MVA ထရန်စဖော်မာက ပြီးခဲ့နှစ်ကတည်းက ဝန်အားအပြည့်သုံးနေတဲ့အတွက် ထရန်စဖော်မာ ထပ်လျှောက်တာတွေလည်းမပေးနိုင်သလို စက်မှုဇုန်လုပ်ငန်းရှင်တွေက ပါဝါမီတာတပ်ချင်တာတွေကို မပေးနိုင်တဲ့အတွက် အကုန်ရပ်ထားခဲ့ရတယ်။ အဲဒါကြောင့် 45MVAထရန်စဖော်မာကို 100MVA ထရန်စဖော်မာနဲ့ လဲလှယ်တပ်ဆင်တာဖြစ်ပါတယ်။ 45MVAကို50-MVA နှစ်လုံးတပ်ဆင်နေတာ 50 MVA တစ်လုံးကတော့ အားလုံးတပ်တာပြီးသွားပါပြီ။ စမ်းသပ်စစ်ဆေးတာတွေ လုပ်ပြီးတဲ့အတွက် ဒီနေ့ကစပြီး အသစ်တပ်ထားတဲ့ 50MVA ကနေ လျှပ်စစ်ပေးသွားမှာဖြစ်ပါတယ်။ နန္ဒဝန်ခွဲရုံ၊ စက်မှုဇုန်ခွဲရုံ၊ အလုံခွဲရုံနဲ့ မုံရွာမြို့နယ် လျှပ်စစ်ရုံးဝင်းထဲက ခွဲရုံတွေကို တစ်လိုင်းချင်းစီ ပို့ထားတာတွေရှိတယ်။ အဲဒါတွေကို ဒီနေ့မှာ အလုံပြောင်းထားတဲ့ လိုင်းကို စပေးမယ်။ နောက်ရက်တွေမှာ လိုင်းတွေကို တစ်ခုချင်း ချိန်းသွားရမှာပါ"ဟု ဦးမျိုးသန့်ထွန်းက ရှင်းပြသည်။



လျှပ်စစ်အဝင်အားနည်းသည့်အတွက် ခွဲရုံများတွင် လျှပ်စစ်ဓာတ်အားကို မြှင့်လိုက်သည်နှင့် နေ့ခင်းဘက် အလုပ်လုပ်နေကြ၍ အဆင်ပြေသော်လည်း ညပိုင်းအသုံးနည်းသည့်အချိန်တွင် လျှပ်စစ်အား ၂၄၀ ကျော်သွားခြင်းများရှိပြီး နံနက်တစ်ခါ လျှပ်စစ်ဓာတ်အား မြှင့်လိုက်ညကျတော့လျှော့လိုက်လုပ်ရခြင်းမှာ အဆင်မပြေသည့် အခက်အခဲ ယခင်ကရှိခဲ့ကြောင်း သိရသည်။

ညဘက် လျှပ်စစ်ဗို့အား တစ်အားတက်သွားသည့်ကာလသည် ည ၁၂ နာရီမှ ၃ နာရီခန့်သာရှိပြီး ကျန်သည့်အချိန်များတွင်အဆင်ပြေကြောင်း သိရသည်။ ယခု အသစ်တပ်ဆင်သည့် 100MVA ထရန်စဖော်မာက အိမ်တွေမှာသုံးတဲ့ ထရန်စဖော်မာကဲ့သို့ မီးအားအတက်အကျကို အလိုအလျောက် ထိန်းပေးသည့် စနစ်ပါဝင်ကြောင်း သိရသည်။

"အခုလုပ်နေတာတွေကို အိမ်သစ်ဆောက်တာနဲ့ အိမ်ဟောင်းပြင်သလို အိမ်ဟောင်းပြင်ရတာက ပိုလက်ဝင်သလိုပေါ့။ အခုဟာကလည်း ရှိတဲ့နေရာမှာ ပြန်ပြင်ထပ်ထည့်ရတာဆိုတော့ နေရာကျပ်တာတွေလည်းပါသလို နဂိုရှိတဲ့ အဟောင်းကိုလည်းမီးပိတ်ပြီးတော့ အဟောင်းတွေဖယ်ထုတ်ရတယ်။ နဂိုရှိတဲ့ လိုင်းအဟောင်းတွေကို ပြောင်းယူရလို့ရှိရင်လည်း မီးပိတ်လိုက်ရွှေ့လိုက်လုပ်ရတာပါ။ တစ်ခါတည်း တစ်ရက်တည်းတော့ အကုန်အလုံးစုံလုပ်လို့မရပါဘူး။ အဟောင်းဖြုတ် အသစ်အစားထိုးလုပ်ရတော့ လျှပ်စစ်မီးပိတ်ရတဲ့ အကြိမ်ကတော့ များနေဦးမှာပဲ" ဟု ဦးမျိုးသန့်ထွန်းက ပြောသည်။

"အရင်ရှိတဲ့ 45MVA ကို သုံးနေတဲ့ ဓာတ်အားကကျော်နေပြီ။ NEP လိုင်းက လုပ်မယ့် ရွာတွေရှိသလို စက်မှုဇုန်ကစက်တွေ မြို့ထဲက လုပ်ငန်းတွေ ကိုယ်ပိုင်ဆေးခန်းတွေ တည်းခိုခန်းစတာတွေ သုံးနိုင်ဖို့ဆိုရင် 45MVA က ဆိုရင် ထပ်မပေးနိုင်တော့ဘူး။ အဲဒါကြောင့် 100MVA ကို အင်အားတိုးပေးရတာပါ" ဟု မုံရွာမြို့ အောင်ချမ်းသာ ပင်မဓာတ်အားခွဲရုံတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **မျိုးဝင်းထွန်း (မုံရွာ)**



# ရေတာရှည်မြို့နယ်တွင် (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံဖွင့်ပွဲ ကျင်းပ

**ရေတာရှည် ဇွန် ၃**
ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေး ပညာဦးစီးဌာနမှ (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ရေတာရှည်မြို့ ရွှေပြည်ကုန်းကျေးရွာ ဘိုးတော်ကုန်းကွင်း၌ ဇွန် ၃ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက နိုင်ငံတော်မှ ပြည်သူ တစ်ရပ်လုံး၏ ကျန်းမာရေးကိုဦးစားပေး ဆောင်ရွက်လျက်ရှိသည့်အပြင် နှစ်စဉ်ကျန်းမာရေးအတွက် ဘဏ္ဍာငွေများကို ပိုမိုတိုးမြှင့်ချထားပေးခြင်း၊ ဆေးရုံ၊ ဆေးခန်းများကိုလည်း တိုးချဲ့ဆောက်လုပ်ပေးနေကြောင်း၊ တိုင်းရင်းဆေးရုံများတွင် တာဝန်ထမ်းဆောင်နေကြသည့် တိုင်းရင်းဆေး ဆရာ၊ ဆရာမများ အနေဖြင့် ကုသရေးလုပ်ငန်းများကို ပြည်သူ့အကျိုးအတွက် မေတ္တာ၊ စေတနာထားပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားပြီးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် သနပ်ပင်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ဦးက တိုင်းရင်းဆေးကဏ္ဍနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ တိုင်းရင်းဆေးရုံသည် ရေတာရှည်မြို့နယ် ဘိုးတော်ကုန်းကွင်း ကွင်းအမှတ် ၆၇၂(ဂ)၊ မြေဧရိယာ လေးဧကပေါ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၂၀၀ ဖြင့် အလျား ၆၉၈ ပေ၊ အနံ ပေ၂၅၀ RC အုတ်ညှပ် အဆောက်အအုံအဖြစ် တည်ဆောက်ပြီး (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ဖွင့်လှစ်ခြင်းဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး အတွင်းတွင် တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုမှာ တိုင်းရင်းဆေးရုံနှစ်ရုံ၊ ခရိုင်အဆင့် တိုင်းရင်းဆေးကုဌာန လေးခု၊ မြို့နယ်တိုင်းရင်းဆေးကုဌာန ၂၂ ခုတို့ဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပြုပေးလျက်ရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# လှိုင်ကော်တွင် အားကစားနှင့်ပညာရေးပေါင်းစပ် အထက်တန်းကျောင်းဖွင့်ပွဲ ကျင်းပ

**လှိုင်ကော် ဇွန် ၃**
၂၀၁၈-၂၀၁၉ ပညာသင်နှစ် အားကစားနှင့် ပညာရေး ပေါင်းစပ် အထက်တန်းကျောင်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁ ရက် နံနက် ၈ နာရီက အားကစားနှင့် ကာယပညာ သိပ္ပံ (လှိုင်ကော်) စုပေါင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အားကစားလေ့ကျင့်ရေးနှင့် ပညာရေးကို အားကြိုးမာန်တက် ကြိုးစားလေ့လာသင်ယူပြီး ပညာတော်၍ အားကစားထူးချွန်သူများဖြစ်အောင် အစွမ်းကုန်ကြိုးစားရန် လိုအပ်ကြောင်း၊ ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ တိုင်းရင်းသား လူငယ်များ စုစည်းတက်ရောက်နေကြခြင်းဖြစ်၍ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုကို ထိခိုက်ပျက်ပြားစေမည့် အပြုအမူ၊ အပြောအဆို၊ အနေအထိုင်များကို ရှောင်ကြဉ်ပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝ မွေးမြူနေထိုင်သွားရန် မှာကြားသည်။

ဆက်လက်၍ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အားကစားနှင့် ကာယပညာသိပ္ပံမှ ပြသထားသည့် လေ့ကျင့်ရေး ပစ္စည်းများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် ကျောင်းသားအိပ်ဆောင်အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

နိုင်ငံတော်အတွက် ထူးချွန်သည့် မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ် မွေးထုတ်ပေးရန် ရည်ရွယ်ချက်ကောင်းများစွာနှင့် အားကစားနှင့် ကာယပညာသိပ္ပံ(လှိုင်ကော်) အား နိုင်ငံတော်၏ ငါးကျောင်းမြောက် သိပ္ပံကျောင်းအဖြစ် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ယခုပညာသင်နှစ်တွင် ပြေးခုန်ပစ်၊ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ လက်ဝှေ့၊ ရေကူး စသည့် အားကစားနည်း ၁၀ မျိုး လက်ခံသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



# လူငယ်နှင့်မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၃**
လွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းစီစဉ်၍ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ကို ဇွန် ၂ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်းရှိ OiAC ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

တောင်ဥက္ကလာပမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကျော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး OiAC ကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနွဲ့က ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ကို ကျင်းပရာ အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) တွဲဖက်အတွင်းရေးမှူး ဦးစိန်မြင့်ထွန်း၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) ကော်မတီဝင် ဦးအောင်ကြည်ညွန့်၊ မြို့နယ်ပညာရေးမှူး ဦးခင်ညိုဦး၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးကျော်စိုးတို့က မူးယစ်ဆေးဝါး၏ ကြောက်မက်ဖွယ်ရာ ဆိုးကျိုးအန္တရာယ် အကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းပညာပေးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသော ကျောင်းသားလူငယ်တို့က သိလိုသည်များကို ပြန်လည်မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူတို့က ရှင်းလင်းဖြေကြားပေးခဲ့ကြသည်။

ပြည်သူ့စကားဝိုင်းသို့ OiAC ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသားများ၊ ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများ ဖိတ်ကြားထားသော ဧည့်သည်များ စုစုပေါင်း ၂၈၀ ခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။

**ရဲမင်းထွန်း (ပြန်/ဆက်)**

# သန်လျင်၌ ကမ္ဘာ့စက်ဘီးစီးနေ့အထိမ်းအမှတ် စက်ဘီးချစ်သူများ စုပေါင်းစက်ဘီးစီးနင်း

**သန်လျင် ဇွန် ၃**
ကမ္ဘာ့စက်ဘီးစီးနေ့အထိမ်းအမှတ်အဖြစ် "ပျော်ရွှင်ကျန်းမာဖို့ စက်ဘီးစီးကြစို့" အစီအစဉ်အား သန်လျင်စက်ဘီးစီးအသင်း (TCC) နှင့် BikeClub @ Thanlyin တို့ ပူးပေါင်းကာ စက်ဘီးချစ်သူ လူကြီး၊ လူငယ်၊ အမျိုးသား၊ အမျိုးသမီးတို့သည် ဇွန် ၃ ရက် နံနက် ၆ နာရီက သန်လျင်မြို့တွင်းသို့ စုပေါင်းစက်ဘီးစီးနင်းခဲ့ကြသည်။



ကမ္ဘာ့စက်ဘီးစီးနေ့အထိမ်းအမှတ် စက်ဘီးချစ်သူ စုပေါင်းအဖွဲ့သည် "ပျော်ရွှင်ကျန်းမာဖို့ စက်ဘီးစီးကြစို့" စာတန်းများအား စက်ဘီး၌ ချိတ်ဆွဲကာ သန်လျင်မြို့ မြို့သစ်အရှေ့ရပ်ကွက်၊ ပြည်တော်သာလမ်း (ယခင် ရော်ဘာလမ်း)ရှိ ငြိမ်းချမ်းရေးကွင်းမှ စတင်ကာ နာရီစင်လမ်းဆုံ၊ ကျိုက်ခေါက်ဘုရားလမ်း၊ သီဟဒီပ အားကစားကွင်းရှေ့မှ လမ်းသစ်လမ်း၊ ဦးလှဘော်လမ်း၊ ထန်းပင်ကုန်းလမ်းမကြီး၊ သတိပဋ္ဌာန်လမ်း၊ မြို့မလမ်း၊ ဗိုလ်ချုပ်လမ်း၊ သန်လျင်မြို့မဈေး တစ်ပတ်လှည့်ကာ ဈေးနာရီစင်လမ်းဆုံ၊ သိမ်ကျောင်းလမ်းမှ မြို့သစ်အရှေ့ရပ်ကွက် ပြည်တော်သာလမ်း (ယခင် ရော်ဘာလမ်း)ရှိ ငြိမ်းချမ်းရေးကွင်းသို့ စုပေါင်းစက်ဘီးစီးနင်းခဲ့ကြသည်။

အဆိုပါ စုပေါင်းစက်ဘီးစီးနင်းပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းနှင့် သန်လျင်စက်ဘီးချစ်သူ အင်အား ၁၀၀ ဝန်းကျင်ခန့် ပါဝင်စီးနင်းခဲ့ကြပြီး "ပျော်ရွှင်ကျန်းမာဖို့ စက်ဘီးစီးကြစို့" အစီအစဉ်အား အပတ်စဉ် တနင်္ဂနွေနေ့တိုင်း စုပေါင်းစက်ဘီးစီးနင်းသွားမည်ဖြစ်ပြီး လူကြီးလူငယ် မည်သူမဆို မိမိကြိုက်နှစ်သက်ရာ စက်ဘီးတို့ဖြင့် ပါဝင်စီးနင်းနိုင်ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

# တာမွေမြို့နယ်တွင် မိုးတွင်းကာလ လျှပ်စစ်အန္တရာယ် မဖြစ်ပေါ်စေရေး သစ်ကိုင်းများခုတ်ထွင်ရှင်းလင်း

**ရန်ကုန် ဇွန် ၃**
တာမွေမြို့နယ်အတွင်း မိုးတွင်းကာလ၌ လျှပ်စစ် ဓာတ်အားလိုင်းကြိုးများအပေါ် သစ်ပင်သစ်ကိုင်းများ ကျိုးကျ၍ လျှပ်စစ်အန္တရာယ် ဖြစ်ပေါ်မှုကို ကြိုတင်ကာကွယ်သည့်အနေဖြင့် မြို့နယ်လျှပ်စစ်ဌာနနှင့် မြို့နယ် စည်ပင်သာယာရေးဌာနတို့ ပူးပေါင်း၍ ဇွန် ၂ ရက် နံနက် ၁၀ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ကျိုက္ကဆံလမ်းတစ်လျှောက်ရှိ လျှပ်စစ်ဓာတ်အားလိုင်းကြိုးများနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းပေးခဲ့သည်။

ထိုကဲ့သို့ မြို့နယ်လျှပ်စစ်ဌာနနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့၏ စုပေါင်းဆောင်ရွက်ပေးမှုအပေါ် ရပ်ကွက်နေပြည်သူတစ်ဦးက "မြို့နယ်လျှပ်စစ်ဌာနနှင့် မြို့နယ်စည်ပင်တို့ ပူးပေါင်းပြီး အခုလို လျှပ်စစ်ဓာတ်အားလိုင်းကြိုးတွေနဲ့ မလွတ်ကင်းတဲ့ သစ်ပင်သစ်ကိုင်းတွေကို ခုတ်ထွင်ရှင်းလင်းပေးတာဟာ ကောင်းတဲ့ ဝန်ဆောင်မှုတစ်ခုပါ။ မိုးတွင်းကာလမှာဆိုရင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများ တိုက်ခတ်ရာမှတစ်ဆင့် လျှပ်စစ်ဓာတ်ကြိုးများအပေါ် သစ်ပင်သစ်ကိုင်းတွေ ပြိုလဲ၊ ကျိုးကျမှုတွေကလည်း မြို့နယ်အတွင်း မကြာခဏဆိုသလို ဖြစ်ပေါ်လေ့ရှိတာကြောင့် လျှပ်စစ်ဓာတ်ကြိုးတွေပြတ်တောက်ပြီး လျှပ်စစ်အန္တရာယ်ဖြစ်ပွားမှုများ ရှိနိုင်သည့်အတွက် မြို့နယ်အတွင်း နေထိုင်ကြတဲ့ ပြည်သူတွေအဖို့ သွားရေးလာရေးတွင် အမြဲတမ်းသတိထားပြီး သွားလာနေရပါတယ်။ အခုလို သစ်ပင်သစ်ကိုင်းတွေ ခုတ်ထွင်ရှင်းလင်းပေးတာဟာ သစ်ပင်သစ်ကိုင်းများ ကျိုးကျပြီး လျှပ်စစ်အန္တရာယ် ဖြစ်ပေါ်နိုင်မှုကို ကြိုတင်ကာကွယ်ရာလည်း ရောက်ပါတယ်" ဟု ပြောကြားသည်။

**နိုင်လင်းအောင် (တာမွေ)**

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့် တက်ရောက်

**ဘားအံ ဇွန် ၃**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်နယ်သစ်တောဦးစီးဌာနမှ ကြီးမှူး၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃ ရက် နံနက် ၇ နာရီက ပြည်နယ်၏အထင်ကရနေရာ တစ်ခုဖြစ်သည့် ကရင်ပြည်နယ်ဘားအံမြို့ ကမ်လဘ်စေတီတော်ပရဝဏ် အတွင်း၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့် တက်ရောက်၍ သစ်ပင်များစိုက်ပျိုးပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးစောစံလင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမိုးမြင့်၊ ပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာနှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများအပါအဝင် ကမ်လဘ်ပတ်ဝန်းကျင်ဒေသရှိ ကျေးရွာ ၁၇ ရွာမှ ကျေးရွာသူကျေးရွာသားများ စုစုပေါင်းအင်အား ၉၅၀ ခန့်နှင့်အတူ မဟော်ဂနီပျိုးပင် ၁၀၀၀၊ မန်ကျည်းရှား၊ ငုဝါ၊ စိန်ပန်း၊ ခရေ၊ ပျဉ်းမ ၁၀၀ ပင်စီ စုစုပေါင်း သစ်ပင် ၁၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ပြည်နယ်သစ်တောဦးစီးဌာနမှ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသော ကျေးရွာသူ ကျေးရွာသားများအား ကျွန်းပျိုးပင် ၅၀၀ ခန့်ကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**





## တောင်ကြီးတွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုး

**တောင်ကြီး ဇွန် ၃**
၂၀၁၈ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အကြို သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃ ရက် နံနက် ၈ နာရီက တောင်ကြီးမြို့ ကိုးနဝင်းစေတီတောင်ကုန်းပေါ်၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ဇနီး ဒေါ်နန်းရွှေမြင့်၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သစ်ပင်ချစ်သူများအဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကိုစိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးတို့က သစ်ပင်စိုက်ပျိုးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ချယ်ရီ ၁၀၀၊ ရေသင်းဝင် ၅၀၀၊ ဆူးထင်းရှူး ၃၅၀၊ ခါတော်မှီ ၃၀၀၊ မဲဇလီ ၂၀၀၊ ပိတောက် ၅၀၊ စိန်ပန်းပြာ ၂၀၀၊ ယူကလစ် ၃၅၀၊ မဟော်ဂနီ ၅၀ စုစုပေါင်း အမျိုးအစားအပင် ကိုးမျိုးဖြစ်ပြီး အပင်ရေ ၂၀၀၀ စိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် ကွန်ပျူတာတက္ကသိုလ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၂၁) ကြိမ်မြောက် ကွန်ပျူတာပန်းချီပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နေမှုကို လေ့လာကြည့်ရှုအားပေးကြသည်။ အဆိုပါပြိုင်ပွဲသို့ စုစုပေါင်း ၂၁ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

## တာချီလိတ်ခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များ၏ သားသမီးများအားထောက်ပံ့

**တာချီလိတ် ဇွန် ၃**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့က ခရိုင်နှင့် မြို့နယ်များမှ ရဲတပ်ဖွဲ့ဝင်များ၏သားသမီး ကျောင်းသား ကျောင်းသူများအား ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၂ ရက် နံနက် ၁၀ နာရီက ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ပေါ်ထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် တပ်ဖွဲ့ဝင်များအချင်းချင်း စည်းလုံးညီညွတ်စွာ နေထိုင်ရေး၊ မိသားစုတွင်း အခက်အခဲများရှိပါက တာဝန်ရှိသူအဆင့်ဆင့်သို့ တင်ပြပေးရေး၊ သားသမီးများ၏ ပညာရေးအား အလေးထားဆောင်ရွက်သွားရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ပေါ်ထွန်းနှင့် ဇနီး ဒေါ်ခင်ရွှေရည်ဝင်းနှင့် တာဝန်ရှိသူများက ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ရာ ကျောင်းသား ကျောင်းသူများနှင့် မိဘများက လက်ခံယူခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## ကျိုက်ဒုံမြို့တွင်သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်

**ကျိုက်ဒုံ ဇွန် ၃**
ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်ကျိုက်ဒုံမြို့တွင် ပြည်သူများသွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဇွန် ၃ ရက်က ကျေးလက်ကျန်းမာရေးဦးစီးဌာနမှလက်ထောက်ကျန်းမာရေးမှူး ဦးမိုးမြင့်ဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်သူများပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်များ၏ နေအိမ်ခြံဝင်းများတွင် ခြင်ပေါက်ပွားမှုမရှိစေရေးအတွက် တစ်အိမ်တက်ဆင်း ဘုရားပန်းအိုး၊ သောက်ရေ၊ သုံးရေအိုးများ၊ ရေလှောင်အုတ်ကန်များအတွင်း ပိုးလောက်လမ်း ရှိ-မရှိစစ်ဆေးမှုများဆောင်ရွက်ပြီး အဘိတ်ဆေးခတ်ခြင်းများ ပြုလုပ်ဆောင်ရွက်ကာ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများကို အသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်၍ ကျိုက်ဒုံမြို့ ကျေးရွာများတွင်လည်း ကျေးလက်နေပြည်သူများ သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းထွန်းနိုင်(ပြန်/ဆက်)**

## ကမ္ဘာ့စက်ဘီးစီးနေ့ အထိမ်းအမှတ် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲတော်ကျင်းပ

**ပဲခူး ဇွန် ၃**
ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ကမ္ဘာ့စက်ဘီးစီးနေ့ အထိမ်းအမှတ် လူထုစုပေါင်း စက်ဘီးစီးနင်းပွဲတော်ကို ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်း ဗိုလ်ချုပ်ကြေးရုပ်ရှေ့၌ ဇွန် ၃ ရက် နံနက် ၇ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

လူထုစုပေါင်း စက်ဘီးစီးနင်းပွဲတော်တွင် ပဲခူးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ သူနာပြု သားဖွားသင်တန်းကျောင်းမှ သင်တန်းသူများနှင့် စက်ဘီးစီးဝါသနာရှင်များ စုစုပေါင်းစက်ဘီးအစီးရေ ၉၀ ခန့်ပါဝင်ကာ ပဲခူးမြို့ ဗိုလ်ချုပ်ကြေးရုပ်နှင့် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှေ့မှ ရွှေမော်ဓောဘုရားလမ်းအတိုင်း အနောက်ဘက်မုခ်အထိ အသွား/အပြန် စီးနင်းကြရာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ကမ္ဘာ့စက်ဘီးစီးနေ့ အထိမ်းအမှတ် လူထု စုပေါင်းစက်ဘီးစီးနင်းပွဲတော်ကို လူတိုင်းကျန်းမာကြံ့ခိုင်ရန် အားကစားနည်းတစ်ခုခုကို ဆောင်ရွက်သင့်ကြောင်း အသိရရှိစေရန်၊ စက်ဘီးစီးခြင်းအပေါ် အာရုံစူးစိုက်ပြီး လေ့ကျင့်ကာ ပြိုင်ပွဲဝင်နိုင်သည်အထိ တက်လှမ်းသွားနိုင်ရန်၊ စက်ဘီးကိုအသုံးပြုခြင်းအားဖြင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များမှ ထွက်ရှိသည့် ဂက်စ်အခိုးအငွေ့များ ပတ်ဝန်းကျင်တွင် လျှော့ချနိုင်ရန်၊ စက်ဘီးနှင့် သွားနိုင်သည့်နေရာများကို စက်ဘီးနှင့် သွားခြင်းအားဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်များ လျှော့ချနိုင်စေရန်တို့အတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ပြောကြားသည်။

**ဟိန်းထက်(ပြန်/ဆက်)**



## သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ထားဝယ်တွင် အသိပညာပေးဟောပြော

**ထားဝယ် ဇွန် ၃**
သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အသိပညာပေးဟောပြောပွဲကို ဇွန် ၂ ရက် နံနက် ၈ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကြက်စားပြင် ရွာလယ်ဇရပ်၌ ကျင်းပသည်။

တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်းက ရပ်ကွက်သူ ရပ်ကွက်သားများအား တနင်္သာရီတိုင်းဒေသကြီးသည် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုအနေဖြင့် တစ်နိုင်ငံလုံးတွင် တတိယအများဆုံး တိုင်းတစ်တိုင်းဖြစ်ပြီး ရောဂါကာကွယ်ရေးအနေဖြင့် လူတိုင်းလူတိုင်းက မိမိတို့ အိမ်ပတ်ဝန်းကျင် ခြင်ပေါက်ပွားရာနေရာများကို အပတ်စဉ် သန့်ရှင်းရေးဆောင်ရွက်မှသာ ကာကွယ်နိုင်မှာဖြစ်ကြောင်းပြောကြားပြီး တိုင်းဒေသကြီး သွေးလွန်တုပ်ကွေးရောဂါ နှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာဖေယျာကျော်က သွေးလွန်တုပ်ကွေး ရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းဟောပြောသည်။

ထို့နောက် လူထုစုပေါင်းလှုပ်ရှားမှုအဖြစ်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများစုပေါင်း၍ အဖွဲ့ ၂၈ ဖွဲ့ခွဲကာ ရပ်ကွက်အတွင်းလမ်းများအလိုက် တစ်အိမ်တက်တစ်အိမ်ဆင်း ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပိုးလောက်လမ်းသေဆေး (အဘိတ်)ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ပြီး ရပ်ကွက်နေပြည်သူများအား သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

ပြည့်စုံတိကျသော ဖြေဆိုလမ်းညွှန်မှုများနှင့် လေ့လာလေ့ကျင့်ရန် အကောင်းဆုံးစာအုပ်များ . . . .

ကျောင်းသားအများဆောင်
ရွှေလက်ဆောင်

၂၀၀၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ
တက္ကသိုလ်ဝင်စာမေးပွဲများမှမေးခဲ့သမျှမေးခွန်းဟောင်းများအားလုံးကို

၂၀၁၉ ခုနှစ်
မေးခွန်းပုံစံသစ်နှင့်အညီ

မေးခွန်းပုံစံသစ်နှင့်အညီ ပြင်ဆင်ပေးထားသော
မေးခွန်းဟောင်းအပြည့်အစုံနှင့်စံပြအဖြေများ




အပိုအလိုမပါ
ထွက်နေပါပြီ

ဘာသာစုံ၊ တစ်ဘာသာချင်း၊ တစ်အုပ်ချင်း

နယ်မြို့အသီးသီးရှိ စာအုပ်ဆိုင်တိုင်းတွင်ရရှိနေပါပြီ

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန်အပိုင်း(၁)၊ ဦးဖိုးလှိုင်လမ်း၊ အမှတ်-( ၁၉၈/၁၃ )တွင် ရုံးခန်းဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော MYANMAR MERCURY GARMENT MANUFACTURING CO., LTD. သည် အောက်ဖော်ပြပါ ကုမ္ပဏီမူပိုင်အမှတ်တံဆိပ်ဖြစ်သော **CNC Cotton N Cotton** ဟူသော အမည်အမှတ်အသားဒီဇိုင်းပုံစံနှင့်ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။



CNC
COTTON N COTTON®



( IV-၄၆၁၀/၂၀၀၀ ) နှင့် ( IV-၉၇၁၆/၂၀၁၂ )

အဆိုပါ **CNC** ဟူသောအမည်အမှတ်အသားနှင့် " **အသုံးအဆောင်ပစ္စည်းများဖြစ်သော ဖုန်း၊ Note Book, I Pad, ဘောလ်ပင်၊ မျက်မှန်၊ ရေသန့်ဘူး၊သော့ချိတ်၊ နားကြပ်များထည့်နိုင်ရန်အတွက် အိတ်ကပ်ဆိုဒ်စုံဖြင့် အထက်ပါဒီဇိုင်းပုံစံအတိုင်း အသုံးပြု၍ ကုမ္ပဏီသည် မိုးကာအကျႌအမျိုးမျိုး၊ ဂျာကင်အမျိုးမျိုး** "ကို ချုပ်လုပ်ပြီး၊ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

ယခုအခါ အဆိုပါ **CNC** ကုန်အမှတ်တံဆိပ်နှင့် ဒီဇိုင်းပုံစံပါ မိုးကာအကျႌအမျိုးမျိုးနှင့်ဂျာကင်အကျႌအမျိုးမျိုး ဝယ်ယူအားပေးသူများကြားတွင် ကောင်းသောဂုဏ်သတင်းဖြင့်ကျော်ကြားမှုကို အခွင့်ကောင်းယူကာ အချို့သော လုပ်ငန်းရှင်များသည် အဆိုပါ **CNC** ကုန်အမှတ်တံဆိပ်ဖြင့် ချုပ်လုပ်ဖြန့်ဖြူးလျက်ရှိသော မိုးကာအကျႌအမျိုးမျိုးနှင့် ဂျာကင်အကျႌအမျိုးမျိုး ဒီဇိုင်းပုံစံအတိုင်း တုပပြုလုပ်၍ မိုးကာအကျႌအမျိုးမျိုးနှင့်ဂျာကင်အကျႌအမျိုးမျိုးကို စျေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေကြောင်း သိရှိရပါသည်။

ယင်းသို့ ဖြန့်ဖြူးရောင်းချနေသူများအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ အဆိုပါ **CNC** ကုန်အမှတ်တံဆိပ်နှင့် ဒီဇိုင်းပါ မိုးကာအကျႌအမျိုးမျိုးနှင့်ဂျာကင်အကျႌအမျိုးမျိုးကို ဝယ်ယူအားပေးသူများ ထင်ယောင်ထင်မှားဖြစ်စေရန် **CNC** ကုန်အမှတ်တံဆိပ်နှင့်ဒီဇိုင်းပုံစံကို တုပ၍ မိုးကာအကျႌအမျိုးမျိုးနှင့်ဂျာကင်အကျႌအမျိုးမျိုးကို ချုပ်လုပ်ခြင်း၊ မှာယူတင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် လက်ဝယ်ထားရှိခြင်းများ လုံးဝ(လုံးဝ) မပြုလုပ်ကြပါရန်နှင့် အကယ်၍ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ပြစ်မှုကြောင်းနှင့် တရားမကြောင်းတို့အရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ ဦးအီနုစ်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၃၄၁)
**YE NOOS & ASSOCIATES (Law Firm)**
အမှတ်-၁၇၆(ပထမထပ်)၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်မြို့။ ဖုန်း- ၃၉၇၂၃၄ ၊ ၃၉၇၂၃၅၊ ၂၉၆၁၃၂။

**အမည်မှန်နှင့်ဖခင်အမည်မှန်**

မြစ်ကြီးနားမြို့၊ အထက(ဇီးလွန်)၊ အ၄မတန်း(D)မှ မောင်သန်းထိုက်အောင်၏အမည်မှန်မှာ မောင်သန်းထက်အောင်ဖြစ်ပြီး၊ ဖခင်အမည်မှန်မှာ ဦးသန်းဆောင် [၁/မကန(နိုင်)၀၈၀၆၃၆] ဖြစ်ပါသည်။

**Fielder 2003**
**Taxi (အဖြူရောင်)**
ကားအလွန်သန့်
ရောင်းစျေး (၂၀၂)သိန်း
**ဖုန်း-၀၉-၉၇၁၂၄၁၃၇၆**

**လိပ်ခေါင်း၊ ဂရင်ဂျီနာ**
09-73121554 အဖု၊ အကျိတ်၊ အရေပြား
အရိုးအကြော၊ မသွဲမစိပ်၊ မနာမကျင် အမြစ်ပြတ်ကုသပေးသည်။
(ဇီဝက ဆေးခန်း) ၃၄၈၊ မြေညီ၊ ရွှေဘုံသာအထက်လမ်း။ အေးထေးခန်းဘေး။
ရန်ကုန်မြို့၊ 09-73038158, 09-43088215

**SOCIAL WELFARE SOCIETY FOUNDATION၏**

**ထုတ်ပြန်ကြေညာချက်**

၁။ SWSFသည် မိမိတို့လှူဒါန်းရန် လုပ်ငန်းများကို စီစဉ်ဆောက်ရွက်ဆဲသာဖြစ်ပါသည်။ လုပ်ငန်းများ အကောင်အထည်ဖော်ရန် အဆင်သင့်မဖြစ်နိုင်သေးပါ။

၂။ လုပ်ငန်းဆောင်ရွက်ရန် သတ်မှတ်နိုင်ခြင်းမရှိသေးပါ။

၃။ ပြင်ပတွင် ပြောဆိုစာချုပ်ချုပ်ဆိုကြသော SWSFနှင့်ပတ်သက်သော လုပ်ငန်းဆိုသည်များမှာ SWSFမှ ထုတ်ပြန်ထားခြင်း(လုံး၀)မရှိပါ။

၄။ ပြင်ပတွင် ပြောဆိုစာချုပ်ချုပ်ဆိုကြခြင်း၊ ငွေပေးငွေယူပြုလုပ်ခြင်းကိစ္စများကို(လုံး၀)တာဝန်ယူမည်မဟုတ်ပါ။ လုပ်ကိုင်ဆောင်ရွက်နေသူများကိုလည်း ဥပဒေကြောင်းအရ ဖော်ထုတ်အရေးယူနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**SOCIAL WSF**
**ဥက္ကဋ္ဌနှင့် အမှုဆောင်ဒါရိုက်တာများ**
**ဖုန်း-၀၉၅၁၄၅၈၅၆၊ ၀၉-၄၄၀၄၇၂၄၁၀**

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်အုပ်စု၊ ကွင်းအမှတ် (၅၁၁-ခ)နှင့် (၅၁၉-က)၊ လှည်းကူးမြို့နယ်၊ ကြာအင်းအုပ်စုကွင်းအမှတ် (၉၇၈)၊ ကလီထော်အနောက်အုပ်စု၊ ကွင်းအမှတ်(၉၇၇)၊ မြေကွက်အမှတ် (ဇုန်-၁)၊ အကွက်အမှတ် (အေ-၂၅/၃၅)၊ ဧရိယာ (၁၀. ၀၀) ဧကရှိခြံမြေနှင့် ယင်းခြံမြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ရောက် ပိုင်ဆိုင်သူဖြစ်သော ဦးတင်ဌေး [၁၂/အလန(နိုင်)၀၂၉၆၃၅] ကိုင်ဆောင်သူထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူတော့မည်ဖြစ်ပါသဖြင့် အထက်ပါခြံမြေနှင့်ပတ်သက်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နန်းမတ် [၁၃/နစန(နိုင်)၀၃၁၇၈၀]**
**ဖုန်း-၀၉-၅၂၁၀၃၁၄**

NELC (Nelson English Language Centre) မှ ဦးစီးတည်ထောင်သည်။

ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်အမှတ်- ကကစ ၁၃/၁၂/၀၃၅

# DPS

ကိုယ်ပိုင်မူလတန်းကျောင်း

## KG to Grade-5

အစိုးရသင်ရိုးညွှန်းတမ်းဘာသာရပ်များအပြင်
Cambridge English, Cambridge Science, Art & Craft ,
Computer နှင့် အခြားသောဖွံ့ဖြိုးတိုးတက်ရေးဘာသာရပ်များကို
ထပ်မံပေါင်းထဲ့သင်ကြားပေးနေပြီး အခြေခံကောင်း၍ ဘက်စုံထူးချွန်သော
ကျောင်းသား/သူများအားမွေးထုတ်ပေးနေသည့် DPS-Private School

**DPS Private School** ➤ အမှတ်-၁၁၅၁၊ သီတာလမ်း၊ ၂-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ ၉၆၀၆၀၄၇၀၀ / ၀၁ ၆၅၀ ၇၆၆ ။

**NPS Private School** ➤ အမှတ်-၉ ၊ ကွက်ပြင် (၃) ၊ ရပ်ကွက်ကြီး(၁) ၊ မြို့ပတ်လမ်း ၊
စက်မှုလက်မှုကျောင်းရှေ့၊ ပြင်ဦးလွင်မြို့။ ဖုန်း - ၀၉ ၇၇၇၆၆၂၉၄၇

**မန္တလာ NPS Private School** ➤ ယ ၁/၂၆၊ လမ်းသွယ်-၂ ၊ မြဝတီမင်းကြီးလမ်း နှင့် ဆင်ဖြူရှင်လမ်းကြား၊
အရှေ့ကျွဲဆည်ကန်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၃၄၀၀၀၇၇၇၁ ။

## ၂၀၁၈-၂၀၁၉ ပညာသင်နှစ်
## အတွက်ကျောင်းအပ်စတင်လက်ခံနေပါပြီ။



www.facebook.com/dpsprivateschoolyangon
www.facebook.com/npsprivateschoolpyinoolwin
www.facebook.com/npsprivateschoolmandalay



Education MALAYSIA HO CHI MINH CITY

# EDUCATION MALAYSIA EXPOSITION

**9TH JUNE 2018 | 1.00 PM - 5.00 PM**
**Ballroom, Sule Shangri-La Hotel, Yangon**

ယူကေ၊ ဩစတြေးလျ နှင့် အမေရိကန်နိုင်ငံများရှိ နာမည်ကြီးတက္ကသိုလ်များနှင့် ချိတ်ဆက်ထားသော မလေးရှားတက္ကသိုလ်များမှ တာဝန်ခံ ဆရာ၊ ဆရာမများနှင့် တစ်ဦးချင်းတွေ့ဆုံပြီး မိမိ၏ ပညာရေးလမ်းကြောင်းကို မေးမြန်းစုံစမ်း အကြံဉာဏ်ရယူနိုင်သည့် အထူးသီးသန့်အစီအစဉ်။

ပွဲချိန်အတွင်း
- Scholarship Preview (စကောလားရှစ် ဟောပြောပွဲ)
- Healthy-Aging Seminar ("ကျန်းမာစွာဖြင့် နုပျိုခြင်း" ဟောပြောပွဲ)

လေယာဉ်လက်မှတ် အခမဲ့*
အဆောင်နေစရိတ် အခမဲ့*
*Terms and Conditions apply*

www.facebook.com/emgamyanmar | +95-9-2530 66 202 | +95-9-506 2891 | Organized By Education MALAYSIA | In Collaboration With • rexpo • JENKO

သင့်ပညာရေး အတွက် ယုံကြည် အားထားရာ
**SAIC STUDY ABROAD Information Centre**

**Yangon Office**
Diamond Condo, Tower B, 15th Floor, Room 1502,
Pyay Road, Karmaryut Township, Yangon.
Tel : (09) 5151 008

**Mandalay Office**
No. 326, 62nd Street, Between: (29th x 30th) Street,
Chanayetharzan Township, Mandalay.
Tel : (09) 4200 99997

## STUDY ABROAD EDUCATION ROAD SHOW 2018

- ➤ ထူးချွန်ကျောင်းသူ ကျောင်းသားများအတွက် 10% မှ ရာနှုန်းပြည့် 100% အထိ ပညာသင်ဆုများ ရရှိနိုင်မည့် အခွင့်အရေး။
- ➤ နိုင်ငံတကာမှ ကျောင်းတာဝန်ခံများနှင့် တိုက်ရိုက်တွေ့ဆုံပြီး professional ကျကျ လမ်းညွှန်အကြံပေးမှုများကို ရယူပြီး ပညာရေးလမ်းကြောင်းများကို မှန်ကန်စွာရွေးချယ်နိုင်မည့် အခွင့်အရေး။
- ➤ ဘွဲ့ဒီဂရီရယူပြီးနောက် နိုင်ငံတကာတွင် ရရှိနိုင်မည့် ခိုင်မာသော အလုပ်အကိုင်အခွင့်အလမ်းများကို သိရှိနိုင်မည့် အခွင့်အရေး။

STUDY ABROAD EDUCATION ROAD SHOW 2018 ကို တက်ရောက်ရန် Register လုပ်ထားသူများ စင်ကာပူကျောင်းအပ်နှံပါက လေယာဉ်လက်မှတ် **Free** ရရှိမည် ဖြစ်သည်။

**Scholarships Up to 100%**

**Mandalay**
Date : 9 June 2018 (Sat)
Time : 10:00 am - 1:00 pm
Venue : Hilton Mandalay Hotel (Ballroom)

**Yangon**
Date : 10 June 2018 (Sun)
Time : 10:00 am - 1:00 pm
Venue : Novotel Hotel (Eureka Room)



**Register Now!**
**09 5151 008,**
**09 4200 99997**


MAB
Myanma Apex Bank
VISA
FIFA WORLD CUP
RUSSIA 2018
worldwide partner
EMBRACE YOUR LIFESTYLE
FIRST VERTICAL VISA CARD IN MYANMAR
COURTESY OF VISA
Platinum
VISA PLATINUM CREDIT CARD
VISA CLASSIC CREDIT CARD
MAB VISA FIFA WORLD CUP™ CREDIT CARD
Visa နှင့် MAB Bank မှပေးသော Discount နှင့်အကျိုးခံစားခွင့်များ ရရှိနိုင်ခြင်း
ကတ်အခမဲ့လျှောက်ထား နိုင်ခြင်း
MAB iBanking အကောင့် ကိုအခမဲ့ဖွင့်ပေးခြင်း
Get MAB CARD
APPLY NOW!
Available at Any MAB Branches
(While Stock Last)
CALL CENTER : 01 8610612
Scan QR Code with your Smart Phone to Find MAB Branches

## ဦးဇော်ဇော်သက်

**အသက်(၄၀)**

**ဒုတိယခရိုင်ဥပဒေအရာရှိ ရန်ကုန်တောင်ပိုင်းခရိုင်ဥပဒေရုံး**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေအုန်းပင်အိမ်ရာ(၂)၊ တိုက်(၂၄)၊ အခန်း(၄၂)နေ ဦးခင်မောင်ထွန်း(မြို့နယ်ထွေ-အုပ်၊ ငြိမ်း)-ဒေါ်ကြည်ကြည်ဝင်း (မြို့နယ်ဥပဒေအရာရှိ-ငြိမ်း)တို့၏ သား၊ ဦးစိုးနိုင် (ပြည်ထောင်စုတရားလွှတ်တော်ချုပ်-တရားသူကြီး)-ဒေါ်မြမြတို့၏ သားသမက်၊ ဦးဝင်းထွန်းဦး (Total E&P Myanmar Co.,Ltd.)-ဒေါ်မြနန္ဒာတို့၏ညီ၊ ဒေါ်စုကေခိုင် (ရွှေပြည်သာမြို့နယ်-ဥပဒေအရာရှိ)၏ ချစ်လှစွာသောခင်ပွန်းသည် ၃-၆-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးဇော်ဇော်သက်**

**ဒုတိယခရိုင်ဥပဒေအရာရှိ ရန်ကုန်တောင်ပိုင်းခရိုင်ဥပဒေရုံး**

**အသက် (၄၀)**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်ဥပဒေရုံး၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်စုကေခိုင်၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူ ဦးဇော်ဇော်သက် အသက် (၄၀)နှစ်သည် ၃-၆-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့်**
**ပြည်ထောင်စုရှေ့နေချုပ်ရုံးမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဆရာကြီးဒေါက်တာတင်လှိုင်**

**အသက် (၈၇)နှစ်**

**(ကုန်သွယ်ရေးကျောင်း ဖခင်ကြီး)**

ကုန်သွယ်ရေးကျောင်းဖခင်ကြီး ဆရာကြီး ဒေါက်တာတင်လှိုင်သည် ၃-၆-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၁း၃၀နာရီ တွင် ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကုန်သွယ်ရေးကျောင်းအပတ်စဉ်(၁)၁/၆၃**
**ကျောင်းဆင်းသင်တန်းသားများ**

## အထူးကျေးဇူးတင်ရှိခြင်း

**ဦးစိုးဝင်း**

**အသက်(၇၅)နှစ်**

**B.E (Mechanical) 66 Batch**

**အငြိမ်းစားအထွေထွေမန်နေဂျာ**

**(စက်မှု-လျှပ်စစ်) မြန်မာ့မီးရထား**

၂၇-၅-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားသော ကျေးဇူးရှင်ဖခင်ကြီး ဦးစိုးဝင်းနာမကျန်းနေစဉ် ပြုစုကုသပေးသော ဆရာဝန်များနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများ၊ မြန်မာ့မီးရထားမှ တာဝန်ရှိပုဂ္ဂိုလ်များ ရွာထောင်မီးရထားစက်ရုံ၊ အင်းစိန်မီးရထားစက်ရုံ၊ မြစ်ငယ်မီးရထားစက်ရုံ၊ မြို့မကျောင်းသူ/သား ဟောင်းများအသင်း၊ ပင်စင်စားများအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဗုဒ္ဓဘာသာအဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့၊ မြန်မာနိုင်ငံတီဘီအသင်း၊ ကြက်ခြေနီ ရောင်းရင်းများ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းအားပေးကြသူများ၊ ဖခင်ကြီးအားရည်စူး၍ လှူဖွယ်ပစ္စည်းဝတ္ထုအစုစုတို့ကို ပေးပို့ကြသူများ ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။ ဖခင်ကြီးအတွက်ရည်စူး၍ လှူဒါန်းသောကောင်းမှုကုသိုလ်အစုစုတို့ကို အမျှပေးဝေပေါ့ကုန်၏ (အမျှ-အမျှ-အမျှ)ယူတော်မူကြပါစေကုန်သတည်း။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်တင်တင်မော်(မော်ကျွန်း) (၅၁)နှစ်**

**သုမေဓာသက်နှီးတိုက်၊ ကြည့်မြင်တိုင်**

ကြည့်မြင်တိုင်မြို့နယ်၊ ကျောင်းကြီးတိုက်၊ မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ ဦးစီးကော်မတီ(ဂေါပက)အဖွဲ့ဝင် ဦးကျော်ဌေး(သုမေဓာသက်နှီးတိုက်)၏ ဇနီး ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး ဒေါ်တင်တင်မော် အသက်(၅၁) နှစ်သည် ၃၁-၅-၂၀၁၈ ရက် ည ၇း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**- ဦးစီးကော်မတီ**
**- မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့**
**- ဓာတ်မီးပူဇော်ရေးနှင့်ဝေယျာဝစ္စအသင်း**
**- မဟာပုညောပကာရစမ္မောရုံဂေါပကအဖွဲ့**
**- ကျောင်းကြီးတိုက်၊ ကြည့်မြင်တိုင်**

**တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်ရှင်(ခ)ဒေါ်ယဉ်မြင့်

**အသက်(၈၅)နှစ်**

**သက်ကြီးကန်တော့ခံ**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၂)လမ်း၊ အမှတ်(၆၀၂)နေ အသင်းဝင်ဖြစ်သူ ဒေါ်ရှင်(ခ)ဒေါ်ယဉ်မြင့်သည် ၂-၆-၂၀၁၈ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသားများအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဒေါ်ခင်ထွေးသွင်(ခ)

**Nancy Thwin (၇၂)နှစ်**

**B.Com(IT)**

**၁၉၆၉ စီးပွားရေးတက္ကသိုလ်**

၁၉၆၉ ခုနှစ် စီးပွားရေးတက္ကသိုလ် ကျောင်းဆင်း ဒေါ်ခင်ထွေးသွင် (Nancy Thwin)သည် ၂-၆-၂၀၁၈ ရက် နံနက် ၁၁း၁၅နာရီတွင် ဝိတိုရိယ အထူးကုဆေးရုံကြီး၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၆-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ဝတ်ပြုပြီး ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းနှင့် စီးပွားရေးတက္ကသိုလ်-၆၉ ကျောင်းဆင်းသူငယ်ချင်းများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအပ်ပါသည်။

၁၉၆၉ စီးပွားရေးတက္ကသိုလ်
ကျောင်းဆင်းသူငယ်ချင်းတစ်စု

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆) ရပ်ကွက်၊ အမှတ် ၂၀/၃၂ နေ (ဦးလှရင်-ဒေါ်ကျင်) တို့၏သား၊ ဒေါ်တင်လှိုင်၏ ခင်ပွန်း၊ ပါမောက္ခ ဒေါက်တာအောင်ချိုမြင့်-ပါမောက္ခ ဒေါက်တာ သီတာအောင်၊ ဦးစောလွင်၊ ဒေါ်ချိုချိုသန်း၊ ဦးကျော်သူရ-ဒေါ်သက်ဆုလှိုင် (ခေတ္တကိုရီးယား) တို့၏ဖခင် ဥူးသီဟ (ဦးဗိုလ်) သိက္ခာတော် (၂၄)၊ သက်တော် (၈၄) နှစ် (လက်ထောက်ကြီးကြပ်ရေးမှူး-ငြိမ်း၊ ကပရ) သည် ၃၁-၅-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၄း၅၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

**Getz Pharma Myanmar**
မိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ကျင်မြ (၈၅)နှစ်

ဟသ်္သာတခရိုင်၊ မြို့ကွင်းမြို့၊ သဖန်းချိုကျေးရွာနေ (ဦးပြား-ဒေါ်ကြာညွန့်)တို့၏သမီး၊ (ဦးမောင်ဖုန်း)၏ဇနီး၊ ပုဇွန်တောင်မြို့နယ်နေ ဦးလှခင်-ဒေါ်ဘေဘီအေး၊ သာကေတမြို့နယ်နေ ဒေါ်လှလှရီတို့၏ မွေးသမိခင်၊ မြေး ၁၀ ယောက်၊ မြစ်လေးယောက်တို့၏ အဘွားသည် ၂-၆-၂၀၁၈(စနေနေ့) ညနေ ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၈ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၈-၆-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီတွင် သာကေတမြို့နယ်၊ အမှတ်(၆၆)၊ ဇမ္ဗူသီရိအနောက်(၂)လမ်း၊ ၆/နောက်ရပ်ကွက် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးမောင်မောင် အသက်(၈၀)

**မန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း (ရောင်း/စက်)**

ရွှေဘိုမြို့၊ ဆင်ရုံရပ်နေ (ဦးဝက်-ဒေါ်ချစ်)တို့၏ သားထွေး၊ မန္တလေးမြို့၊ အမှတ်(၄၄၉)၊ (၈၂)လမ်း၊ (၃၃)လမ်းထောင့်၊ ရသာတန်းရပ်နေ (ဦးကျော်စိန်-ဒေါ်သက်ရင်)တို့၏ သားသမက်၊ ဦးဆန်းဝင်းမောင်-ဒေါက်တာစန်းစန်းမော်၊ ဒေါ်နွယ်နီဝင်း၊ ဦးထွန်းညွန့်မိုး-ဒေါ်လဲ့ယဉ်ဝင်း၊ ဒေါ်ချောစုဝင်းတို့၏ကျေးဇူးရှင်မွေးသဖခင်၊ မောင်ကောင်းခန့်စိုး၊ မောင်မြတ်ထက်မောင်တို့၏ အဘိုး၊ ဒေါ်သန်းသန်း (အငြိမ်းစား၊ အထပြ၊ အထက-၄၊ မန္တလေး)၏ခင်ပွန်းသည် ၂-၆-၂၀၁၈ (စနေနေ့) ည ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ဆွဲ (သပြူ၊ ဒါးပိန်) (၆၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့၊ သပြူကျေးရွာနေ (ဦးပို-ဒေါ်တင်မြ)တို့၏ သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဒါးပိန်မြို့၊ ဘူတာပိုင်းနေ (ဦးကျန်လေး)-ဒေါ်ကျင်မွေးတို့၏ သမီးချွေးမ၊ ဦးဝင်းကြည်၏ ချစ်လှစွာသော ဇနီး၊ ဒါးပိန်မြို့နေ ဦးကျော်ဇေယျာဝင်း-ဒေါ်ဇင်မျိုးခိုင်၊ ဒေါ်မေလှိုင်ဝင်း-ဦးထွန်းလင်း၊ ဦးကျော်ဘိုဘိုဝင်း-ဒေါ်အိသက်ဖြူတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၂-၆-၂၀၁၈(စနေနေ့) ည ၈း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ဒါးပိန်မြို့တောင်ပိုင်းသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၆-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစိုးဝင်း(စိုးကြီး) (မြောင်းမြ)

**အသက်(၅၉)နှစ်**

မြောင်းမြမြို့၊ (၂)ရပ်ကွက်၊ အောင်ဆန်းလမ်း၊ အမှတ် (၁၁၄)နေ (ဦးအုန်းမောင်-ဒေါ်ကျင်စော)တို့၏ သားကြီး၊ (ဦးထွန်းကြည်)-ဒေါ်ခင်မြင့် တို့၏သားသမက်၊ ဒေါ်အေးအေးမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ပြည့်မျုးဇော်-မမော်မော်စန်း၊ မောင်အောင်ခန့်ဇော်တို့၏ ဖခင်၊ မအိဆောင်းဦး၏ အဘိုး ဦးစိုးဝင်းသည် ၂-၆-၂၀၁၈(စနေနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် မြောင်းမြမြို့၊ မြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကျော်စွာ(ကိုပြောင်ကြီး) (၅၈)နှစ်

**(ပင်းတလဲ)**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ပင်းတလဲကျေးရွာနေ (ဦးခွေးပု-ဒေါ်လှ)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်စက်မှု (၂)လမ်း၊ အမှတ်(၁၁၀)နေ [ဦးညိုမောင်-ဒေါ် သန်းရှိန်(ခ)ဒေါ်ငယ်]တို့၏သားသမက်၊ ဒေါ်ရီရီဝင်း၏ခင်ပွန်း၊ ဦးမြင့်ဦး-ဒေါ်ခင်ဝင်း၊ ဦးဘမောင်-ဒေါ်ဝင်းမြင့်၊ ဦးစိုးမြင့်-ဒေါ်ပုလဲဦး၊ (ဦးချစ်ကိုကိုသန်း)-ဒေါ်စိုးစိုးမာ၊ ဦးဇော်ဝင်း-ဒေါ်စုစုခိုင်၊ ဦးဝင်းရွှေတို့၏ ညီ၊ ဦးဝင်းနိုင်-ဒေါ်မိုးမိုးခိုင်၊ ဒေါ်စန်းစန်းရီတို့၏ အစ်ကို၊ မောင်ကျော်မျိုးဝင်း(ခေတ္တ-ဂျပန်)၊ မောင်မျိုးသန့် [B.E(Civil)၊ နောက်ဆုံးနှစ်၊ နည်းပညာတက္ကသိုလ်-သန်လျင်]၊ မအိအိမွန်(ပထမနှစ်-ဓာတုဗေဒ၊ ဒဂုံတက္ကသိုလ်)တို့၏မွေးသဖခင် ဦးကျော်စွာသည် ၂-၆-၂၀၁၈ရက် ညနေ ၅း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**

## ဒေါ်မော်မော် (၅၃)နှစ်

**ဆုစာပေ**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအနောက်ရပ်ကွက်၊ သာစုလမ်း၊ အမှတ်(၉)နေ (ဦးတင်ရွှေ-ဒေါ်ရင်မြ)တို့၏သမီး၊ (ဦးဇော်ဝင်း-ပန်းချီ)-ဒေါ်သန်းသန်းဆိုင်၊ ဒေါ်လီလီသန်း(မြဝတီစာပေတိုက်-ငြိမ်း)၊ (ဦးချစ်သန်း)-ဒေါ်ရီရီသန်း၊ ဦးစောအေးလွင်-ဒေါ်အေးအေးကြိုင်၊ (ဦးဝမ်ကျင်)-ဒေါ်အေးအေးခိုင်၊ ဦးဝင်းမြင့် (MRTV)၊ ဒေါ်ချိုချိုမာ တို့၏ ညီမ၊ ဒေါ်မိုးမိုး(အဏ္ဏဝါရေလုပ်ငန်း)၊ ဦးလွင်လူ-ဒေါ်စိုးစိုး၊ ဦးသိန်းဇော်ထွန်း-ဒေါ်ချိုချိုစန်းတို့၏အစ်မ၊ တူ/တူမ ၁၉ ယောက်တို့၏အဒေါ်၊ မြေး ၁၁ယောက်တို့၏ အဘွားသည် ၂-၆-၂၀၁၈ (စနေနေ့) ည ၁၁နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၈ (တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဒေါ်အေးအေးသန့်(ခ)

**ဒေါ်မေသရီး**

**(သမဝါယမဦးစီးအရာရှိ)**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင် (၁၃)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ ရွှေနိုင်ငံသမလိုင်းခန်းနေ (ဦးနု-ဒေါ်တင်ရွှေ)တို့၏သမီး၊ (ဦးထွန်းသွယ်-ဒေါ်နုစ်)တို့၏သမီးချွေးမ၊ ဦးသိန်းဆွေ-ဒေါ်စုစုတို့၏ ညီမ၊ ကိုအောင်ပြည့်စိုး-မသော်သော်ဆင့်၊ ဗိုလ်မှူးကိုအောင်စည်ဖြိုး-မရတနာသန့်ဇင်၊ ကိုအောင်နေမျိုး-မသဇင်မျိုး၊ ဗိုလ်ကြီးကိုအောင်ပြည့်ဖြိုး-မအေးကျော့ခိုင်၊ ကိုအောင်နိုင်ဝင်း-မမီးမီးတို့၏ မွေးသမိခင်၊ (ဦးအုန်းလွင်)၏ဇနီး၊ မြေးကိုးယောက်တို့၏အဘွားသည် ၂-၆-၂၀၁၈ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၈ (တနင်္လာနေ့) ညနေ ၄နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၆-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂နာရီအထိ ရွှေနိုင်ငံသမလိုင်းခန်း၊ ခိုင်ရွှေဝါလမ်း၊ ၁၀/တောင် (၁၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမင်းဆွေ(ခ)ကိုပေါက်

**(ကြည်အေး-မိတ္တူ)**

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၇)၊ ဦးအောင်ဘွင့်လမ်းနေ [ဦးအေးမြင့်(ခ)ဦးအေးဟန်]-ဒေါ်တင်ကြည်တို့၏သားငယ်၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးလှမြင့်-ဒေါ်မေမေခင်)တို့၏ သားသမက်၊ ဒေါ်အေးအေးမိုး(ပြည်တွင်းရေကြောင်း၊ စစ်ဆေးရေးဌာန)၏ ခင်ပွန်း၊ [ဦးအောင်မြင့် (လက်ထောက်ညွှန်ကြားရေးမှူး၊ ဆည်မြောင်း)-ဒေါ်နွဲ့နွဲ့အေး]၊ ဦးခင်ထွန်း-ဒေါ်ဥမ္မာလတ်(အလက-၁၊ပန်းဘဲတန်း)၊ ဦးဝင်းသန်း-ဒေါ်တင်တင်ညို (သက်စံပွဲရုံ)၊ ဒေါ်ခင်မာကြူ၊ ဦးအေးမြင့်-ဒေါ်နွဲ့နွဲ့လွင်၊ (ဦးလွင်ဦး)၊ ဦးစောလွင်မိုး-ဒေါ်ညိုညိုလွင်၊ ဦးစိုးလွင်-(ဒေါ်ဝါဝါနွယ်)၊ ဦးမြသိန်း-ဒေါ်ချိုချိုလွင်၊ ဦးဌေးဝင်း-ဒေါ်ဥမ္မာလွင်တို့၏ ညီ/မောင်၊ ဗလမင်းခိုင် (Third Year Chemistry)၏ဖခင်၊ တူ/တူမ ၁၇ ယောက်တို့၏ ဦးလေးသည် ၃-၆-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ် ၇၊ ဦးအောင်ဘွင့်လမ်း၊ ၂/ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၆-၂၀၁၈ (စနေနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမျိုးမင်းထွန်း (၄၉)နှစ်

**B.A (Myanmar)**

**မြို့မကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ စက်မှု(၁)လမ်း၊ တိုက်အမှတ်(၃၅၃)၊ အခန်း(၁၇)၊ သုံးလွှာ (ရေစက်အနီး)နေ (ဦးဟန်ထွန်း)-ဒေါ်ရီရီထွန်းတို့၏ သားလတ်၊ ဦးဝင်းရွှေ-ဒေါ်ခင်ဆန်းတို့၏သားသမက်၊ ဦးဇော်ထွန်းဦး-ဒေါ်ခင်မိုးကလျာဦး၊ ဒေါ်ခင်မာလာထွန်း၊ ဒေါ်လဲ့လဲ့ထွန်း-ဦးတိုးအေး၊ ဦးရဲမင်းထွန်း-ဒေါ်ချောစန္ဒာဖေ၊ ဦးလွန်းကြင်-ဒေါ်ဖြူနုငယ်၊ ဦးမျိုးမင်းသိန်း-ဒေါ်ဘိုဘိုဆန်းတို့၏ ချစ်လှစွာသော ညီ/မောင်၊ ဒေါ်နုနုထွေး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ထွဋ်အောင်ဝေ၊ မမြတ်မျိုးသခင်တို့၏ချစ်လှစွာသောဖခင်၊ တူ/တူမ လေးယောက်တို့၏ ဦးလေးသည် ၃-၆-၂၀၁၈ ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါက်တာတင်လှိုင်(အုတ်ဖို)

**အသက်(၈၇)နှစ်**

**ရေကြောင်းပညာ သိပ္ပံကျောင်းအုပ်ကြီး(ငြိမ်း)**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ်(၁၂)နေ (သစ်တောအရေးပိုင်မင်းဦးဘသော်-ဒေါ်ခင်နွဲ့)တို့၏ သား၊ ဒေါ်တင့်တင့်၏ခင်ပွန်း၊ (ဦးမြင့်စိုး)၊ (ဦးညွန့်ရွှေ-ဒေါ်မြသန်း)၊ (ဦးလှရွှေ-ဒေါ်တင်တင်စိန်)၊ (ဦးညွန့်မောင်)-ဒေါ်စန်းကြည်၊ ဦးဝင်းကြည်-ဒေါ်လှရီ၊ (ဦးတင်မောင်လေး)-ဒေါ်တင်ကြည်ကြည်တို့၏ ညီ/မောင်၊ (ဦးအေးချို)-ဒေါ်တင်တင်ရွှေ၊ ဒေါက်တာဝင်းမော်-ဒေါ်ခင်သစ်ဆွေ တို့၏ အစ်ကို သည် ၃-၆-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၁း၃၂နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၉-၆-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှခိုင်

**အသက်(၇၉)နှစ်**

**(မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ရွှေပုဇွန်လမ်း၊ အမှတ်(၃၄၄)နေ (ဦးကာ-ဒေါ်သိုင်းဟန်)တို့၏သား၊ (ဦးစံရွှေ-ဒေါ်အေးစို)တို့၏ သားသမက်၊ ဒေါ်တင်လှိုင်၊ ဒေါ်ချို၊ ဒေါ်ကြည်၊ ဒေါ်စိုတို့၏ အစ်ကိုကြီး၊ ဒေါ်နီနီ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်အေးအေးမော်၊ ဒေါ်ဥမ္မာခိုင်၊ ဒေါ်စိမ်းလဲ့လဲ့ခိုင်၊ ဦးဝေမျိုးလင်း-ဒေါ်မြတ်သူဇာတို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၂-၆-၂၀၁၈ (စနေနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၈-၆-၂၀၁၈ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မိမိကို (၇၃)နှစ်

**အလက-၁၊ အလက-၃၊ အလက-၆၊ အင်းစိန်**

**အလယ်တန်းပြဆရာမ (ငြိမ်း)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မင်းကြီးလမ်း၊ အမှတ် (၃၀၄)နေ (ဦးမောင်ကို-ဒေါ်ငွေငွေ)တို့၏ သမီး၊ (ဦးဘရီ-ဒေါ်မြညွန့်)တို့၏ သမီးချွေးမ၊ ဦးသန်းအေး၏ဇနီး၊ ဒေါ်မိုးမိုးစန္ဒာ (Di Shang Kenny Co.,)၊ ဦးအောင်သန်းဦး၊ ဒေါ်ထက်ထက်အေး(ထ-၆၊ အင်းစိန်)တို့၏ ချစ်လှစွာသောမိခင်၊ မဆုဝတီနွယ် (ထ-၂၊ အင်းစိန်)၊ မောင်ရဲရင့်မောင်မောင် (မ-၃၊ အင်းစိန်)တို့၏အဘွားသည် ၂-၆-၂၀၁၈ (စနေနေ့) ညနေ ၅း၃၅နာရီတွင် အင်းစိန်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၈ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၆-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယိကာမကြီး**

## ဒေါ်သိန်းနုတင် (ကျောက်ဖြူ)

**အသက်(၇၁)နှစ်**

**(အရှေ့ဘက်မော်ရွာ/လေးတောင်တိုက်နယ်)**

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်တိုက်နယ် အရှေ့ဘက်မော်ရွာနေ (ဦးဦးထွန်းစိန်-ဒေါ်မသိန်းဖြူ)တို့၏သမီးကြီး၊ အမှတ်(၁)၊ မင်္ဂလာသိဒ္ဓိလမ်း၊ ဆရာစံတောင်စံပြရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးဘိုးမြ (ကုန်သွယ်ရေး-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးစံကျော်-ဒေါ်သန်းစိန်၊ ရန်ကုန်မြို့နေ ဦးဝေကျော်အောင်-ဒေါ်မြရင်၊ ဦးလှရွှေ-ဒေါ်တင်ငွေတို့၏ အစ်မ၊ ဦးသန်းဦး-ဒေါ်မြင့်မြင့်သိန်း၊ ဦးတင်မောင်မြင့်-ဒေါ်မအေးရီတို့၏မိခင်၊ မအေးငြိမ်းမြ၊ မောင်နိုင်သူအောင်တို့၏ အဘွားသည် ၃-၆-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၉း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၈ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၆-၂၀၁၈ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါ်သောင်းတင်(ခ)

**ဒေါ်စတယ်လာ (၇၇)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ သာယာအေး (၁)လမ်း၊ အမှတ်(၁၃၆၆/က)၊ ဟသ်္သာမြိုင်ခြံနေ မွန်နှစ်ခြင်းအသင်းတော် အင်းစိန်၏ လက်ထောက်သင်းအုပ်ဆရာ Rev. ဦးနိုင်မွန်ချောလွင်၏ ချစ်လှစွာသောဇနီး၊ ဒေါ်စုစုလွင်၊ ဦးဇော်ထွန်း၊ Rev.ဦးနိုင်မြသီ၊ ဦးဌေးလွင်၊ ဦးစိုးညွန့်၊ ဒေါ်အေးအေးသီ၊ ဒေါ်သူဇာသောင်း၊ ဒေါ်မာလာသောင်း၊ ဒေါ်ဥမ္မာသောင်း၊ ဦးအောင်ကျော်သောင်း၊ ဒေါ်သဇင်သောင်း၊ ဦးအောင်ဇော်သောင်း၊ ဦးမင်းမင်းသောင်း၊ ဦးအောင်မျိုးသန့်၊ ဒေါ်သန္တာလွင်တို့၏ ချစ်လှစွာသောအဒေါ်၊ မြေး ၁၁ ယောက်တို့၏အဘွား ဒေါ်သောင်းတင်(ခ)ဒေါ်စတယ်လာသည် ၃-၆-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၃ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၆-၂၀၁၈(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် မွန်နှစ်ခြင်းအသင်းတော် အင်းစိန်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ် သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါ်သောင်းတင်(ခ)

**ဒေါ်စတယ်လာ (၇၇)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ သာယာအေး (၁)လမ်း၊ အမှတ်(၁၃၆၆/က)၊ ဟသ်္သာမြိုင်ခြံနေ (ဦးရွှေသောင်း-ဒေါ်ရွှေဖုန်း) တို့၏ သမီး၊ ဦးဖိုးအုံ-(ဒေါ်လွန်းအောင်) တို့၏ သမီးချွေးမ၊ (ဒေါ်မြကြည်၊ ဒေါ်သောင်းရွှေ၊ ဒေါ်သောင်းငွေ)တို့၏ ညီမ၊ (ဦးခင်မောင်သောင်း)၏ အစ်မ၊ ဒေါ်သူဇာသောင်း၊ ဒေါ်အေးအေးသီ၊ ဒေါ်သဇင်သောင်း-ဦးသက်ဦးမောင်တို့၏ အဒေါ်၊ မောင်သန့်ထက်ခန့် (Samuel)၊ မောင်သုတသန့်တို့၏ ချစ်လှစွာသောအဘွား၊ Rev.ဦးနိုင်မွန်ချောလွင် (လက်ထောက်သင်းအုပ်ဆရာ) မွန်နှစ်ခြင်းအသင်းတော် အင်းစိန်၏ ချစ်လှစွာသောဇနီး ဒေါ်သောင်းတင်(ခ)ဒေါ်စတယ်လာသည် ၃-၆-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၃ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၆-၂၀၁၈ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် မွန်နှစ်ခြင်းအသင်းတော်အင်းစိန်၌ ဝတ်ပြုဆုတောင်းပြီး၊ ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ရန်ကုန်-ဒလ မြစ်ကူးတံတား အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး ပြည်သူများနှင့် ဆွေးနွေး


ကိုရီးယား-မြန်မာချစ်ကြည်ရေး ရန်ကုန်-ဒလ မြစ်ကူးတံတားတည်ဆောက်မည့် ဒီဇိုင်းပုံစံငယ်ကို တွေ့ရစဉ်။

**ရန်ကုန် ဇွန် ၃**

ကိုရီးယား-မြန်မာချစ်ကြည်ရေး ရန်ကုန်-ဒလ မြစ်ကူးတံတားကြီး အမြန်ဆုံးအကောင်အထည်ဖော် တည်ဆောက်ပေးနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေးခြင်းကို ယနေ့ မွန်းတည့် ၁၂ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမာကသွယ်ရပ်ကွက် မဟာသုမနာရာမကျောင်းတိုက်၌ ကျင်းပသည်။

ကိုရီးယား-မြန်မာ ချစ်ကြည်ရေး ဒလတံတား တည်ဆောက်မည့်အစီအစဉ် နှောင့်နှေးကြန့်ကြာမှုနှင့် ပတ်သက်၍ ဒေသခံပြည်သူများ သိရှိလိုသည့် အကြောင်းအရာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးက ရှင်းလင်းပြောကြားခဲ့ရာ "ကိုရီးယား-မြန်မာ ချစ်ကြည်ရေး ဒလတံတားကို ၂၀၁၅ ခုနှစ် မေ ၁၉ ရက်တွင် နိုင်ငံတော်သမ္မတက ဒလတံတား တည်ဆောက်ရေးစီမံကိန်းကို ကိုရီးယား EDCF ချေးငွေရရှိမှု အကောင်အထည်ဖော်ဆောင်ရွက်ရန် အဆိုပြုမှုအား ပြည်ထောင်စုလွှတ်တော်သို့ပေးပို့ခဲ့ရာ ၂၀၁၅ ခုနှစ် မေ ၂၈ ရက်တွင် ကျင်းပသည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၏ ၅၁ ရက်မြောက်နေ့၌ ဒလတံတားတည်ဆောက်ရေးစီမံကိန်းအား ကိုရီးယား EDCF ချေးငွေရယူ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် **စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**

# တောင်ကျရေ စီးဆင်းဝင်ရောက်မှုကြောင့် နမ့်လန်၌ ရေလွှမ်းမှုဖြစ်


**မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေစီးဝင်လာမှုကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် နမ့်လန်ကျေးရွာတွင် လမ်းပေါ်ရေလွှမ်းမှုဖြစ်ပွားနေသည်ကို တွေ့ရစဉ်။**

**သီပေါ ဇွန် ၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်ကျေးရွာ၌ ဇွန် ၁ ရက်နှင့် ၂ ရက်တို့က မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် တောင်ကျရေ စီးဆင်းဝင်ရောက်မှုကြောင့် အနိမ့်ပိုင်းရပ်ကွက်များရှိ နေအိမ်များ၊ လမ်းနှင့် ဘုန်းတော်ကြီးကျောင်းအချို့ ယနေ့ထိ ရေနစ်မြုပ်လျက်ရှိသည်။

အဆိုပါမိုးရွာသွန်းမှုနှင့် တောင်ကျရေစီးဆင်းလာမှုကြောင့် အနိမ့်ပိုင်းရပ်ကွက်များဖြစ်ကြသော မြို့လယ်ရပ်၊ မြောက်ပိုင်းရပ်၊ စိန်ပန်းရပ်၊ ပန်ဆင်ရပ်၊ ဘုရားကြီးကွင်းနှင့် ကားလမ်းအချို့ ရေနစ်မြုပ်ခဲ့သည်။ လူနေအိမ်အချို့နှင့် မြို့လယ်ကျောင်းတိုက်၏ အနိမ့်ပိုင်းတို့တွင်လည်း ရေလွှမ်းမိုးခဲ့သည်။ ရေလွှမ်းမှုကြောင့် လူ၊ တိရစ္ဆာန်ထိခိုက်သေဆုံးမှုမရှိသော်လည်း နမ့်လန်နှင့် ခိုဟတ်ရွာအကြား၌ အိမ်စီးမော်တော်ယာဉ်တစ်စီးနှင့် ဆိုင်ကယ်တစ်စီးတို့ တောင်ကျရေတွင် မျောပါသွားခဲ့ကြောင်း၊ ယခုရေကြီးရေလွှမ်းမှုမှာ အများဆုံးဖြစ်ပြီး လမ်းများပေါ်တွင် စက်တပ်ယာဉ်များ ခက်ခဲစွာမောင်းနှင်သွားလာခဲ့ရကြောင်း နမ့်လန်ဒေသခံများ၏ ပြောပြချက်အရ သိရသည်။ **သီပေါကိုလတ်**

# MNL ပြိုင်ပွဲ ပွဲစဉ် (၁၄)တွင် အသင်းကြီးအများစု အနိုင်ရ

**ရန်ကုန် ဇွန် ၃**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၄)ကို ဇွန် ၂ ရက်နှင့် ၃ ရက်က ကျင်းပရာ ရန်ကုန်၊ ရတနာပုံ၊ ဟံသာဝတီ၊ Southern နှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းတို့ အနိုင်ရခဲ့သည်။

**(မော်လမြိုင်ကွင်း)**
**Southern -သုံးဂိုး**
**ဇွဲကပင် -တစ်ဂိုး**

ခြေစွမ်းမတည်ငြိမ်သေးသည့် ဇွဲကပင်အသင်းသည် အဝေးကွင်း၌ မထင်မှတ်ဘဲ ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီး အဆင့် (၅)အတွင်းမှ အသင်းများအား ဖိအားပေးနိုင်မည့် အခွင့်အရေးလက်လွှတ်ခဲ့ရသည်။ Southern အသင်းသည် အိမ်ကွင်း၌ ပုံစံကောင်းပြသနိုင်ခဲ့ပြီး နှစ်ပွဲဆက် အနိုင်ရခဲ့သည်။

Southern အသင်းသည် အိမ်ကွင်း၌ အနိုင်ရရန် လူစုံထုတ်ကစားခဲ့ပြီး ဇွဲကပင်အသင်းတွင်မူ ပွဲပယ်ခံထားရသည့် တိုက်စစ်မှူး သန်းထက်အောင်နှင့် နောက်ခံလူ ဝက်စ်တို့မှလွဲ၍ လူစုံပါဝင်ခဲ့သော်လည်း လိုအပ်ချက်များရှိနေပြီး အဝေးကွင်း၌ ရှုံးနိမ့်ခဲ့ရသည်။ Southern အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၃ မိနစ်တွင် အောင်မိုး၏ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍**

